EVERY MONDAY

# မြစ်ကြီးနားသတင်း ဂျာနယ်

၂၀၁၈ ၊ ၂၀၁၉ လှည့်ကြည့်ခြင်း

၂၀၁၄ မတ် ၂၉ တွင် စတင်ထုတ်ဝေသည်

အတွဲ (၆)၊ အမှတ် (၁) “ကချင်ပြည်နယ်၏ ပထမဦးဆုံး လွတ်လပ်သော သတင်းစာ” ( ဇန်နဝါရီ ၁၄ ၊ ၂၀၁၉ )



“ ဒီ တရုတ်ငှက်ပျော စိုက်တာဟာ နိုင်ငံသိမ်း မဟာဗျူဟာဖြစ်တယ်။ ဒီလို နိုင်ငံသိမ်းမဟာဗျူဟာ အစပျိုးခြင်းဟာ ဝိုင်းမော်မှာရှိတဲ့ ဆင်ခြေဖုံးမြို့နယ်တွေကို အလိုလို သိမ်းပိုက်ထားပြီးပြီ။ နောင် ဖြစ်လာနိုင်တာ မဟုတ်ဘူး အခုကို ဖြစ်နေတာ ”

စာ - ၈ သို့ »



## “ ဖက်ဒရယ်ပြည်ထောင်စုဖြစ်ရေး အစိုးရနှင့်ပြည်သူ ဝိုင်းဝန်းကြိုးစားရန် လိုအပ်ပြီး အစိုးရတစ်ခုတည်းကို အားကိုးခြင်းသည် ဒီမိုကရေစီ မဆန် ”

စာ - ၃၊ ၄ သို့ »

## ကိုယ်လက် မသန်စွမ်းလူနာများနှင့် အရိုးရောဂါလူနာများကို အခမဲ့ ခွဲစိတ်ကြည့်ရှုကုသပေးမည်

စာ - ၁၇ သို့ »

## ဝိုင်းမော်မြို့နယ်တွင် ပထမဆုံးအကြိမ်အဖြစ် လက်လုပ်လက်စား ရွှေတူးဖော်ခွင့်ပြု

စာ - ၆ သို့ »

## ဝါးနှင့်ကြိမ် အသုံးပြုပြီး အခြေခံလက်မှုထည် ပြုလုပ်နည်း သင်တန်း အခမဲ့ဖွင့်လှစ်မည်

စာ - ၁၇ သို့ »



# မြေစာပင်တို့ ရန်းထချိန်

မွန်းမွန်းပန် ရေးသားသည်

တစ်ချိန်က တရုတ်ပြည်နယ်စပ် လိုင်ဇာနှင့် ဗန်းမော်မြို့များသို့ သွားရာလမ်းပေါ်တွင် တည်ရှိသော ဝိုင်းမော်မြို့နယ်ရှိ နန်ဆန်ယန်ကျေးရွာတွင် ထမင်းဆိုင်များ၊ စားသောက်ဆိုင်များနှင့် ခရီးသွားများ တစ်ထောက်နားရာ စည်ကားသိုက်မြိုက်လှသော ရွာလေးတစ်ခု ဖြစ်ခဲ့သည်။

၂၀၁၁ ခုနှစ်တွင်တော့ ထိုကျေးရွာနှင့် အလှမ်းမဝေးလွန်းလှသည့် မြို့သစ်ကျေးရွာအနီး ပြန်လည်ဖြစ်ပွားလာသည့် တိုက်ပွဲများက ရွာအနီး ကူးစက်လာသဖြင့် ရွာလုံးကျွတ်ထွက်ပြေးတိမ်းရှောင်လာခဲ့ကြရသည်။

၇ နှစ်ဆိုသည့် ကာလတစ်ခုပင် ကျော်လွန်ခဲ့လေပြီ။ ရွာလေးတွင် နေထိုင်သူကင်းမဲ့ပြီး သုသာန်တစပြင်ကြီးသဖွယ် တိတ်ဆိတ်ခြောက်သွေ့နေသည်။ လမ်းဘေးဝဲယာတွင် တည်ဆောက်ထားသော အိမ်ဝင်းများထဲ၌ ပေါင်းပင်၊ မြက်ပင်များ ကြီးစိုးကာ အိမ်များကိုပင် မမြင်ရတော့ပေ။

စာ - ၁၂ သို့ »

၂၀၀၇-ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ



မောင်ဇင်လင်း(မနတ-၉၈၃)
ရမှတ်ပေါင်း-၅၅၇ မှတ်
အထက-၁၄
ဘာသာစုံဂုဏ်ထူးရှင်
မြန်မာတစ်နိုင်ငံလုံး ပထမ

၂၀၁၅-၂၀၁၆ ခုနှစ်အတွက်
"ရတနာပုံ" ပညာရေးဆိုင်ရာ ထူးချွန်ဆုရ
ELC
PRIVATE HIGH SCHOOL
Mandalay
ELC
ကိုယ်ပိုင်အထက်တန်းကျောင်း မန္တလေး

၂၀၀၇-ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ



မသီသီထွေး(မရတ-၄၄၃)
ရမှတ်ပေါင်း-၅၅၇ မှတ်
အထက-၁၃
ဘာသာစုံဂုဏ်ထူးရှင်
မြန်မာတစ်နိုင်ငံလုံး ပထမ

၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ

ဘာသာစုံဂုဏ်ထူးရှင် နှင့် (၅)ဘာသာ ဂုဏ်ထူးရှင်များ



| | | |
|---|---|---|
| 6D | မြသဲမွန်ဖူး | မနတ-၁၅၅၂ (မန္တလေး) |
| 6D | ယုကလျာ | မနတ-၁၅၇၇ (သပိတ်ကျင်း) |
| 6D | အိမွန်ဖြူ | မနတ-၁၅၅၇ (မန္တလေး) |
| 6D | ဝေယံကျော် | မနတ-၁၅၀၁ (မန္တလေး) |
| 5D | မင်းခန့်ကျော် | မနတ-၁၅၀၃ (ကန့်ဘလူ) |
| 5D | အောင်မျိုးကျော် | မနတ-၁၅၀၉ (ကျောက်ဆည်) |
| 5D | ထားမြတ်စန္ဒီအောင် | မနတ-၁၅၉၈ (တောင်ကြီး) |
| 5D | ထက်ရွှေစင်ဝင်း | မနတ-၁၅၈၂ (မန္တလေး) |

အမှတ်(၂၄၁)၊ ၃၁လမ်း၊ ၈၃×၈၄လမ်းကြား၊ မန္တလေးမြို့။ Ph:02-4068091, 02-4073926, 02-4031121

အောင်မြင်မှုမှတ်တမ်း

| | စုစုပေါင်း | ဇီဝ | ဘောဂ |
|---|---|---|---|
| ဖြေဆိုသူ | ၁၆၈ ဦး | ၁၁၄ ဦး | ၅၄ ဦး |
| အောင်မြင်သူ | ၁၅၃ ဦး | ၁၁၁ ဦး | ၄၂ ဦး |
| ဂုဏ်ထူးဖြင့်အောင်မြင်သူ | ၆၈ ဦး | ၅၉ ဦး | ၉ ဦး |
| ရိုးရိုးအောင်မြင်သူ | ၈၅ ဦး | ၅၂ ဦး | ၃၃ ဦး |
| ကျရှုံးသူ | ၁၅ ဦး | ၃ ဦး | ၁၂ ဦး |
| အောင်ချက်ရာခိုင်နှုန်း | ၉၁.၀၇% | ၉၇.၃၆% | ၇၇.၇၇% |

ဂုဏ်ထူးရဦးရေ

| | |
|---|---|
| ၆ ဘာသာဂုဏ်ထူးရှင် | ၄ ဦး |
| ၅ ဘာသာဂုဏ်ထူးရှင် | ၄ ဦး |
| ၄ ဘာသာဂုဏ်ထူးရှင် | ၁၃ ဦး |
| ၃ ဘာသာဂုဏ်ထူးရှင် | ၉ ဦး |
| ၂ ဘာသာဂုဏ်ထူးရှင် | ၁၆ ဦး |
| ၁ ဘာသာဂုဏ်ထူးရှင် | ၂၂ ဦး |

| | |
|---|---|
| မြန်မာစာ | ၈ ဦး |
| အင်္ဂလိပ်စာ | ၇ ဦး |
| သင်္ချာ | ၄၇ ဦး |
| ဓာတု | ၄၅ ဦး |
| ရူပ | ၃၃ ဦး |
| ဇီဝ | ၃၁ ဦး |
| ဘောဂ | ၆ ဦး |

ကချင်ပြည်နယ်မှ ဂုဏ်ထူးရှင်များ



| | | |
|---|---|---|
| 4D | မထက်ထက်အောင် | သ ၊ ဓ ၊ ရ ၊ ဇ မြစ်ကြီးနား |
| 4D | မောင်နန္ဒထင်ဇော် | သ ၊ ဓ ၊ ရ ၊ ဇ ဆိတ်မူ |
| 4D | မဥမ္မာထက် | သ ၊ ဓ ၊ ရ ၊ ဇ ဖားကန့် |
| 4D | မောင်ဟိန်းထက်ဝင်း | သ ၊ ဓ ၊ ရ ၊ ဇ ဖားကန့် |
| 4D | မရွှေလမင်းအိမ် | သ ၊ ဓ ၊ ရ ၊ ဇ ဆိုင်းတောင် |
| 3D | မောင်ကောင်းဇော်ဟိန်း | ဓ ၊ ရ ၊ ဇ ဆိုင်းတောင် |
| 2D | မောင်ကျော်သူရ | သ ၊ ဘ ပိုင်းမော် |
| 2D | မောင်စစ်မင်းဟန် | သ ၊ ဓ ပေါင်းပြင် |
| 2D | မနန်းစုစုခိုင် | ဓ ၊ ဇ နောင်ပိုအာင် |
| 1D | မောင်ကြီးမြတ်သူရိန် | သ ဆိတ်မူ |

အောင်ချက်ရာခိုင်နှုန်း
91.07%

50 Anniversary

# မြစ်ကြီးနားမြို့
## အ.ထ.က(၅) (ယခင်စိန်ပေါလ်၊ အ.လ.က –၂ )ကျောင်း၏
## နှစ်(၅၀)ပြည့် ရွှေရတုကျေးဇူးတော်ချီးမွမ်းပွဲနှင့် ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲ

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ အထက(၅)၊ (ယခင်စိန်ပေါလ်၊ အလက - ၂)ကျောင်း၏နှစ်(၅၀)ပြည့် ရွှေရတုကျေးဇူးတော်ချီးမွမ်းပွဲနှင့် ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂-၂-၂၀၁၉ ရက် (စနေနေ့)တွင်စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်ပါသဖြင့် ပင်စင်စား ဆရာကြီး၊ ဆရာမကြီးများ ဖိတ်စာရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ ပူဇော်ကန်တော့ခံရန်နှင့် ကျေးဇူးတော်ချီးမွမ်းပွဲသို့ ကြွရောက်ချီးမြှင့်ပေးနိုင်ပါရန် ကျင်းပရေးကော်မတီမှ ရိုသေလေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။ ကျောင်းသား/သူဟောင်းများလည်း ပါဝင်တက်ရောက်နိုင်ပါကြောင်းနှင့် အောက်ပါပုဂ္ဂိုလ်များထံ အလှူငွေများ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း ကျင်းပရေးကော်မတီမှ လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ကျင်းပရေးကော်မတီ**

ဒေါက်တာဦးမိတုံတိန့်ယိန်း (၀၉-၇၉၇၅၆၈၉၀၈) ၊ ဦးလဝေ့တူးအောင် (၀၉-၂၅၇၃၁၈၁၈၀)
ဦးဇွေလပ်တိန့်ယိန်း (၀၉-၇၉၀၇၄၇၇၂၄၄)




မျိုးဆက်သစ် (AirCon Express) NEW GENERATION EXPRESS

အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး

မြစ်ကြီးနား ⇄ မိုးကောင်း ⇄ ဟိုပင် ⇄ မိုးညှင်း ⇄ ရန်ကုန်



မြစ်ကြီးနားမှ နံနက် ၁၀:၀၀ | ရန်ကုန်မှ နံနက် ၁၀:၀၀ | နေ့စဉ်ပုံမှန် ၂ ကြိမ်
မြစ်ကြီးနားမှ ညနေ ၃:၀၀ | ရန်ကုန်မှ ညနေ ၄:၀၀ | ပြေးဆွဲပေးနေပါသည်

မြစ်ကြီးနားမြို့ပေါ်တွင်း ခရီးသည်ကြိုပို့နှင့် တန်ဆာပစ္စည်းအရောက်ပို့ စနစ်ဖြင့် ဝန်ဆောင်မှုပေးနေပါသည်

ဆက်သွယ်ရန် - ရွှေလမ်းမကြီး၊ လမ်းသွယ် (၁၀)၊ မြစ်ဈားရာ အဝေးပြေးယာဉ်ရပ်နားစခန်း၊ အစန်းနံပါတ် (၁၅) မြစ်ကြီးနားမြို့။

မြစ်ကြီးနား 09-440064211,09-440064288,09-456469223
မိုးကောင်း 09-264145613,09-42465070,09-454097368
ဟိုပင် 09-766577944,09-258029160, 09-796517743
မိုးညှင်း 09-400053210, 09-790215384
ရန်ကုန် (အောင်မင်္ဂလာ) 09-450549991,09-450549992, 09-450549993, 09-459261688
ရန်ကုန် (စမ်းချောင်း) 01-510921, 09-421087976, 09799654210
ရန်ကုန် (အောင်ဆန်းကွင်း) 09-453196492, 09-453196493

လက်မှတ်အရောင်းဆိုင်နှင့် တန်ဆာပစ္စည်း လက်ခံဌာန
အမှတ် (၈၇) ၊ မင်းရပ်ရပ်ကွက်၊ ဘူတာကြီးရှေ့၊ မြစ်ကြီးနား
Ph: 09-404895206, 09-404895207

VIP 2+1 အထူးကားကြီးများဖြင့်သာ ပြေးဆွဲပေးလျက်ရှိပါသည်။

# ဖက်ဒရယ်ပြည်ထောင်စုဖြစ်ရေး အစိုးရနှင့်ပြည်သူ ဝိုင်းဝန်းကြိုးစားရန် လိုအပ်ပြီး အစိုးရတစ်ခုတည်းကို အားကိုးခြင်းသည် ဒီမိုကရေစီ မဆန်ဟု ဒေါ်အောင်ဆန်းစုကြည် ပြောကြား



ဇန်နဝါရီ ၁၀

ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ကျရောက်သည့် ၇၁ နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ်ပွဲတော်ကို မြစ်ကြီးနားမြို့၊ စီတာပူ မနောင်ကွင်း၌ ဇန်နဝါရီ ၁၀ ရက်နေ့မှ ၁၂ ရက်အထိ ကျင်းပခဲ့သည်။

အဆိုပါ အထိမ်းအမှတ်ပွဲကို ကချင်ပြည်နယ်အစိုးရအဖွဲ့မှကြီးမှူး၍ မြန်မာနိုင်ငံ ကချင်လူမျိုးရိုးရာယဉ်ကျေးမှုအသင်း ဗဟိုကော်မတီမှ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းသို့ ကျင်းပပြုလုပ်ရခြင်းမှာ ကချင်ပြည်နယ်တွင် နေထိုင်သည့် တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး၏ စည်းလုံးညီညွတ်မှုကို ပြသသည့်အနေဖြင့် ကျင်းပပြုလုပ်ရခြင်း ဖြစ်ကြောင်း ရဝမ်စာပေနှင့် ယဉ်ကျေးမှုအသင်းမှ ဦးကောနထင်လောန်က ပြောသည်။

"အခုလို ကျင်းပဖြစ်တဲ့အတွက် ကချင်ပြည်နယ်သားတယောက်အနေနဲ့ရော ရဝမ်အမျိုးသားတယောက်အနေနဲ့ရော ကျေနပ်ပါတယ်"ဟု ၎င်းကပြောသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၊ နိုင်ငံတော်သမ္မတကလည်း ၇၁ နှစ်မြောက်ကချင်ပြည်နယ်နေ့အတွက် ဂုဏ်ပြုသဝဏ်လွှာ ပေးပို့ခဲ့ပြီး အဆိုပါ သဝဏ်လွှာတွင် ယခုကဲ့သို့ နေ့ထူးနေ့မြတ်အခမ်းအနားသို့ ဂုဏ်ပြုသဝဏ်လွှာ ပေးပို့ခွင့်ရသည့်အတွက် အထူးဂုဏ်ယူ ဝမ်းမြောက်မိပါကြောင်းနှင့် ကချင်ပြည်နယ်အတွင်း ချစ်ခင်ရင်းနှီးစွာ မှီတင်းနေထိုင်လျက်ရှိသော တိုင်းရင်းသားညီအစ်ကို မောင်နှမများနှင့်တကွ ပြည်ထောင်စုတစ်ဝန်းလုံးတွင် ရှိကြသည့် မိဘပြည်သူများအားလုံး ကောင်းကျိုးချမ်းသာ မင်္ဂလာအဖြာဖြာနှင့် ပြည့်စုံကြပါစေကြောင်း နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ လျှောက်လှမ်းနေသည့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး ခရီးလမ်းပေါ်တွင် ကချင်ပြည်နယ်အတွင်း မှီတင်းနေထိုင်လျက်ရှိသည့် တိုင်းရင်းသားများ အားလုံးက ခိုင်မာသည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် စုစည်းညီညွတ်စွာ၊ တွဲလက်မြဲမြဲကာ ကြိုးပမ်းအကောင်အထည်ဖော်သွားကြရန် အလေးအနက် တိုက်တွန်းနှိုးဆော်လိုက်ကြောင်း ပါဝင်ပြီး ၎င်းသဝဏ်လွှာကို ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ဖတ်ကြားခဲ့သည်။

အဆိုပါ ကချင်ပြည်နယ်နေ့ အထိမ်းအမှတ်ပွဲတော်သို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်လည်း တက်ရောက်ခဲ့ကာ ၎င်းက မိမိကိုယ်မိမိ အားကိုးစေနိုင်သည့် အစွမ်းဓာတ်များကို မွေးမြူဖို့ဆိုတာ ပြည်ထောင်စု တိုင်းရင်းသားအားလုံး၏ တာဝန်ဖြစ်ကြောင်းနှင့် ဦးဆောင်မှုပေးသည့် သူများသည် ကိုယ် ဦးဆောင်မှုပေးမည့်လူများ ကိုယ့်ရဲ့ သစ္စာတရားအပေါ် ယုံကြည်အောင် လုပ်ရမည်သာမက ကတိလည်း တည်ရမည်ဖြစ်ကြောင်းနှင့် ပြည်သူအားလုံးလိုလားသည့် စစ်မှန်သော ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ဖြစ်လာစေရန် နိုင်ငံတော်အစိုးရနှင့် ပြည်သူအားလုံးက ဝိုင်းဝန်းကြိုးစားသွားရန် လိုအပ်ပြီး အစိုးရတစ်ခုတည်းကိုပဲ အားကိုးခြင်းသည် ဒီမိုကရေစီမဆန်ကြောင်း အခမ်းအနားတွင် ပြောကြားခဲ့သည်။

ပထမဆုံးကျင်းပခဲ့သည့် ကချင်ပြည်နယ်နေ့တွင်နိုင်ငံတော်သမ္မတ စဝ်ရွှေသိုက် တက်ရောက်ခဲ့ပြီး ကချင်ပြည်နယ်နေ့ ပေါ်ပေါက်လာသည်မှာ မြန်မာနိုင်ငံလွတ်လပ်ရေးရသည့်နှစ်နှင့်အတူ ပေါ်ပေါက်လာခြင်း ဖြစ်ကြောင်းတို့ကိုလည်း ထည့်သွင်းပြောကြားခဲ့ကာ ၇၁ နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် ဂုဏ်ပြုမနောင်အက ဆင်နွှဲခြင်း၊ မနောင်ကွင်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ခြင်းကို ဆောင်ရွက်ခဲ့ပြီး ကချင်ပြည်နယ်မှ တိုင်းရင်းသား ပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် မနောင်အကကိုပါဝင်ဆင်နွှဲခဲ့သည်။

ကချင်လူမျိုးများတွင် မနောင်ပွဲ လေးမျိုးရှိပြီး Kumran Manau (အိမ်သားဖြစ်သူ ညီအစ်ကို တစ်ဦးဦးနယ်မြေသစ် တည်ထောင်နေထိုင်သောအချိန်တွင် မဒိုင်နတ်ကို ဝေခြမ်းပင့်ဆောင်ယူသော အထိမ်းအမှတ်ဖြင့် ကျင်းပသောပွဲ)၊ Ju Manau (မကျန်းမာသည့်အခါ ကျင်းပသောပွဲ)၊ Sut Manau (ဆုံးရှုံးခြင်းများကို ပြန်လည်ရရှိရန် ကျင်းပသောပွဲ)၊ Padang Manau (အောင်ပွဲခံသည့်အချိန်တွင် ကျင်းပသောပွဲ) ဆိုသည့် အမျိုးအစား ဖြစ်ကြောင်းနှင့် ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ပြုလုပ်သည့် မနောင်အကသည် ကချင်ပြည်နယ်နေ့အခမ်းအနားကို ဂုဏ်ပြုသောအနေဖြင့် မနောင်အကကိုကခြင်း ဖြစ်ကြောင်း အဘွားအင်ဖန်းဂျာရာက သုံးသပ်ပြောသည်။

"ရှေးရှေးတုန်းက ကျတော့ မကခဲ့ကြဘူး။ ဒါပေမဲ့ ဒီတစ်ခေါက်ကတော့ ကတယ်။ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကိုယ်၌ကလည်း ဖွင့်ပွဲ အခမ်းအနားတွေ၊

စာ - ၄ သို့ »

## Editorial

## အယ်ဒီတာ့အာဘော်

### ထာဝရ 'ငြိမ်းချမ်း' ရေးရဲ့နှစ်သစ်ဦး

မြစ်ကြီးနားသတင်းဂျာနယ်ရဲ့ ပရိသတ်အားလုံး စိတ်ရောကိုယ်ပါ ကျန်းမာ၊ ချမ်းသာ ကုံလုံကြွယ်ဝပြီး "ငြိမ်းချမ်း"တဲ့ နှစ်သစ် ဖြစ်ပါစေလို့ ပထမဆုံး နှုတ်ခွန်းဆက်သလိုက်ပါတယ်။

"ငြိမ်းချမ်း"ဆိုတဲ့စကားရပ်ကို ညွှန်းပါရစေ၊ တကယ်လည်း ဒီ ၂၀၁၉ ခုနှစ်ဟာ ကချင်ပြည်နယ်အတွက် "ငြိမ်းချမ်း" ရေးနဲ့ စဖွင့်လိုက်တာကို တွေ့ရပါတယ်။ အရင့်အရင် နှစ်တွေမှာ ဒီအချိန်ကို ပွင့်လင်းရာသီလို့ သတ်မှတ်ပြီး ပြင်းထန်တဲ့ တိုက်ပွဲတွေ ဆင်နွှဲနေကြမြဲဆိုတာ ပရိသတ်ကြီး အသိပဲ ဖြစ်ပါတယ်။

၂၀၁၈ ဒီဇင်ဘာ ၁၂ ရက်နေ့မှာ မြန်မာနိုင်ငံမြောက်ပိုင်းအဖွဲ့ သုံးဖွဲ့ဖြစ်တဲ့ MNTJP/ PSLF/ ULA တို့ရဲ့ မြန်မာနိုင်ငံ "ငြိမ်းချမ်း"ရေး လုပ်ငန်းစဉ်ကို ရှေ့ဆက်ဆောင်ရွက်နိုင်ဖို့ ထုတ်ပြန်ကြေညာခဲ့တဲ့ သဘောထားအတွက် မြန်မာနိုင်ငံငြိမ်းချမ်းရေးကော်မရှင် FPNCC ကလည်း ဒီအဖွဲ့သုံးဖွဲ့ရဲ့ သဘောထားထုတ်ပြန်ချက်ကို ကြိုဆိုထောက်ခံကြောင်း ကြေညာချက်ကို ထုတ်ပြန်ခဲ့ပါတယ်။

အဲ့ဒီနောက် ဒီဇင်ဘာလ ၂၁ ရက်နေ့မှာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံးကနေပြီး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးနဲ့ ထာဝရ "ငြိမ်းချမ်း"ရေးအတွက် သဘောထားထုတ်ပြန်ခဲ့တာကိုတွေ့ရတော့ ဝမ်းသာခဲ့ရပါတယ်။

ပိုလို့ စိတ်ချမ်းသာခဲ့ရတာကတော့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံးရဲ့ သဘောထားထုတ်ပြန်ချက်ကို တိုင်းရင်းသားလက်နက်ကိုင်များ ဖြစ်ကြတဲ့ 'ဝ' ပြည်နယ်သွေးစည်းညီညွတ်ရေး တပ်မတော်၊ ရှမ်းပြည်နယ် အရှေ့ပိုင်းအထူးဒေသ(၄) ငြိမ်းချမ်းရေးနဲ့ စည်းလုံးရေးကော်မတီ၊ ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ၊ မြောက်ပိုင်းမဟာမိတ်အဖွဲ့၊ ရှမ်းပြည်တိုးတက်ရေးပါတီ ရှမ်းပြည်တပ်မတော်၊ KIO စတဲ့ အဖွဲ့အသီးသီးကလည်း ကြိုဆိုကြောင်း ထုတ်ပြန်ကြေညာချက်တွေ ထုတ်ခဲ့ကြတာကိုပါ။

အကျိုးဆက်ကတော့ တိုက်ပွဲသံ တစ်ခြိမ်းခြိမ်းနဲ့ စစ်ရှောင်ဒုက္ခသည် တစ်သိန်းကျော်ရှိတဲ့ ကချင်ပြည်နယ်မှာ ဒီနေ့ ကြည်နူးစရာကောင်းပြီး မကျင်းပတာ ကြာပြီဖြစ်တဲ့ ကချင်ပြည်နယ်နေ့ကို ဇန်နဝါရီလ ၁၀ ရက်နေ့ ၂၀၁၉ ခုနှစ်မှာ ရိုးရာမနောင်နဲ့အတူ "ငြိမ်းချမ်း" စည်းကားသိုက်မြိုက်စွာ ကျင်းပနေပါပြီ။

သို့သော် ရခိုင်ဒေသနဲ့ ရှမ်းပြည်နယ်ရဲ့ တချို့သောနေရာတွေမှာ "ငြိမ်းချမ်း"မှု မရဘဲ တိုက်ပွဲကြား ပူလောင်နေကြရတာကို မြင်ရကြားရတော့ စိတ်မကောင်း ဖြစ်မိရပြန်ပါတယ်။

MNTJP/MNDAA, PSLF/TNLA, ULA/AA အဖွဲ့သုံးဖွဲ့က ဒီဇင်ဘာ ၂၄ ရက် ၂၀၁၈ ခုနှစ်မှာ ထိုးစစ်ဆင် ပစ်ခတ်တိုက်ခိုက်မှုတွေကို အမှန်တကယ် ရပ်စဲပြီး နိုင်ငံရေးပြဿနာ ဆွေးနွေးအဖြေရှာဖို့ မြန်မာ့တပ်မတော်အနေနဲ့ တစ်နိုင်ငံလုံးအတိုင်းအတာ အပစ်ခတ်ရပ်စဲ ကြေညာသင့်ကြောင်း၊ စစ်ဖြစ်ပွားရာ နေရာတွေကိုသာ ကွက်ကြားအပစ်ရပ်ပြီး ရခိုင်ဒေသကို ချန်လှပ်ထားတာဟာ မြန်မာပြည် "ငြိမ်းချမ်း" ရေးအတွက် ဆက်လက်စိုးရိမ်ဖွယ်ရာဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပါတယ်။ ဒါဟာ စစ်မှန်တဲ့ "ငြိမ်းချမ်း"ရေး မရသေးဘူး ဆိုတာကို ဖော်ညွှန်းတာပါ။

ဒါ့ကြောင့် အမိမြန်မာနိုင်ငံကြီး "ငြိမ်းချမ်း"စည်ပင် ဖွံ့ဖြိုးတိုးတက်နိုင်ဖို့ နိုင်ငံ၊ တပ်မတော်၊ ပါတီ၊ အဖွဲ့အသီးသီးရဲ့ ခေါင်းဆောင်တွေမှာ တာဝန်ရှိပါတယ်။ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ကချင်ပြည်နယ်နေ့မှာ ပြောခဲ့တဲ့အတိုင်း ခေါင်းဆောင်များအားလုံး 'နေ'နဲ့'လ'လို ကျင့်ကြံလုပ်ဆောင်ဖို့ လိုပါတယ်။

ဒါ့ကြောင့် သက်ဆိုင်ရာ ခေါင်းဆောင်များ 'နေ'ကဲ့သို့ အလင်းနဲ့ နွေးထွေးမှု၊ 'လ'ကဲ့သို့ သစ္စာတရား မြန်မာပြည်သားအားလုံးအတွက် ဆောင်ကျဉ်းပေးနိုင်ပြီး ထာဝရ "ငြိမ်းချမ်း" စည်ပင် ဖွံ့ဖြိုးတိုးတက်နိုင်ဖို့ လုပ်ဆောင်ကြပါစို့လို့ မြစ်ကြီးနားသတင်းဂျာနယ်က နှစ်သစ်ဆုတောင်းနဲ့အတူ တိုက်တွန်းလိုက်ရပါတယ်။

မြစ်ကြီးနားသတင်းဂျာနယ်

## မြစ်ကြီးနားသတင်းဂျာနယ်

**အမှုဆောင်အရာရှိချုပ်**
ဘရန်မိုင်၊ ဇော်ခွန်း

**တာဝန်ခံ အယ်ဒီတာ**
ဆိုင်းမိုင်

**အယ်ဒီတာ**
အောင်မျိုးဦး

**စာပြင်**
မြတ်သွေးထက်၊ ဝေဝေ

**သတင်းထောက်**
Salai၊ စည်သူ၊ မွန်းမွန်းပန်၊ အက်စတာ၊ ဆိုင်းလတ်အောင်၊

**အငယ်တန်းသတင်းထောက်**
PH ဘရန်ဂျာ၊ Ah Je (လပတ်)၊ မျိုးမြတ်မြတ်ပန်၊ ဂျာစင်မိုင်(Ann)၊ ထုဆန် (Benadeth)

**နယ်သတင်းထောက်**
သန်းထွန်းအောင်၊

**ဗွီဒီယို တည်းဖြတ်**
ဇင်မင်း

**ကွန်ပျူတာစာစီ**
ဝေဝေအောင်

**ဂရပ်ဖစ်ဒီဇိုင်း၊ သတင်းစာဒီဇိုင်း**
La Tawng

**မြစ်ကြီးနားရုံးတာဝန်ခံ**
နိုနိုထက်နိုင်

**မိုးညှင်းရုံးတာဝန်ခံ**
နန်ဂျာ

**စာရင်းကိုင်**
နန်အောင်၊ ဘောက်ဂျာ

**စီးပွားရေးတာဝန်ခံ**
အိဇင်ဖြိုး၊ ဂျာစင်

**ဖြန့်ချိရေးတာဝန်ခံ**
ဇော်ထုန်

**တန်ဖိုး**
၅၀၀ ကျပ်

**ဖလင်**
KING

**ထုတ်ဝေသူ**
ဒေါ်ရွှေယဉ်
မှတ်ပုံတင်အမှတ်- ၀၀၀၀၉(မြ)

**ပုံနှိပ်တိုက်**
ရွှေကျား (၀၀၅၇၁)

**ဆက်သွယ်ရန်**
အမှတ်(၁၆၄)၊ အင်ဂျန်ဒုံတောင်၊ တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့။
ဖုန်း - ၀၉ - ၂၅၉၀၇၇၄၁၅
၀၉ - ၂၅၆၃၆၀၂၇၄
၀၉ - ၄၂၀၀၈၅၉၂၈
www.myitkyinanewsjournal.com
myitkyinanewsjournal@gmail.com
facebook.com/myitkyinanewsjournal.mm

ဤပုံနှိပ်မှတ်တမ်းတွင် ဖော်ပြထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ်၏ တာဝန်ရှိသူများဖြစ်သည်။ မြစ်ကြီးနားသတင်းဂျာနယ်တွင် ဖော်ပြပါရှိသော သတင်းများအတွက် ငွေကြေးသော်လည်းကောင်း၊ တံစိုးလက်ဆောင်သော်လည်းကောင်း၊ လက်ခံရယူခြင်းကို ဤမှတ်တမ်းပါ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ခွင့်မပြုပါ။ မြစ်ကြီးနားသတင်းဂျာနယ် ရင်ထိုးတပ်ဆင်ထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ် သတင်းထောက်ဖြစ်ပါသည်။

ကတဲ့ အစီအစဉ်တွေမှာ ပါဝင်ခဲ့တယ်။ ဒါကလည်း ကောင်းသောအမြင် ရှိတာပေါ့လေ”ဟု ၎င်းက ပြောသည်။

မနောင်အကသည် ဝိပြင်တိကျ လှပသည့်ရိုးရာအက ထုံးတမ်းစဉ်လာတစ်ခု ဖြစ်သောကြောင့် ကျိုးသွား၊ ပြတ်သွားခြင်းမဖြစ်ရန် လိုအပ်ကြောင်းနှင့် ယခုနှစ် ဇန်နဝါရီလ ၁၀ ရက်က ကခဲ့သည့် မနောင်ကပွဲတွင် မနောင် စည်းကျိုးသွားသည်ဟု ဆိုနိုင်ကြောင်း ၎င်းက သုံးသပ်ပြောဆိုခဲ့သည်။

“ငါတို့ရဲ့ ရိုးရာအရ ကခြင်းဟာ ပြီးပြည့်စုံတဲ့ ဝိပြင်တဲ့ ကကွက်တွေ ဖြစ်ဖို့လိုမယ်။ ဒီကနေ့ အဘွားက တီဗွီကနေ ကြည့်နေတော့ မနောင်အက စည်းကျိုးသွားတယ်။ ကိုယ့်လိုင်းကိုယ် မမှတ်မိဘူး ဖြစ်သွားတယ်။ စီတန်းနေတဲ့ လိုင်းကြီးက ကိုယ့်လိုင်း မဟုတ်ဘူး။ ပြတ်ထွက်သွားပြီးတော့မှ ဟိုဘက်ပဲသွားရမလို ဒီဘက်ပဲသွားရမလို ဖြစ်သွားတယ်။ ကတဲ့သူတွေက ဘယ်လိုပြန်ဆက်ရမယ်ဆိုတာ မသိလို့ ရှုပ်ယှက်ခတ်သွားတယ်လေ။ အဲဒါက ကြည့်လို့ မကောင်းပါဘူး”ဟု ၎င်းက ပြောသည်။

မနောင်ဟူသည် ခက်ခဲကြပ်တည်းမှုများ ရှိနေသော်လည်း မနောင်က ကပြီး စိတ်ကိုဖြေဖျောက်ကာ ခွန်အားယူခြင်း ဖြစ်ကြောင်းနှင့် တိုင်းပြည်ငြိမ်သက်မှ မနောင်က ကမည်ဆိုလျှင် ကျင်းပဖြစ်ရန် အလှမ်းကွာဝေးနေမည် ဖြစ်ကြောင်းကိုလည်း ဒေါ်အင်ဖန်းဂျာရာက ဆက်လက် သုံးသပ်ပြောသည်။

ယခု ကျင်းပခဲ့သည့် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ်ပွဲတော်သည် လက်ရှိအစိုးရ NLD အစိုးရသက်တမ်းတွင် ပထမဦးဆုံးအကြိမ် ကျင်းပခြင်းဖြစ်ကာ ပြည်ခိုင်ဖြိုး အစိုးရသက်တမ်းငါးနှစ် (၂၀၁၀-၁၅) ကာလအတွင်းကလည်း တစ်ကြိမ်ကျင်းပခဲ့သည်။

ယခုနှစ် ကချင်ပြည်နယ်နေ့အထိမ်းအမှတ်ကို ယခင်အစိုးရလက်ထက်က ကဲ့သို့ပင် ကန့်ကွက်သူများ ရှိခဲ့သည်။ ကန့်ကွက်သူများက ခက်ခဲနေသည့် စစ်ဘေးရှောင်ပြည်သူများရှိပါလျက် ပျော်ပွဲရွှင်ပွဲများကို မကျင်းပစေလိုကြ။ ပွဲအတွက်ကုန်ကျမည့် စရိတ်စကများကို စစ်ဘေးသင့် ပြည်သူများအတွက် လှူဒါန်းစေလိုကြသည်။

မျိုးမြတ်မြတ်ပန်၊ Ah Je

ဓာတ်ပုံ - စည်သူ/Ah Je


















# (၇၁)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ်ပွဲတော်၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်မိန့်ခွန်းပြောကြား - အပြည့်အစုံ

ယခု ကချင်ပြည်နယ်နေ့ အခမ်းအနားကို ကြွရောက်လာတဲ့ ကျွန်မတို့ရဲ့ ပြည်ထောင်စုသားသမီးများ အားလုံးကို ကြိုဆို နှုတ်ခွန်းဆက်ပါတယ်။ ဒီလို ကျွန်မတို့ တိုင်းရင်းသားမျိုးစုံ စုဝေးနိုင်တယ်ဆိုတာ ကျွန်မတို့နိုင်ငံရဲ့ ဂုဏ်သိက္ခာလည်း ဖြစ်ပါတယ်။ ကျွန်မတို့ဂုဏ်ယူစရာ၊ ကျွန်မတို့ ဝမ်းသာစရာ ကိစ္စတစ်ခုလည်း ဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံမှာ ငြိမ်းချမ်းရေးလိုအပ်မှုနဲ့ ပတ်သက်လို့တော့ နိုင်ငံတော်သမ္မတကြီး ဦးဝင်းမြင့်ကနေပြီးတော့ သဝဏ်လွှာထဲမှာ အထူးပြောကြားသွားပြီဆိုတော့ ကျွန်မ ဒါကိုဆက်လက်ပြီးတော့ မပြောကြားချင်တော့ပါဘူး။

ကျွန်မ ပြောကြားချင်တာကတော့ အခု ဒီ မနောကွင်းကြီးထဲမှာ ကျွန်မတို့ စုဝေးတဲ့အခါမှာ မနောပွဲတွေရဲ့ ဇစ်မြစ်တွေကို ပြန်ပြီးတော့ စဉ်းစားစေချင်ပါတယ်။ မနောပွဲတွေရဲ့ ဇစ်မြစ်တွေကတော့ နတ်ကိုးကွယ်မှုနဲ့ ပတ်သက်နေပါတယ်။ ဒါပေမဲ့ ကျွန်မတို့ ကိုးကွယ်တယ်ဆိုတာ ဘာကြောင့် ကိုးကွယ်တာလဲ။ နတ်တွေကို ကိုးကွယ်ကြတယ်။ ကိုယ် ယုံကြည်တဲ့ဘုရားတွေကို ကိုးကွယ်ကြတယ်။ ကိုယ်ယုံကြည်တဲ့ ဘာသာကို ကိုးကွယ်ကြတယ်။ ကိုးကွယ်ခြင်းဆိုတာ အားကိုးခြင်းပါပဲ။ နတ်တွေကို ကိုးကွယ်တယ်။ ဘုရားသခင်ကို ကိုးကွယ်အားကိုးတယ်။ နတ်တွေကို အားကိုးတယ်။ ပြီးတော့ ဘုရားသခင်ကရော နတ်သိကြားတွေကရော တကယ်တော့ ကျွန်မတို့ လူသားတွေကို မိမိကိုယ်မိမိ အားကိုးစေချင်ကြပါတယ်။ အဲဒီတော့ မိမိကိုယ်မိမိ အားကိုးစေနိုင်တဲ့ အစွမ်းခတ်တွေကို မွေးမြူဖို့ဆိုတာ ကျွန်မတို့ ပြည်ထောင်စုတိုင်းရင်းသား အားလုံးရဲ့တာဝန် ဖြစ်ပါတယ်။ ဒီလို အစွမ်းခတ်တွေရှိမှ ကျွန်မတို့ရဲ့နိုင်ငံကို ကျွန်မတို့ လိုချင်တဲ့ တိုင်းပြည်ကြီးတစ်ခု ဖြစ်အောင်လို့ ကျွန်မတို့ တည်ထောင်နိုင်မှာပါ။

ဦးဆောင်ခွင့်ပေးတဲ့ ပုဂ္ဂိုလ်တိုင်း နိုင်ငံတော်အစိုးရဝင်ဖြစ်ဖြစ်၊ ပြည်နယ်အစိုးရပဲဖြစ်ဖြစ်၊ အစုအဖွဲ့တွေက ခေါင်းဆောင်တွေပဲ ဖြစ်ဖြစ် ဦးဆောင်မှုရဲ့ ပုဂ္ဂိုလ်တိုင်းဟာ တကယ်တော့ 'နေလို လလို' ကျင့်သုံးရမယ်ဆိုတဲ့ အဆိုလည်း ရှိပါတယ်။ 'နေလို လလို'ဆိုတာ ကျွန်မတို့အခု နေနဲ့ပတ်သက်ပြီး ကြည့်လိုက်ပါ။ နေဆိုလည်း မနက် ထွက်လာတဲ့အခါကျလို့ရှိရင် အလင်းရောင်ပေးတယ်။ အလင်းရောင်ပေးလို့ လူသားတွေက မျှော်ပြီး နေကြရတယ်။ တစ်ညတာ ပြီးသွားလို့ရှိရင် အလင်းရောင်မှ လာပါ့မလားဆိုပြီးတော့ စိုးရိမ်ပူပန်ကြရတယ်။ အဲဒီတော့ နေထွက်လာလို့ရှိရင် ကျွန်မတို့ အလင်းရောင်ရတယ်။ နောက်ပြီးတော့လည်း ရာသီဥတု ချမ်းအေးတဲ့နေရာတွေမှာ ဆိုလို့ရှိရင် အနွေးဓါတ်ရတယ်။ ဒါပေမဲ့ နေက တိုက်ရိုက် ထိုးနေရင်တော့ သိပ်မသက်သာဘူး။ ဒါကြောင့်မို့လို့ ဦးဆောင်မှုပေးတဲ့လူဆိုတာ 'နေလို လလို'ကျင့်သုံးရမယ်ဆိုတာ နေလိုကျင့်သုံးတဲ့နေရာမှာ အလင်းရောင်ပေးဖို့။ နွေးထွေးမှုပေးဖို့။ တိုက်ရိုက်ကြီး တစ်ခါတည်း ထိုးပြီးတော့ မျက်စိကြီး မသက်မသာလုပ်ဖို့ မဟုတ်ဘူး။ ဒီဟာကို ဦးဆောင်မှုပေးတဲ့လူတိုင်း အားလုံးကနေပြီးတော့ နှလုံးသွင်းဖို့ လိုပါတယ်။ လလို ကျင့်သုံးရမယ်ဆိုတာဟာ နေမရှိတဲ့အခါမှာ၊ နေလုံးကြီး ဝင်သွားတဲ့အခါမှာ ရှေးကျွန်မတို့ လူသားတွေဟာ လကို အားကိုးရတယ်။ လနဲ့နေ မတူတာက လက နေ့တိုင်းထွက်တာမို့ နေကလည်း နေ့တိုင်းထွက်တယ်ဆိုပေမယ့် မိုးအုံ့တဲ့အခါ နှင်းတွေပိတ်တဲ့အခါ နေရောင်ခြည်ကို သိပ်ရတာ မဟုတ်ဘူး။ လ ကတော့ လကွယ်ရက်တွေရှိတယ်။ လပြည့်ရက်တွေ ရှိတယ်။ ကြားရက်တွေရှိတယ်။ ဒါပေမဲ့ ဘယ်တော့မဆို လကိုကျတော့ အချိန်မှန်မှန် ပြန်ပြီးတော့ ပေါ်ထွက်လာမယ်ဆိုတာ လူသားတွေက မှန်းလို့ရတယ်။ ဘာဖြစ်လို့လဲ. . .။ လဆိုတာ တဖြည်းဖြည်းဆန်းလာတယ်။ နောက်ပြီးတော့ လကြီးက ပြည့်လာတယ်။ ပြည့်ပြီးတော့ တဖြည်းဖြည်း ဆုတ်လာတယ်။ ဆုတ်ပြီးတော့ ကွယ်သွားတယ်။ ကွယ်သွားပြီးတော့ ပြန်ပြီးမှ ပေါ်လာတယ်ဆိုတော့ သူ့ရဲ့လစဉ် လစဉ် အပတ်ကိုလူသားတွေက ခန့်မှန်းနိုင်တဲ့အခါကျတော့ လနဲ့ ပတ်သက်ပြီးတော့ သစ္စာရှိတယ်လို့ ဆိုလို့ရတယ်။ လရဲ့သစ္စာကို ယုံကြည်ကြတယ်။ ဒီတိုင်းပဲ ဦးဆောင်မှုပေးတဲ့လူတွေဟာ ကိုယ်ဦးဆောင်ပေးတဲ့ လူတွေကနေပြီးတော့ ကိုယ့်ရဲ့သစ္စာတရားပေါ်မှာ ယုံကြည်အောင်လို့ လုပ်နိုင်ရမယ်။ စကားတည်ရမယ်။ ကိုယ်လုပ်ပေးမယ်လို့ ပြောတဲ့ကိစ္စကို ဖြစ်မြောက်အောင်



လုပ်ပေးရမယ်။ သူ့အချိန်နဲ့သူ အချိန်မျှော်မှန်းချက်တွေကို ဖြည့်ဆည်းပေးရမယ်။

ဒါကြောင့် ကျွန်မတို့ ပြည်ထောင်စုသားအားလုံးဟာ တစ်နည်းအားဖြင့် လူတိုင်းဟာခေါင်းဆောင်လည်းဖြစ်တယ်။ လူတိုင်းဟာနောက်လိုက်လည်းဖြစ်တယ်။ နောက်လိုက်လုပ်ရမယ့်အချိန်မှာ နောက်လိုက်လုပ်ရမယ်။ ခေါင်းဆောင်လုပ်ရတဲ့အချိန်မှာ ခေါင်းဆောင်လုပ်ရတယ်။ အဲဒီလို ကျွန်မတို့ လုပ်နိုင်မယ်ဆိုလို့ရှိရင် ကျွန်မတို့ဟာ တစ်ယောက်နဲ့တစ်ယောက်ကို အားကိုးနိုင်ခြင်းဟာ နတ်များ၊ ဘုရားများရဲ့ သဘောကျလည်း ဖြစ်ပါတယ်။ နတ်များ၊ သိကြားများ၊ ဘုရားများဆိုတာကလည်း လူသားများဟာ ကိုယ့်ကိုကိုယ်မှန်မှန်ကန်ကန် အားကိုးနိုင်မယ့်အခြေအနေ ဖြစ်စေမယ်လို့ ကျွန်မတော့ ဒီလိုပဲယုံကြည်ပါတယ်။ ဒါကြောင့် ကျွန်မတို့ ဒီလို ကချင်ပြည်နယ်နေ့မှာ မနောင်ကွင်းမှာ စုဆောင်းနိုင်တယ်။ စုစည်းပြီးတော့ ကချင်ပြည်နယ်နေ့ကို ကျင်းပနိုင်တယ်ဆိုတာ ကျွန်မတို့အားလုံး တစ်ဦးကိုတစ်ဦး အားကိုးပြီးတော့ တစ်ဦးရဲ့အင်အား တစ်ဦးယူပြီး၊ တစ်ဦးရဲ့အင်အား တစ်ဦးက ဖြည့်ဆည်းပြီးတော့ ကျွန်မတို့ ပြည်ထောင်စုကြီးရဲ့လမ်းကိုဆက်ပြီးတော့ လျှောက်သွားမယ်ဆိုတဲ့ သင်္ကေတပဲလို့ ကျွန်မကတော့ ဒီလိုပဲ ယူဆပါတယ်။

ဒါကြောင့်မို့လို့ ကျွန်မတို့ တိုင်းရင်းသားတွေဟာ တစ်ဖက်နဲ့တစ်ဖက် ပြန်ကြည့်လိုက်လို့ရှိရင် ဝတ်စုံတွေက မတူပါဘူး။ ဒီလို တိုင်းရင်းသားများ စုစည်းပြီး ဝတ်စုံပေါင်း မြောက်များစွာနဲ့ တွေ့ရတဲ့အခါကျရင် ကျွန်မ အင်မတန်ဝမ်းသာတယ်။ ဒါ ကျွန်မတို့နိုင်ငံပဲ၊ ကျွန်မတို့ရဲ့ ပြည်ထောင်စုပဲ။ ကျွန်မတို့ပြည်ထောင်စုသား တိုင်းရင်းသားများဟာ တစ်ဦးနဲ့တစ်ဦး မတူပေမယ့် တစ်ဦးချင်းဟာ သူ့ရဲ့လှပပုံ၊ လှပနည်းနဲ့လှပနေကြတယ်။ ဒီလို စုစည်းမှုရှိလို့သာ ကျွန်မတို့နိုင်ငံဟာ ပြည်ထောင်စုကြီး ဖြစ်နေတယ်။ ဒါပေမယ့် ဒီပြည်ထောင်စုဟာကျွန်မတို့လိုလားတဲ့ စစ်မှန်တဲ့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုတော့ အပြည့်အဝမဖြစ်သေးဘူး။ ဒါကို ဖြစ်အောင်လို့ ကျွန်မတို့ရဲ့နိုင်ငံတော်အစိုးရသာမက ပြည်သူလူထုတွေ အားလုံးကဝိုင်းဝန်းပြီးတော့ ကြိုးစားဖို့ လိုပါတယ်။ အစိုးရတစ်ခုတည်းကိုပဲ အားကိုးတယ်ဆိုတာဟာ ဒီမိုကရေစီ မဆန်ပါဘူး။ တကယ်တော့ ဒီမိုကရေစီဆိုတာဟာ ပြည်သူလူထုပေါ်မှာအခြေခံတဲ့ စနစ်မို့လို့ ပြည်သူလူထုအားကိုလည်း အစိုးရများက ပြန်ပြီးတော့ အားကိုးရပါတယ်။ ကျွန်မတို့ ဒီလို စုစည်းတဲ့နေရာမှာ ဘယ်တိုင်းရင်းသားအတွက် ဘယ်နေ့သာ ဖြစ်တယ်ဆိုတဲ့ စိတ်ဓာတ်မျိုးမဟုတ်ဘဲနဲ့ အခု ကျွန်မတို့မှာဆိုရင် ကချင်ပြည်နယ်နေ့ပွဲ ပေါ့နော်။ ကချင်ပြည်နယ်ထဲမှာရှိတဲ့ တိုင်းရင်းသားပေါင်းစုံနဲ့ သက်ဆိုင်တဲ့နေ့လည်း ဖြစ်ပါတယ်။ နောက် ကချင်ပြည်နယ်နေ့ပေါ်ပေါက်လာတာဟာလည်း ကျွန်မတို့ရဲ့ လွတ်လပ်ရေးနဲ့တစ်နှစ်တည်း ပေါ်ပေါက်လာတာပါ။ ဒါကြောင့်မို့လို့ ကျွန်မတို့နိုင်ငံရဲ့ လွတ်လပ်ရေးသင်္ကေတလည်း ဖြစ်တယ်လို့ ပြောလို့ရှိရင် မမှားပါဘူး။

ပထမဦးဆုံး ကချင်ပြည်နယ်နေ့ကို တက်ရောက်ခဲ့တဲ့ သမ္မတကြီးစဝ်ရွှေသိုက်ဟာ ရှမ်းတိုင်းရင်းသား ဖြစ်ပါတယ်။ ဒါဟာလည်း ကျွန်မတို့ ပြည်ထောင်စုရဲ့ အနေအထားကို ဖော်ပြတာပဲ။ ကချင်ပြည်နယ်နေ့ကို ပထမဦးဆုံး တက်ရောက်တဲ့ ကျွန်မတို့ရဲ့ နိုင်ငံတော်သမ္မတက ရှမ်းတိုင်းရင်းသား ဖြစ်တယ်။ တိုင်းရင်းသားလူမျိုးစုတွေ အားလုံးရဲ့နေ့ ဖြစ်တယ်ဆိုတဲ့ အဓိပ္ပါယ်ပါပဲ။ ဘယ်တိုင်းရင်းသားနေ့ဖြစ်ဖြစ်၊ ဘယ်ပြည်နယ်နေ့ပဲဖြစ်ဖြစ် နောက်ဆုံးတော့ ကျွန်မတို့အားလုံး ပြည်ထောင်စုဖွား တိုင်းရင်းသားတွေနဲ့ သက်ဆိုင်ပါတယ်။ လူတစ်ဦးရဲ့ ခန္ဓာကိုယ်မှာ လက်သန်းနဲ့ ခေါင်းနဲ့ ဘယ်ဟာ ပိုအရေးကြီးလဲဆိုတော့ တစ်နည်းအားဖြင့် ခေါင်းကအရေးကြီးတယ်လို့ ပြောပေမယ့်လည်း လက်သန်းနာရင်လည်း ခေါင်းက သိတာပဲ။ ခေါင်းနာရင်လည်း တစ်ကိုယ်လုံးက သိတာပဲ။ ဒါကြောင့်မို့လို့ ကျွန်မတို့အားလုံးဟာ တစ်ဦးပေါ်တစ်ဦး နားလည်မှုရှိပြီးတော့ တစ်ဦးရဲ့ နာကျင်မှုက နောက်တစ်ဦးနဲ့လည်း ဆိုင်တယ်ဆိုတဲ့ စိတ်ဓာတ်တွေမွေးဖို့ လိုပါတယ်။ ကျွန်မတို့နိုင်ငံသာ အေးချမ်းသာယာသွားမယ်ဆိုရင်၊ ကျွန်မတို့နိုင်ငံအတွင်းမှာ ငြိမ်းချမ်းရေးရမယ်ဆိုရင် သမ္မတကြီး မိန့်ဆိုခဲ့တဲ့အတိုင်းပဲ ၁၀ နှစ်အတွင်းတောင် မဟုတ်ဘဲ ၁ နှစ်အတွင်းမှာတောင် သိသိသာသာ အပြောင်းအလဲတွေကို မြင်ရလိမ့်မယ်လို့ ကျွန်မကတော့ ယုံကြည်ပါတယ်။

တကယ့်ကို ပြည်တွင်းစစ်မီးတွေ အားလုံး ငြိမ်းသွားပြီဆိုတာနဲ့ ၁ နှစ်အတွင်းမှာ အပြောင်းအလဲတွေကို သိသိသာသာမြင်ရလိမ့်မယ်။ ကျွန်မတို့လိုချင်တဲ့ ခိုင်မာတဲ့အခြေအနေကိုတော့ သမ္မတကြီး မိန့်ဆိုတဲ့အတိုင်းပဲ ၁၀ စုနှစ်တစ်စုလောက်ကတော့ သေသေချာချာ ကျွန်မတို့ ကြိုးစားပြီးတော့ စနစ်တကျခိုင်မြဲအောင် လုပ်ဖို့ကတော့ ကျွန်မတို့အားလုံးရဲ့ တာဝန် ဖြစ်ပါတယ်။

ခရီးတစ်ခုကို စဖို့ဆိုတာ ပထမခြေလှမ်းက အရေးကြီးဆုံးပါပဲ။ ဒီတော့ ပြည်ထောင်စုကြီး ခိုင်မာဖို့အတွက်၊ တိုးတက်ဖို့အတွက်၊ ဖွံ့ဖြိုးဖို့အတွက် စပြီးတော့လှမ်းဖို့ လှမ်းရမယ့်ခြေလှမ်းကတော့ ငြိမ်းချမ်းရေးခြေလှမ်း ဖြစ်တယ်ဆိုတာကို ကျွန်မ ထပ်ပြီးတော့ သတိပေးပါရစေ။ ဒါလည်း ကျွန်မ ကြုံတိုင်း အမြဲတမ်းသတိပေးနေတဲ့ ကိစ္စမို့လို့ အထူးအထွေတော့ ပြောဖို့မလိုပါဘူး။

နောက်ဆုံး နိဂုံးအနေနဲ့ ကျွန်မပြောချင်တာကတော့ ဒီလိုကျွန်မတို့ စုရုံးတဲ့အချိန်မှာ ဆိုလို့ရှိရင် ပျော်ရွှင်တဲ့အချိန်အခါတစ်ခု ဖြစ်စေချင်ပါတယ်။ ဒါ အားလုံးအတွက် စိတ်ဓါတ်တက်ကြွဖို့၊ အားလုံးအတွက် အင်အားပြည့်ဝဖို့၊ အားလုံးကနေပြီးတော့ ပျော်ပျော်ရွှင်ရွှင် မုဒိတာစိတ်နဲ့ တစ်ဦးရဲ့ပျော်ရွှင်မှုအတွက် တစ်ဦးကဝမ်းသာတတ်ဖို့။ အဲ့လိုစိတ်တွေနဲ့ စုစည်းတဲ့နေ့မျိုး၊ အချိန်အခါမျိုး ဖြစ်စေချင်ပါတယ်။ သူက အမြဲပဲဂုဏ်ယူတဲ့ကိစ္စကတော့ ငယ်ငယ်ကတည်းက ကျွန်မတို့အိမ် ဧည့်ခန်းနံရံမှာ ချိတ်ထားတဲ့ ဓာတ်ပုံတစ်ခုကတော့ မြစ်ကြီးနားမှာ ဖေဖေက ကချင်အမျိုးသမီးများနဲ့ ရိုက်ထားတဲ့ ပုံပါပဲ။ အမျိုးသမီးများနဲ့ ရိုက်ထားတာမို့ ဂုဏ်ယူတာ မဟုတ်ပါဘူး။ ဖေဖေက အင်မတန်မှရွှင်ရွှင်ပြပြနဲ့ ပြုံးရယ်နေလို့ ရိုက်ထားတဲ့ပုံ မို့လို့ပါ။

ဒီလို တိုင်းရင်းသားတွေနဲ့ နေရတာဟာ၊ တိုင်းရင်းသားတွေနဲ့ လက်တွဲပြီးတော့ ဘဝကိုရင်ဆိုင်ရတာဟာ ပျော်ရွှင်ဖွယ်ရာ ကောင်းတယ်၊ ကျေနပ်ဖွယ်ကောင်းတယ် ဆိုတာပြနေတာပဲ ဖြစ်ပါတယ်။

ကျွန်မ မေးဖူးပါတယ်။ ဘာဖြစ်လို့ ဖေဖေက ပြုံးနေလဲဆိုတော့ ကျွန်မကိုပြောတာတော့ အဲတုန်းက တစ်ယောက်က စတယ်တဲ့၊ ဗိုလ်ချုပ်ကတော် တွေ့လို့ရှိရင်တော့ စိတ်ဆိုးတော့မှာပဲ၊ ကချင်အမျိုးသမီးတွေနဲ့ ဗိုလ်ချုပ်က ဝိုင်းပြီးဓာတ်ပုံရိုက်နေတာတွေ့ရင် စိတ်ဆိုးတော့မှာပဲလို့ အဲလိုပြောလို့ ဖေဖေက ပြုံးတယ်လို့ ဆိုပါတယ်။

အဲ့တော့ ကျွန်မတို့အားလုံးဟာ ဒီလိုနေ့မျိုးမှာ ပြုံးရွှင်စွာနေရမယ့် နေ့မျိုး၊ အားလုံးညီရင်းအကို၊ မောင်နှမတွေပြန်ပြီးတော့ဆုံတဲ့အခါမှာ ရွှင်လန်းရသလို စိတ်ချမ်းသာစရာ နေ့တစ်မျိုးလို့ အားလုံးနှလုံးသွင်းပြီးတော့ ကချင်ပြည်နယ်နေ့မှာ ကျွန်မတို့ ပြည်ထောင်စုသားအားလုံး ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ ဘေးအန္တရာယ် အမျိုးမျိုးနဲ့ကင်းရှင်းကြပြီး ကောင်းကျိုးအလိုဆန္ဒ ပြည့်စုံကြပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေလို့ ကျွန်မအနေနဲ့ ဆုတောင်းမေတ္တာ ပို့လိုက်ပါတယ်။

မျိုးမြတ်မြတ်ပန်

# ခေါင်လန်ဖူး ကားလမ်းပိုင်းဖွင့်ပွဲသို့ ဒေါ်အောင်ဆန်းစုကြည်တက်ရောက်ဖွင့်လှစ်

မြစ်ကြီးနား၊ ဇန်နဝါရီ ၁၀




နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် သက်ဆိုင်ရာဝန်ကြီးများနှင့် ဇန်နဝါရီလ ၈ ရက် နံနက်ပိုင်းက ပူတာအိုခရိုင်သို့ သွားရောက်ကာ နောင်မွန်းမြို့မှ ဆယ်မိုင်ခန့်အကွာရှိ မဂွေဇမှ ဆန်းလွတ်ချက်တောင်ထိပ် ၃၃ မိုင် ၆ဖာလုံ လမ်းပိုင်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကာ နောင်မွန်း၊မချမ်းဘောနှင့်ပူတာအိုဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

လမ်းပိုင်းဖွင့်ပွဲ အခမ်းအနားတွင် ဒေါ်အောင်ဆန်းစုကြည်က အမှာစကားပြောကြားခဲ့ရာ ဒေသခံပြည်သူများနှင့် တွေ့ဆုံရခြင်းကြောင့် ဝမ်းသာကြောင်းနှင့် လမ်းဖောက်လုပ်ခြင်းဖြင့် ဒေသဖွံ့ဖြိုးရေးအတွက်သာမက တိုင်းရင်းသားများ အားလုံးကြား အချင်းချင်း နီးစပ်လာစေရန် ပြုလုပ်ခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။

"လမ်းမဖောက်ဘဲ တစ်ယောက်နဲ့တစ်ယောက် ထိတွေ့မှုရှိဖို့ဆိုတာ မလွယ်ပါဘူး။ လမ်းဖောက်လိုက်တယ်ဆိုတာနဲ့ပဲ ထိတွေ့မှုတံတားကြီးတစ်ခု ဆောက်လိုက်သလိုပါပဲ။ ဖွံ့ဖြိုးမှုဆိုတာ နိုင်ငံတစ်နိုင်ငံအတွက် အရေးကြီးပေမယ့် ပိုပြီးအရေးကြီးတာက ညီညွတ်မှုအင်အားပဲဖြစ်ပါတယ်"ဟု ဒေါ်အောင်ဆန်းစုကြည်က ပြောသည်။

လမ်းများ ကောင်းမွန်လျှင် ဒေသဖွံ့ဖြိုးရေးအစီအစဉ်များကို ထိထိရောက်ရောက် လုပ်ကိုင်နိုင်မည့် အခွင့်အရေးများ ရရှိလာမည်ဖြစ်ကြောင်းနှင့် နိုင်ငံတစ်နိုင်ငံ၏ ဆင်းရဲချမ်းသာကွာဟမှုသည် လမ်းပန်းဆက်သွယ်ရေး အခက်အခဲနှင့်လည်း ပတ်သက်နေသည်ဟုလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

"ဒီအစီအစဉ်ဟာ ကျွန်မတို့ရဲ့ တိုင်းရင်းသားများအားလုံး စိတ်ပိုင်းဆိုင်ရာအရ၊ ရုပ်ပိုင်းဆိုင်ရာအရ ဖွံ့ဖြိုးတိုးတက်ဖို့ပဲ ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံမှာ အားလုံးတစ်ပြေးညီ ဖြစ်တယ်ဆိုတာဟာလည်း နိုင်ငံရဲ့ ဂုဏ်သိက္ခာပါပဲ"ဟု ပြောသည်။

ခေါင်လန်ဖူးဒေသသည် ကားလမ်းမပေါက်သည့် ဒေသတစ်ခုဖြစ်ပြီး နောင်မွန်းမြို့မှ ရက်သတ္တပတ်ခန့် လမ်းလျှောက်ရသည့်ဒေသဖြစ်သည်။

ယင်းနောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်က မဂွေဇ- ဆန်းလွတ်ချက်တောင်ထိပ်(၃၃မိုင်၆ဖာလုံ) လမ်းပိုင်း ဖောက်လုပ်ပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ဖောက်လုပ်သွားမည့် လမ်းလုပ်ငန်းဆိုင်ရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသွားခဲ့ကာ လမ်းပိုင်းဖွင့်ပွဲအခမ်းအနားကို နိုင်ငံတော်၏အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ကြကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မဂွေဇ - ခေါင်လန်ဖူးမြို့နှင့် မချမ်းဘောမြို့များသို့ သွားရောက်ကာ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးအခြေအနေများ သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

၎င်းတွေ့ဆုံပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဝေးလံခေါင်သီဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို အထူးအလေးပေး ကူညီဆောင်ရွက်လိုပါကြောင်း၊ တန်းတူညီမျှရေးသည် အရေးပါပြီး ခက်ခဲသည့် ဒေသများသည် ပို၍အရေးပါကြောင်း၊ ဖွံ့ဖြိုးမှုနည်းသည့် ဒေသများအတွက်ဖွံ့ဖြိုးတိုးတက်မှုအမြန်ဆုံးရရှိစေရန် ပံ့ပိုးရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ပြည်ထောင်စုဖြစ်သည်နှင့်အညီ တိုင်းရင်းသားများအားလုံးတန်းတူညီတူ အခွင့်အရေးရရန် ဆောင်ရွက်ရကြောင်းကို ပြောကြားခဲ့သည်။

ဒေသခံများတင်ပြသည့် ကြိုးပြင်တောကိစ္စနှင့် ပတ်သက်၍ ကြိုးပြင်တော ကာကွယ်ရေးဆိုသည်မှာ နောင်တွင် မပျောက်ပျက်အောင် ထိန်းသိမ်းဆောင်ရွက်ရခြင်းဖြစ်ကြောင်းနှင့် ပြည်သူလူထု၏ စီးပွားရေး၊ လူမှုရေးလိုအပ်ချက်နှင့် ညှိနှိုင်းလုပ်ဆောင်သွားမည် ဖြစ်ကြောင်း၊ ဒေသတွင်း ရှိသည့် တန်ဖိုးရှိ ဆေးဖက်ဝင်မျိုးပင်များ မပြုန်းတီးစေရန်နှင့် ဒေသခံများအတွက် စားဝတ်နေရေးမထိခိုက်ဘဲ အထောက်အကူပြုစေရန် စဉ်းစားဆောင်ရွက်မည် ဖြစ်ကြောင်းကိုလည်း ဆက်လက် ပြောကြားခဲ့သည်။

ဒေသခံကလေးများ၏ အခြေခံပညာအထက်တန်းအဆင့် အောင်ချက်ရာခိုင်နှုန်း နည်းပါးခြင်းနှင့် ပတ်သက်၍ ဆရာ၊ ဆရာမများကို သင်တန်းပေးရန် လိုအပ်သည်ဟု စဉ်းစားမိကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့် ကလေးများ အောင်ချက်ကောင်းအောင် သင်ကြားပေးနိုင်ရန်အတွက် မွမ်းမံသင်တန်းပေးသည့် အစီအစဉ်များကို ကြိုးစားလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ လုံလောက်သော သင်ထောက်ကူပစ္စည်းများကိုလည်း ပံ့ပိုးပေးသွားမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကျန်းမာရေးနှင့် ပတ်သက်သော လိုအပ်ချက်များကိုလည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး အမြန်ဆုံးဖြစ်မြောက်အောင် လုပ်ဆောင်ပေးမည့်အကြောင်းနှင့် တိမ်ကောလယ်ယာမြေများ အမြန်ဆုံး ပြန်လည်စိုက်ပျိုးနိုင်ရေးနှင့် အမြန်ဆုံးဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းကိုလည်း ထည့်သွင်း ပြောကြားခဲ့သည်။

ထို့အပြင် ဒေါ်အောင်ဆန်းစုကြည်က ပူတာအိုမြို့ရှိ ဒေသခံများနှင့်လည်းတွေ့ဆုံကာ ငြိမ်းချမ်းရေးရရှိရန်လိုအပ်ချက်၊ မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေး၊ ဒေသခံ ဘွဲ့ရလူငယ်များအတွက် ဒေသတွင်း အလုပ်တာဝန်ပြန်လည်ခန့်ထားရေး အစရှိသော တင်ပြချက်များကိုလည်း ဆွေးနွေးသွားခဲ့ကြောင်း သိရသည်။

Ann

---

# ဝိုင်းမော်မြို့နယ်တွင် ပထမဆုံးအကြိမ်အဖြစ် လက်လုပ်လက်စား ရွှေတူးဖော်ခွင့်ပြု

ဇန်နဝါရီ ၈

ဝိုင်းမော်မြို့နယ် နောင်ချိန်းကျေးရွာအတွင်း ပထမဦးဆုံးကြိမ်အဖြစ် ရွှေသတ္တုလက်လုပ်လက်စား တူးဖော်ဆောင်ရွက်ခွင့် ပြုလိုက်ကြောင်း သိရသည်။

အဆိုပါမြေဧက ၄ နေရာ တူးဖော်ခွင့်ကို လဝါယန်-ငွေထု ဌာနေပြည်သူ့စစ်အဖွဲ့ထံ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဇန်နဝါရီလ ၇ ရက်နေ့က ခွင့်ပြုမိန့်ထုတ်ပေးခဲ့ကြောင်း သိရသည်။

ယင်း မြေဧက ၄ နေရာကို ဌာနေပြည်သူ့စစ်အဖွဲ့မှ ဦးဗျာလေး၊ ဦးကျော်အေး၊ ဒေါ်မာရှန်နှင့် ဦးလဆန်အောင်ဝါတို့ကို ထုတ်ပေးခဲ့ခြင်းဖြစ်ပြီး ထုတ်ပေးသည့်ရက်မှ စတင်ပြီး တစ်နှစ်တာလုပ်ကိုင်ခွင့် ရရှိမည်ဖြစ်ကြောင်း သိရသည်။

"လုပ်ခွင့်ရတဲ့အဖွဲ့က ကံထူးရှင်လို့ပဲ ပြောရမယ်။ ဆက်လက်ပြီး လုပ်ငန်းဆောင်ရွက်တဲ့ အခါမှာလည်း နိုင်ငံတော်ရဲ့ မူဝါဒနဲ့အညီ စံပြအနေနဲ့ ဆောင်ရွက်ပေးစေလိုပါတယ်။ လုပ်တဲ့နေရာမှာလည်း သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးဖြစ်အောင် ဆောင်ရွက်သွားကြဖို့ ဖြစ်ပါတယ်"ဟု သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦး H လအောင်က ပြောသည်။

တူးဖော်ခွင့် ရရှိကြသူများအနေဖြင့် တစ်ဧကလျှင် တစ်နှစ်အတွက် ငွေကျပ် ၁၁ သိန်းကျော်(၁၁၂၂၀၄၁) ပေးဆောင်ရမည်ဖြစ်ပြီး မြန်မာ့သတ္တုတွင်း ဥပဒေပုဒ်မ ၁၀နှင့် နည်းဥပဒေ၉၆တို့ကို လိုက်နာရမည်ဖြစ်ကာ မလိုက်နာပါက လိုင်စင်ပြန်လည် ရုတ်သိမ်းသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

"ပြည်နယ်အစိုးရအဖွဲ့ရဲ့ လမ်းညွှန်ချက်နဲ့ အပတ်စဉ်ကွင်းဆင်းစစ်ဆေးပြီးတော့ ခြောက်လလောက် အချိန်ကြာမြင့်ခဲ့တာ ဖြစ်ပါတယ်။ ချထားပေးပြီဆိုတာနဲ့ တာဝန်ယူရမယ့်အပိုင်းတွေ ရှိသလို ကတိခံဝန်ချက်တွေလည်း ထိုးထားပြီးဖြစ်သလို ခွင့်ပြုမိန့် နောက်ကျောမှာပါတဲ့ စည်းကမ်းချက်တွေကို လိုက်နာရမှာ ဖြစ်ပါတယ်"ဟု ပြည်နယ်သတ္တုတွင်းဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးစောက ပြောသည်။

ယခုကဲ့သို့ လက်လုပ်လက်စား ရွှေသတ္တု ဟင်းလင်းပြင် တူးဖော်ခြင်းလုပ်ငန်းကို သက်တမ်းကုန်ပြီး ဆက်လက် လုပ်ကိုင်လိုပါက အသစ်ထပ်မံ လျှောက်ထားရမည် ဖြစ်ကြောင်းလည်း သိရသည်။

စည်သူ(မြစ်ကြီးနား)



**တုတ်ထိုး** - နုတ်ထွက်ပြီဗျို့ နုတ်ထွက်ပြီ။ ဝန်ကြီးချုပ်သစ် ရာထူးကနေ နုတ်ထွက်ပြီ။
**အိုးပေါက်** - ဗျာ။ ဘယ်ဝန်ကြီးချုပ် နုတ်ထွက်တာလဲ။ အဂတိ လိုက်စားမှုနဲ့ ထွက်တာလား။ အစားလွန်ရောဂါနဲ့ ထွက်တာလား။ တင်ဒါကိစ္စတွေကြောင့် ထွက်တာလား။ ဘာမှမလုပ်တတ်လို့ ထွက်တာလား။ စားခွင့်မရတော့လို့ ထွက်တာလား။ စားလို့ ဝလို့ ထွက်တာလား။

**တုတ်ထိုး** - ခင်ဗျားကတော့ တုတ်နဲ့ လာထိုးနေပြန်ပြီ။ ကျုပ်ပြောတာက သီရိလင်္ကာ ဝန်ကြီးချုပ်သစ် ရာထူးကနေ နုတ်ထွက်တာကို ပြောတာဗျ။
**အိုးပေါက်** - အဟဲ။ မသိဘူးလေ။ ခင်ဗျားပြောတာလည်း မရှင်းမရှင်းဆိုတော့ ကျုပ်လည်း မရှင်းမရှင်းဖြစ်သွားတယ်။ ဒါနဲ့ နေပါဦး။ သူက ဘာဖြစ်လို့ နုတ်ထွက်တာလဲ။

**တုတ်ထိုး** - နိုင်ငံရေး အကျပ်အတည်း ဖြစ်ပေါ်နေချိန် နိုင်ငံတည်ငြိမ်ရေးအတွက် နုတ်ထွက်ခဲ့တာလို့ သိရတယ်ဗျ။
**အိုးပေါက်** - ဝန်ကြီးချုပ် နာမည်က ဘယ်သူ။

**တုတ်ထိုး** - မဟင်ဒါရာဂျာပက်ခ်ဆာဗျ။
**အိုးပေါက်** - တခြား ဘာသတင်းတွေ ထူးသေးတုန်း။

**တုတ်ထိုး** - အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေး အောင်မြင်တယ်လို့ သမ္မတကြီးက ကြေညာလိုက်သဗျ။
အိုးပေါက် - ပြည်သူတင်တဲ့ အစိုးရပဲဗျာ။ ဒီလိုပဲ ဖြစ်ရမှာ မဲပေးရကျိုး နပ်ပါပေတယ်။

**တုတ်ထိုး** - ခင်ဗျား ဘာတွေပြောနေတာတုန်း။ ကျုပ်ပြောတာက တရုတ်သမ္မတ စီကျင်းပင်က ကြေညာတာကို ပြောတာဗျ။
**အိုးပေါက်** - လွဲပြန်ပြီ။

**တုတ်ထိုး** - စီကျင်းပင် ကြွေးကြော်ထားတာ ရှိတယ်ဗျ။ အဆင့်မြင့်တဲ့ ပုဂ္ဂိုလ်တွေကနေ အဆင့်နိမ့်ပုဂ္ဂိုလ်တွေအထိ ကွန်မြူနစ်ပါတီရဲ့ ရာထူးအဆင့်အားလုံးမှာ အကျင့်ပျက်ခြစားမှုကို တိုက်ဖျက်မယ်တဲ့ဗျ။ တရုတ်ရဲ့ ဩဇာကြီးမားတဲ့ အကျင့်ပျက်ခြစားမှု စောင့်ကြည့်ရေးအဖွဲ့တွေဟာ အမှု ၄၆၄,၀၀၀ ကို ကိုင်တွယ်ပြီး ၂၀၁၈ ပထမဆုံး ကိုးလအတွင်းမှာ လူ ၄၀၆,၀၀၀ ကို အပြစ်ပေးခဲ့ပြီတဲ့ဗျ။ ဒါကြောင့်လည်း အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေး အောင်မြင်တယ်လို့ ပြောတာပေါ့။
**အိုးပေါက်** - ကျုပ်တို့ဆီမှာလည်း စိတ်ဝင်စားဖို့ကောင်းတဲ့ ကိစ္စတစ်ခု ရှိတယ်ဗျ။ သတင်းစာဂျာနယ်တွေမှာ ထိပ်တန်းသတင်းတစ်ခုလို ဖြစ်နေတာ။

**တုတ်ထိုး** - မျှဝေစမ်းပါဦး။
**အိုးပေါက်** - FDA ရုံးတွေကို အရည်အသွေး လျှော့ပြီး ဆောက်ခိုင်း၊ ပြီးတော့ ပိုထွက်လာတဲ့ စရိတ်တွေနဲ့ သိန်းထောင်ချီတန်တဲ့ နေအိမ်တွေ ဖန်တီးပေးခဲ့တယ်ဆိုပြီး ကျန်းမာရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) ညွှန်ကြားရေးမှူးချုပ် အငြိမ်းစားဗိုလ်မှူး ဒေါက်တာသန်းထွဋ်ကို ကျပ်သိန်းထောင်ချီ ခြစားမှု စွပ်စွဲချက်နဲ့ တရားစွဲနိုင်ဖို့ အကြောင်းဖန်ခဲ့တဲ့ ကိစ္စဟာ စိတ်ဝင်စားစရာကောင်းနေတယ်။

**တုတ်ထိုး** - အပြည့်အစုံပြောဗျာ။
အိုးပေါက် - အပြည့်အစုံသိချင်ရင် ဒီဇင်ဘာ ၁၆ ရက်နေ့ထုတ် 7 Day Daily ဖတ်ကြည့်ဗျ။ အကျဉ်းချုပ်ကတော့ ဒီလိုဗျ။ အမျိုးသားလွှတ်တော်အမတ်က ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)က ပအိုဝ်တိုင်းရင်းသား၊ တိရစ္ဆာန်ဆေးကုဆရာဝန်ဒေါက်တာခွန်ဝင်းသောင်းကတစ်ရက်တော့ နေပြည်တော်ကနေ ရန်ကုန်အမြန်လမ်း ခရီးစဉ်မှာပေါ့။ အဲ့ဒီအဝေးပြေးကားထဲမှာ ဘေးချင်းယှဉ်ပြီး လိုက်ပါလာတဲ့သူက ကိုင်ရှိဆောက်လုပ်ရေးကုမ္ပဏီဝန်ထမ်းတစ်ဦး။ သူနဲ့စကားပြောပြီး FDA ဌာနအတွင်းမှာ ခြစားတဲ့ကိစ္စရပ်တွေကို ဒေါက်တာခွန်ဝင်းသောင်း ကြားသိခဲ့ရတာပဲ။ အဲ့ဒီလိုနဲ့ လေးလလောက်အကြာမှာ FDA အဆောက်အအုံတွေကို တိတ်တဆိတ်လိုက်လံကြည့်ရှုတယ်။ အဆောက်အအုံတွေကို မိုးထားတဲ့ သွပ်ပြားတွေက ဂိတ်မပြည့်ဘူး။ ပါးနေတယ်။ အမိုးဒိုင်းတွေက အမှန်တကယ် ထည့်ရမယ့် အရေအအတွက်ထက် လျှော့ထည့်ထားတယ်။ အဆောက်အအုံက နောက်နှစ်ဆို အမိုးတွေ ပေါက်ပြဲလိမ့်မယ်။ အဆောက်အအုံအမိုးပေါက်လာရင် အကြီးစားပြင်ဆင်ဖို့ အစိုးရဆီ စရိတ်တောင်းတင်မယ်လို့ ဒေါက်တာခွန်ဝင်းသောင်းက ပြောထားတာ ဖတ်ရတယ်။

**တုတ်ထိုး** - စိတ်ဝင်စားစရာပဲ။
**အိုးပေါက်** - ပြီးတော့ ကုမ္ပဏီဝန်ထမ်းရဲ့ ပြောဆိုချက်တွေကို အသံဖမ်းပြီး ဒေါက်တာခွန်ဝင်းသောင်းက အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ဆီကို ၂၀၁၈ဖေဖော်ဝါရီလ ၆ ရက်နေ့မှာ တိုင်ကြားတယ်။ အဲ့ဒီတုန်းက သမ္မတဦးထင်ကျော်ပေါ့။ အဲ့ဒီတုန်းက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌတာဝန် ယူထားသူက ဦးဝင်းမြင့်ပေါ့။

**တုတ်ထိုး** - အဂတိတိုက်ဖျက်ရေးကော်မရှင်က အရေးယူခဲ့သမျှမှာတော့ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွဋ်က ရာထူးအမြင့်ဆုံးပဲနေ၁်။
**အိုးပေါက်** - ဟုတ်တယ်။ သူ့နောက်မှာတော့ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးဟန်ထူးပေါ့ဗျာ။

**တုတ်ထိုး** - ဦးဟန်ထူး။
**အိုးပေါက်** - အင်းလေ။ ဟာသသရုပ်ဆောင်အောင်ရဲထွေးအမှုမှာ အဂတိလိုက်စားတယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ အရေးယူခံခဲ့ရသူပေါ့။ အခု FDA ငါးကြီး ကိစ္စမှာတော့ ဒေါက်တာခွန်ဝင်းသောင်းက အမှုရုံးချိန်းမှာ တရားလိုသက်သေအဖြစ် ထွက်ဆိုထားတာက. . .။

**တုတ်ထိုး** - ဘာတဲ့။
**အိုးပေါက်** -"FDA ဌာနအတွက် သိန်း ၁၈,၀၀၀ တန် အဆောက်အအုံ တစ်ခုကို တင်ဒါရတဲ့ ကုမ္ပဏီက ဆောက်ရင် အရည်အသွေးကိုလျှော့ပြီး ညွှန်ချုပ်ကိုသိန်းထောင်ချီတန် တိုက်တစ်လုံး၊ အိမ်တစ်လုံး ဆောက်ပေးရတယ်ဆိုတာ ထွက်ဆိုခဲ့ပါတယ်"တဲ့။ မန္တလေး အိုးဘိုထောင်ကနေ တရားရုံးကို လက်ထိပ်နဲ့ ရောက်လာတဲ့ ဒေါက်တာသန်းထွဋ်ကတော့ တရားခွင်အထွက်မှာ ပြောသွားပါတယ်။ မတော်မတရား စွပ်စွဲခံထားရတာပါတဲ့။ စွပ်စွဲမှုကို ပြန်လည်ဖြေရှင်းမှာပါတဲ့။

**တုတ်ထိုး** - တရားမှုကနိုင်ပါစေ။ မတရားမှုဟူသမျှ ကျဆုံးပါစေ။
**အိုးပေါက်** - နိုင်ငံတော်သမ္မတကြီး ဦးဝင်းမြင့်ကတော့ နိုင်ငံတော်သမ္မတအဖြစ် တာဝန်ထမ်းဆောင်ဖို့ ကတိသစ္စာ ပြုစဉ်ကတည်းက အဂတိလိုက်စားမှုကို ပိုမိုတိုက်ဖျက်မယ်လို့ ပြောကြားခဲ့တာပဲဗျ။

**တုတ်ထိုး** - ပြီးခဲ့တဲ့ ဖေဖော်ဝါရီလ ၂ ရက်က ထုတ်ပြန်တဲ့ အဂတိလိုက်စားမှုဆိုင်ရာ သဘောထားအမြင် အညွှန်းကိန်း (Corruption Perception Index - CPI)အရ မြန်မာနိုင်ငံဟာ နိုင်ငံပေါင်း ၁၈၀ မှာ အဆင့် ၁၃၀ မှာ ရှိတယ်ဗျ။
**အိုးပေါက်** - ကျုပ်တို့နိုင်ငံ တိုးတက်ဖို့ဆိုရင် ဆန္ဒာဂတိ၊ ဒေါသာဂတိ၊ ဘယာဂတိ၊ မောဟာဂတိ ဆိုတဲ့ အဂတိလေးပါးကို ရှောင်ရှားမှ ဖြစ်မယ်။

**တုတ်ထိုး** - ဟုတ်တာပေါ့။ ဒါနဲ့ ဆန္ဒာဂတိတို့ ဒေါသာဂတိတို့ အဓိပ္ပါယ်က ဘာဆိုလား။ ဟဲ ဟဲ ဟဲ။ သိသလိုလိုနဲ့ ဒုံးဝေးနေသေးလို့။
**အိုးပေါက်** - ဆန္ဒာဂတိဆိုတာ ချစ်သဖြင့် မလိုက်အပ်သည်သို့လိုက်၍ မကောင်းမှုပြုခြင်း၊ ဒေါသာဂတိဆိုတာက မုန်းသဖြင့် မလိုက်အပ်သည်သို့ လိုက်၍ မကောင်းမှုကို ပြုခြင်း၊ ဘယာဂတိဆိုတာ ကြောက်သဖြင့် မလိုက်အပ်သည်သို့ လိုက်၍ မကောင်းမှုကို ပြုခြင်း၊ မောဟာဂတိဆိုတာ မသိသဖြင့် မလိုက်အပ်သည်သို့လိုက်၍ မကောင်းမှုကိုပြုခြင်းပေါ့။ "ချစ်ခြင်းကြောင့်လည်းကောင်း၊ မုန်းခြင်းကြောင့် လည်းကောင်း၊ ကြောက်ခြင်းကြောင့် လည်းကောင်း၊ မသိခြင်းကြောင့် လည်းကောင်း၊ တရားကိုလွန်ကျူး၍ ကျင့်သော သူ၏ အခြံအရံ၊ အကျော်အစောသည် လဆုတ်ပက္ခလကဲ့သို့ တစ်နေ့တခြား ဆုတ်ယုတ်၏"လို့ သိင်္ဂါလသုတ်မှာ လာသဗျ။

**တုတ်ထိုး** - မှတ်သားထိုက်ပါပေတယ်ဗျာ။ ဒါနဲ့ တနင်္သာရီတိုင်း အစိုးရအဖွဲ့က ကုမ္ပဏီတစ်ခုကို ထားဝယ်လေယာဉ်ကွင်းချဲ့ရှင်းဖို့ ကျပ်သိန်းလေးထောင် သုံးစွဲခွင့်ပေးတဲ့ကိစ္စ စိစစ်အရေးယူပေးဖို့ တိုင်ကြားမှုကို "အရေးယူဖို့မရှိ"လို့ အဂတိတိုက်ဖျက်ရေး ကော်မရှင်က အကြောင်းပြန် ထားသတဲ့ဗျ။
**အိုးပေါက်** - ကျုပ်တောင် စာမရေးဘဲ ချဲ့ရှင်းတဲ့အလုပ်ပဲ ပြောင်းလုပ်ချင်လာပြီ။ ကျုပ်တို့ အယ်ဒီတာကြီးတောင် ကျုပ်တို့စကားကြားပြီး ချဲ့ရှင်းတဲ့အလုပ် ပြောင်းလုပ်ရင်ကောင်းမလား စဉ်းစားနေသတဲ့ဗျ။

**တုတ်ထိုး** - ဟားဟား ဟား ဟား ဟား ဟား ။
**အိုးပေါက်** - ကျုပ် စဉ်းစားနေတာ။ လေယာဉ်ကွင်းဘေးနားက ချဲ့ရှင်းတာတောင် သိန်း ၄၀၀၀ လောက်ကုန်ကျနေရင် လေယာဉ်ကွင်းတစ်ခု ဆောက်ဖို့ဆိုရင် တိုင်းပြည်တစ်ဝက်တောင် ရောင်းပစ်လိုက်ရမလားမသိဘူး။

**တုတ်ထိုး** - မှတ်တောင်ထားရဦးမယ်။
**အိုးပေါက်** - ကိုင်း ကိုင်း၊ အချိန်လင့်ပြီမို့ စကားဝိုင်းဒီမျှနဲ့ ရပ်လိုက်ကြစို့။

**တုတ်ထိုး** - နှစ်သစ်မှာ အဂတိ တိုက်စားမှုတွေ ပပျောက်ပါစေဗျာ။ ။


မြစ်ကြီးနားသတင်းဂျာနယ်
www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal
( ဇန်နဝါရီ ၁၄ ၊ ၂၀၁၉ )

# ကိုလိုနီငှက်ပျောတပ်မဟာတို့၏ မဟာဗျူဟာ

စည်သူ မေးမြန်းသည်

တရုတ်နိုင်ငံက စီးပွားရေးသမားတွေ ဝိုင်းမော်မြို့နယ်ထဲမှာ တစ်သျှူးငှက်ပျောခြံတွေ လာရောက်စိုက်ပျိုးမှုကြောင့် ကိုယ့်ဒေသမှာ ခံစားနေရတဲ့ ဘေးထွက်ဆိုးကျိုးတွေကို ကိုယ်တိုင်မြင်တွေ့ကြားသိနေရတဲ့ သံဃာတော်တစ်ပါးကို မြစ်ကြီးနားသတင်းဂျာနယ်က သွားရောက်တွေ့ဆုံ လျှောက်ထား မေးမြန်းခဲ့ပါတယ်။

အဲဒီဆရာတော်ကတော့ ဝိုင်းမော်မြို့နယ်၊ ဝါရှောင်ကျေးရွာ၊ သီတလရုံသီကျောင်းတိုက်က ကျောင်းထိုင်ဆရာတော် ဦးဝိဇယဖြစ်ပြီး ဝါရှောင်ဆရာတော်ရယ်လို့ လူသိများတဲ့ သံဃာတော်တစ်ပါးလည်း ဖြစ်ပါတယ်။ ဆရာတော်ဟာ စာပေဗဟုသုတ ကြွယ်ဝပြီး အစိုးရနဲ့ရော ကေအိုင်အေနဲ့ပါ မေတ္တာသက်ရောက်မှုရှိတဲ့ သံဃာတော်တစ်ပါးလည်း ဖြစ်ပါတယ်။ ဗမာ၊ ရှမ်း၊ ကချင်စကားကို ကျွမ်းကျင်စွာ ပြောဆိုနိုင်သူတစ်ဦးဖြစ်လို့ ဝါရှောင်ကျေးရွာမှာရှိတဲ့ ဒေသခံတို့ရဲ့ အားထားရာ၊ အတိုင်ပင်ခံရာ ဆရာတော်ဟာ ဒေသခံတွေရဲ့ အခက်အခဲကို အနီးကပ်ဆုံးသိမြင်သူ ဖြစ်ပါတယ်။ ဒေသခံတွေရဲ့ အခက်အခဲတွေကို နှုတ်၏ စောင်မခြင်း၊ ကိုယ်စောင်မခြင်းတို့ဖြင့် ကူညီ ဆောင်ရွက်ပေးနေတဲ့ ရဟန်းတစ်ပါးလည်း ဖြစ်ပါတယ်။ ဒါကြောင့် အဲဒီဒေသတစ်ဝိုက်မှာ အထူးသဖြင့် ခံစားနေကြရတဲ့ ငှက်ပျောခြံများအရေးနဲ့ ပတ်သက်ပြီး ဒေသခံတွေ ဘယ်လိုရင်ဆိုင်နေရတယ်၊ ဘာတွေဆုံးရှုံးနေရတယ်ဆိုတာကို မြစ်ကြီးနားသတင်းဂျာနယ်က သွားရောက် တွေ့ဆုံလျှောက်ထား မေးမြန်းထားပါတယ်။



**ဘုန်းဘုန်းဘုရား. . ။ အရှင်ဘုရား ဝါရှောင်မှာ စတင်သီတင်းသုံးနေထိုင်လာခဲ့တဲ့ သက်တမ်းတစ်လျှောက်မှာ အရှင်ဘုရား သာသနာရေးအပြင် ရပ်ရေးရွာရေး၊ လူမှုရေးနဲ့ ကလေးသူငယ်တွေ ယဉ်ကျေးလိမ္မာရေးတွေကအစ အစစအရာရာ ကူညီဆောင်ရွက်ပေးနေတယ်လို့ တပည့်တော်တို့ သိရပါတယ်ဘုရား။ လက်ရှိဒေသမှာ တစ်ဘက်နိုင်ငံက ငှက်ပျောခြံတွေ ဝင်ရောက်လုပ်ကိုင်နေတာနဲ့ ပတ်သက်ပြီးတော့ ဒေသခံတွေ ဘယ်လိုအကျိုးဆက်တွေ ခံစားနေရတယ်ဆိုတာ သိပါရစေ ဘုရား။**

ဘုန်းဘုန်း ဒီမှာ ကျောင်းထိုင်လာတာ ၁၈ နှစ် ရှိပြီလေ။ ဒီ တရုတ်ငှက်ပျောခြံတွေက နောက်ပိုင်းမှာကျတော့ အရမ်း ကျယ်ပြန့်လာတယ်။ ကျယ်ပြန့်လာတာနဲ့ အညီ အလုပ်သမားတွေရဲ့ ဒုက္ခတွေက ဘုန်းဘုန်းဆီရောက်လာတယ်။ သူတို့ လူသေလို့အသုဘချစရာမရှိလို့ ဘုန်းဘုန်းလိုက်သွားတဲ့အခါမှာ တရုတ်ပျံ့နှံ့ဝင်ရောက်စိမ့်ဝင်နေမှုကြီးကို အဲဒီမှာ သွားတွေ့ခဲ့ရတယ်။ အဲဒီအချိန်မှာမှ ကျောင်းမနေရတဲ့ ကလေးတွေ ရာချီရှိနေတာတွေ၊ နောက်ပြီးတော့မှ သူတို့ အလုပ်သမားအခွင့်အရေး မရတာတွေကို မြင်လာတာပေါ့။ နောက်ပိုင်းကတော့ ပိုပြီးဆိုးလာတာပေါ့။ ဟိုတစ်နေ့ကလည်း လာတယ်။ ၆ ယောက်လောက်လာတယ်။ သူတို့ လုပ်အားခကို ညစ်ထားပြီးတော့ အလုပ်က ထုတ်တဲ့အချိန်ကျတော့ ရောက်လာတယ်။ အခုနောက်ဆုံးဖြစ်သွားတာက ကိုယ်ဝန်ပျက်ကျတယ်။ ငါးတွေသေတယ်။ ငှက်ပျောခြံမှာ လုပ်တဲ့သူတွေကိုယ်တိုင် ငြီးငွေ့သွားတယ်ပေါ့။ အဲဒီလို အခြေအနေမျိုး ရှိတာပေါ့။

**ဒီလိုအခက်အခဲတွေ အများကြီး ကြုံတွေ့နေရတာကို အစိုးရက လာရောက်ဖြေရှင်းပေးတာမျိုးရော ရှိလားဘုရား။**

အစိုးရတွေ ကွင်းဆင်းဖို့ လိုတယ်။ သေသေချာချာကို သူများအပြောလောက်နဲ့ မရဘူးလေ။ ဒီကိစ္စကို ဘုန်းဘုန်း အမြဲပြောနေတာက အလုပ်အကိုင်အခွင့်အလမ်းရတယ်၊ ပိုက်ဆံရတယ်ဆိုရုံနဲ့ မဖြေရှင်းပေးပါနဲ့ပေါ့ အစိုးရတွေကို။ ရတဲ့ပိုက်ဆံနဲ့ သူတို့ လုပ်နေရတဲ့အနေအထားကို အချိန်နဲ့တစ်ပြေးညီဖြစ်ဖို့ နောက်ဆုံး ဝန်ကြီးချုပ်ကိုယ်တိုင် သိသင့်တယ်။ သူတို့က အပြင်ကနေပဲ ပြောနေတာလေ။ ဒီကိစ္စကို ဘုန်းဘုန်းလောက် အနီးကပ်ဆုံးမြင်နိုင်မယ့်သူ ရှိမယ်မထင်ဘူး။ အစိုးရတွေ ကိုယ်တိုင်က အစွန်အဖျားလောက်သွားတာမျိုး မဟုတ်ဘဲနဲ့ စနစ်တကျကွင်းဆင်းသင့်တယ်။ ဝန်ကြီးတွေ ဘာတွေက လုံခြုံရေးတွေ ဘာတွေ(စိုးရိမ်မှု)ရှိတယ် ဆိုရင်လည်း မပူနဲ့ ဘုန်းဘုန်းကိုယ်တိုင် လိုက်ပို့ပေးမယ်။

**အရှင်ဘုရား ဆိုလိုတာက ဝါရှောင်ရွာတစ်ဝိုက်မှာပဲကို ပြောတာလားဘုရား။ ခုနက ဘုန်းဘုန်း မိန့်တဲ့အထဲမှာ ပညာမသင်ရတဲ့ ကလေးတွေဆိုတာကရော ဝါရှောင်ကျေးရွာမှာတင်ပဲလား။**

ဝါရှောင်မှာတင် မဟုတ်ဘူး။ ငွေထုကျေးရွာတစ်ဝိုက်မှာ အကုန်လုံး ကလေးတွေ ရာချီရှိတယ်လေ။ လောလောဆယ် ပြဿနာတက်နေတဲ့ မိသားစုဆိုလို့ရှိရင် သူတို့ကို လုပ်ခပေါ့။ တစ်သောင်းလောက် လုပ်အားခတန်ရင် လေးထောင်လောက်ပဲ ပေးတယ်ပေါ့။ လုပ်ခကလည်း ၁၅ ရက်မှ တစ်ခါလောက် ရှင်းတယ်ပေါ့။ တစ်ဦးဆိုရင် ကိုယ်ဝန်ပျက်ကျတယ်။ ငှက်ပျောစိုက်တဲ့နေရာမှာ သုံးတဲ့ဆေးတွေကြောင့်ပေါ့။ တစ်ဦးဆိုရင် အလုပ်ထုတ်ခံရလို့ ကလေးကို ဘယ်မှာထားရမှန်းမသိ ဖြစ်နေတယ်ပေါ့။

**အရှင်ဘုရားအနေနဲ့ တခြားရွာတွေကိုရော ရောက်ဖြစ်လားဘုရား။ တဖြည်းဖြည်းနယ်ချဲ့လာတဲ့ ငှက်ပျောခြံတွေ ပြဿနာက အဲဒီဒေသတွေမှာ ဘယ်လောက်တောင် ဆိုးရွားနေပြီလဲဆိုတာလဲ သိပါရစေဘုရား။**

ဘုန်းဘုန်း ပြောချင်တာက မှန်းလို့ ပြောနေတာ မဟုတ်ဘူး။ ဒေသခံတွေက ဗဟုသုတ နည်းပါးကြတော့ တစ်ခုခု အခက်အခဲ ဖြစ်ပြီဆိုတာနဲ့ အစစအရာရာ ဘုန်းဘုန်းဆီ ပြေးလာပြီး တိုင်ပင်ကြတာတွေလည်း ရှိတယ်။ အခု ဒီဒေသတွေမှာ အရှုံးကြီး ရှုံးနေတာ။ ငှက်ပျောကိစ္စက တပ်မတော်နဲ့ အစိုးရ တစ်ဘက်နဲ့တစ်ဘက်က ပြည်သူတွေ နားမလည်နိုင်ဘူး ဖြစ်နေတယ်။

ဘုန်းဘုန်း ပြောချင်တာက နံပါတ်တစ်- ဒီ တရုတ်ငှက်ပျောစိုက်တာဟာ နိုင်ငံသိမ်းမဟာဗျူဟာ ပဏာမအစပျိုးဖြစ်တယ်။ ဒီလို နိုင်ငံသိမ်းမဟာဗျူဟာ အစပျိုးခြင်းဟာ ဝိုင်းမော်မှာရှိတဲ့ ဆင်ခြေဖုံးမြို့နယ်တွေကို အလိုလို သိမ်းပိုက်ထားပြီးပြီ။ နောင် ဖြစ်လာနိုင်တာ မဟုတ်ဘူး အခုကို ဖြစ်နေတာ။ နံပါတ်နှစ် အချက်က လူကုန်ကူးခြင်း နှစ်မျိုး ဖြစ်နေတယ်။ ပထမ လူကုန်ကူးတာကျတော့ သူများကို ရောင်းစားတာမျိုးပေါ့။ ဒုတိယကျတော့ ကိုယ့်ကိုယ်ကိုယ် ကုန်ကူးတာမျိုးပေါ့။ အဲဒါအဆိုးဆုံးပဲ။ ဒီက ရှမ်းမတွေက ဘာသာပြန်အဖြစ်နဲ့ ထမင်း သွားချက်တာကိုး။ ထမင်းချက်ကို ပိုက်ဆံကောင်းကောင်းပေးပြီးတော့ တရုတ်တွေနဲ့ သွေးနှောတာမျိုးပေါ့။ တတိယအချက်ကျတော့ သဘာဝပတ်ဝန်းကျင်ကတော့ လုံးဝပျက်သုဉ်းသွားပြီပေါ့။ စတုတ္ထအချက်ကတော့ အစိုးရ၊ တပ်မတော်၊ ရဲ၊ လဝက စတဲ့ ဝန်ထမ်းတွေအကုန်လုံး အဂတိတရား ကျူးလွန်တယ်။ စစ်တပ်တွေ ပိုက်ဆံကောက်နေတာပဲလေ။ ဘုန်းဘုန်းက စစ်တပ်တွေကို ပြောတယ်။ မင်းတို့ တရုတ်ကားတွေကျတော့ တစ်ခါမှ မစစ်ရဲဘူးပေါ့နော်။ မစစ်ရဲဘဲနဲ့ တစ်စီးဘယ်လောက်ဆိုတာ တောင်းနေတာပေါ့။ ပဉ္စမက မူးယစ်ဆေးဝါး ပြဿနာပေါ့။ တာလောကြီးဘက်ဆို စိတ်ကြွဆေးပြားဈေးနှုန်းက ငွေကျပ်တစ်သောင်းကို ၅ လုံး လောက်ရနေပြီ။ ဒါ ဘုန်းဘုန်းတို့ ခိုင်လုံတဲ့ သတင်းကနေ စုံစမ်းသိတာ။ နောက်တစ်ချက်ကတော့ အလုပ်သမားတွေကို လိုသလိုသုံး၊ လိုသလိုခိုင်းပြီးတော့ စကားလုံး အရင့်ကြီးတွေနဲ့ ပြောပြီး အနိုင်ကျင့်ခံနေရတာ။ နောက်ဆုံးအချက်ကျတော့ မှန်းဆကြည့်တာ ပြည်ပကို ထုတ်ယူသွားတဲ့ အဖိုးတန် သယံဇာတတွေက ဘယ်လောက်တောင် ရှိနေမလဲ။ မဆုံးရှုံးဘူးလို့ရော ဘယ်သူက အာမခံမလဲ။ ဒီလိုအချက်လေးတွေ ရှိပါတယ်။

**တစ်သျှူးငှက်ပျောကိစ္စ အရင်အစိုးရလက်ထက် မတိုင်ခင်ကတည်းက ရှိခဲ့တာဖြစ်တယ်၊ အရင်အစိုးရက သူတို့ခွင့်ပြုခဲ့တာ မဟုတ်ဘူးလို့ ဝန်ကြီးချုပ်ဟောင်း ဦးလဂျွန်ငန်ဆိုင်းက လွှတ်တော်မှာ အတိအလင်း ငြင်းဆိုထားတာတွေ့ရတယ်။ ဒီ ငှက်ပျောခြံတွေ အရေးနဲ့ ပတ်သက်ပြီး ကိုင်တွယ်တဲ့နေရာမှာ အရင် အစိုးရနဲ့ အခုအစိုးရနဲ့ ဘာကွာလဲဘုရား၊ ပိုတိုးပြီး ပိုဆိုးလာတယ်လို့မြင်လား၊ ထိန်းထိန်းသိမ်းသိမ်းနဲ့ လျော့ကျသွားတယ်လို့ မြင်ပါသလားဘုရား။**

သိပ်တော့ မကွာပါဘူး။ ဒါပေမဲ့လည်း အခု အစိုးရလက်ထက်တော့ အသံတွေ ထွက်လာတယ်။ အရင်အစိုးရလက်ထက်ကျတော့ မပြောရဲကြဘူး။ စိမ့်ဝင်ပြီး လုပ်ကြတယ်။ ဒီ အစိုးရကလည်း အာဏာသက်ရောက်မှု မရှိဘူး။ ခိုင်ခိုင်လုံလုံသိထားတာဆိုရင် လွှတ်တော်ကိုယ်စားလှယ် ပြောတာတောင် လွှတ်တော်ကိုယ်စားလှယ်က ခြိမ်းခြောက်ခံရတယ်။ (ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးနော်လီကို ကားချင်း ဝင်တိုက်ရန် ကြံစည်မှု၊ ခြိမ်းခြောက်မှုများကို ဆိုလို) ဘုန်းဘုန်းကိုလည်း ခြိမ်းခြောက်လာနိုင်တယ်လေ။ ဒါပေမဲ့လည်း ဘုန်းဘုန်းက နိုင်ငံရေးပြောတာ မဟုတ်ဘူး။ လူမျိုးရေးပြောတာ မဟုတ်ဘူး။ ဘုန်းဘုန်း ကိုယ်တိုင်က နိုင်ငံတော်ရော၊ အစိုးရရော၊ တပ်မတော်ကိုရော တစ်ထောင့်တစ်နေရာကနေ ကူညီပေးတာ။ သူတို့စဉ်းစားလာနိုင်အောင်။ နိုင်ငံသိမ်းမဟာဗျူဟာအစ ပြီးစီးသွားပြီဆိုတာ သူတို့ မသိဘူး။ သူတို့ လုပ်မရတဲ့ အနေထားတွေလည်း အများကြီး ကြားရတယ်။

**လက်ရှိ အခြေအနေမှာ ကချင် တစ်ပြည်နယ်လုံး ငှက်ပျောစိုက်ဧကပေါင်း ရှစ်သောင်းနီးပါးလောက် ရှိနေပြီဆိုတော့ ပြန်လည်ပြုပြင်ဖို့ရော လွယ်ပါ့မလား။**

အဲဒါကြောင့်မို့လို့ ဘုန်းဘုန်းပြောတဲ့ အချက်တွေကို ဆွေးနွေးတိုင်ပင်ဖို့ လိုတယ်လို့ ပြောတာ။ ဟိုဘက်

စာ - ၁၅ သို့ »









NO DAM

# ၂၀၁၈ လှည့်ကြည့်ခြင်း







MUNG
SHAWA
AKYU HPYI
HPAWNG
KACHIN anti-DRUG D-DAY


KACHIN



3rd ANNIVERSARY
CONDOLENCE CEREMONY
NEVER FORGET
19
N MALAP AI
THEY ARE DEAD, THEY STILL SPEAK




CITIZEN


**ဇန်နဝါရီ ၁၀**

- အိန္ဒိယနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ASEAN-India Students Exchanges Programmed သို့ မြန်မာနိုင်ငံမှ ကျောင်းသား/သူ ၂၅ ဦး တက်ရောက်ရန် ဖိတ်ကြားရာတွင် မြစ်ကြီးနားမှ ကျောင်းသား ၂ ဦးလည်း ဖိတ်ကြားခံခဲ့ရသည်။
- အစိုးရအဖွဲ့က ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ကြိုးစားလုပ်ဆောင်နေခြင်းကို တပ်မတော်က စစ်ရေးဖြင့် အပြင်းအထန် ဖိအားပေးမှု၊ ထိုးစစ်ဆင်မှုများနှင့် ပါဝင်ဖြေရှင်းနေခြင်းကို ကချင်လူငယ်များက မလိုလားကြောင်း ကချင်အမျိုးသားလုံးဆိုင်ရာ လူငယ်သမဂ္ဂက သဘောထားထုတ်ပြန်ခဲ့သည်။

**ဇန်နဝါရီ ၁၃**

- ပူတာအိုခရိုင် နောင်မွန်းမြို့နယ်၊ ရပ်ဘော့ကျေးရွာအနီးရှိ ကဆန်ထချောင်းပေါ်တွင် တည်ဆောက်ထားသည့် ရပ်ဘော့(နောင်မွန်း) တံတားဖွင့်ပွဲသို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီးတို့က တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။
- ကချင်ပြည်နယ်ရှိ နိုင်ငံရေးပါတီများ ပေါင်းစည်းကာ ကချင်ပါတီကြီးတစ်ခု ပေါ်ထွန်းလာရေးအတွက် ကချင်ပြည်နယ်ဒီမိုကရေစီပါတီ (KSDP)၊ ကချင်ဒီမိုကရက်တစ်ပါတီ (KDP)၊ ကချင်အမျိုးသားကွန်ဂရက်ပါတီ (KNC)တို့ မြစ်ကြီးနားမြို့ရှိ YMCA ခန်းမတွင် နားလည်မှု စာချွန်လွှာ (MoU) လက်မှတ်ရေးထိုးခဲ့ကြသည်။
- ဗန်းမော်ခရိုင် မံစီမြို့နယ်၊ မံဝိန်းကြီးကျေးရွာအုပ်စုရှိ နမ့်ခါးဘွမ်တွင် မြန်မာ့တပ်မတော်နှင့် ကေအိုင်အေတို့ တိုက်ပွဲများပြင်းထန်စွာ ဖြစ်ပွားခဲ့သည်။

**ဇန်နဝါရီ ၁၆**

- လီဆူတိုင်းရင်းသား စည်းလုံးညီညွတ်ရေးအတွက် အဓိက ရည်ရွယ်ပြုလုပ်သည့် လီဆူရိုးရာ (ခေါ့ရှိ)နှစ်သစ်ကူးပွဲတော်နှင့် ပူတာအိုမြို့ လီဆူစာပေနှင့် ရိုးရာယဉ်ကျေးမှုကော်မတီ နှစ် (၆၀)ပြည့် ပွဲတော်ကို သုံးရက်ကြာ ကျင်းပပြုလုပ်ခဲ့သည်။

**ဇန်နဝါရီ ၁၉**

- ကချင်တိုင်းရင်းသား ရဝမ်လူမျိုး ဒါရိုက်တာ ဒီထဲဒီ ပုံဖော်ရိုက်ကူးထားသည့် Gila (ဂီလာ)ဟု အမည်ပေးထားသည့် ပထမဆုံး ရဝမ်စကားပြော၊ မြန်မာစာတန်းထိုး ရုပ်ရှင်ဇာတ်ကားကို ဇရာ(မြစ်ကြီးနား) ရုပ်ရှင်ရုံတွင် တစ်ပတ်ကြာ ရုံတင်ပြသခဲ့သည်။
- မန်စီမြို့နယ်ရှိ မိုင်းခေါင်စစ်ရှောင်စခန်းမှ ဒေသခံ ၃ ဦးအား သတ်ဖြတ်ခဲ့သည့် တပ်မတော်သား ခြောက်ဦးကို ထိုနေ့တွင် တပ်မှရာသက်ပန်ထုတ်ပယ်ပြီး အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၀ နှစ်စီ ပြစ်ဒဏ်ချမှတ်ခဲ့သည်။
- ကချင်နှစ်ခြင်းသာသနာ ပညာရေးဝန်ထမ်း ဆရာမနှစ်ဦး သတ်ဖြတ်ခံခဲ့ရခြင်း သုံးနှစ်ပြည့် သတိရအောက်မေ့ဆုတောင်းပွဲ အခမ်းအနားကို ပြည်သူလူထုတစ်ထောင်ကျော်တို့က ဂျော်ဘွမ်ဆုတောင်းတောင်တွင် ပြုလုပ်ခဲ့သည်။

**ဇန်နဝါရီ ၂၃**

- မြစ်ကြီးနားမြို့ မြို့မဈေး (၁)အပေါ်ထပ်ရှိ KBZ မီနီဘဏ်တွင် လူငယ်လေးဦးက ဓားထောက်ပြီး ငွေကျပ် သိန်း ၉၂၀ ကျော် လုယူသွားခဲ့သည်။

**ဇန်နဝါရီ ၂၆**

- ပြန်လည် စတင်ကျင်းပခဲ့သည့် Myanmar National League 2 (2018) ဘောလုံးပြိုင်ပွဲတွင် ကချင်ပြည်နယ် ကိုယ်စားပြု ဘောလုံးအသင်းဖြစ်သည့် ဖုန်ဂန် FC ဘောလုံးအသင်းကို ကချင်ယူနိုက်တက် FC ဘောလုံးအသင်း အမည်ဖြင့် ပြောင်းလဲယှဉ်ပြိုင်ခဲ့သည်။

**ဇန်နဝါရီ ၂၇**

- ကေအိုင်အို ဗိုလ်ချုပ်ကြီး အင်ဘန်လသည် ဥက္ကဋ္ဌတာဝန်ကို ဗိုလ်ချုပ်ကြီး လညော်ဇောင်းခရားထံမှ လွှဲပြောင်းလက်ခံခဲ့ပြီး ကေအိုင်အိုသမိုင်းတွင် ပထမဆုံးဖြစ်သော ကျမ်းသစ္စာကျိန်ဆိုပွဲကို လိုင်ဇာမြို့တွင် ပြုလုပ်ခဲ့သည်။

**ဇန်နဝါရီ ၂၈**

- ဆွမ်ပရာဘွမ်မြို့နယ်အနီး ပူတာအိုလမ်းပိုင်း မိုင်တိုင် ၁၁၁ အနီးရှိ စီနင်ခချောင်းကူးတံတားနှင့် ဇနန်တံတားနှစ်စင်းကို ကေအိုင်အေက ဖောက်ခွဲဖျက်ဆီးခဲ့သည်။

**ဇန်နဝါရီ ၃၀**

- တနိုင်းမြို့နယ်တွင် မြန်မာ့တပ်မတော်နှင့် ကေအိုင်အေတို့ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၈ ဇန်နဝါရီလ ၃၀ ရက်နေ့အထိ တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး တနိုင်းမြို့နယ်၊ ဟူးကောင်းဒေသရှိ မှော်ဒေသများတွင် ပြည်သူ ၃၀၀၀ ကျော် ပိတ်မိခဲ့သည်။

**ဖေဖော်ဝါရီ ၁**

- တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ အာရှရေးရာ အထူးသံတမန်၏ ကြားဝင်စေ့စပ်ကူညီမှုကြောင့် မြန်မာ့တပ်မတော်နှင့် ကေအိုင်အေတို့ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ရှီတာလီမြို့တွင် သီးခြားတွေ့ဆုံမှုတစ်ရပ် ပြုလုပ်ခဲ့သည့် သမိုင်းဝင်နေ့တစ်နေ့ ဖြစ်ခဲ့သည်။

**ဖေဖော်ဝါရီ ၃**

- နိုင်ငံတော်အစိုးရက စိုက်ပျိုးခွင့်ပေးထားသည့် တစ်သျှူးငှက်ပျောခြံများကို ဒေသခံများက ကန့်ကွက်သည့်အနေဖြင့် မြစ်ကြီးနားမြို့တွင် ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

**ဖေဖော်ဝါရီ ၄**

- မြန်မာ့တပ်မတော်က ဖားကန့်မြို့နယ်၊ နန့်တိန်းကျေးရွာရှိ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ကျပ် သိန်း နှစ်သောင်းကျော် တန်ဖိုးရှိသည့် မူးယစ်ဆေးဝါးများကို ဖမ်းဆီးခဲ့သည်။

**ဖေဖော်ဝါရီ ၅**

- တိုက်ပွဲများကြောင့် ပိတ်မိနေသည့် စစ်ဘေးသင့်ပြည်သူများအား ကယ်ထုတ်နိုင်ရေးအတွက် မြစ်ကြီးနားမြို့တွင် ကချင်ပြည်သူလူထု ၅၀၀၀ ကျော် ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

**ဖေဖော်ဝါရီ ၆**

- ပြည်တွင်းစစ် ပြင်းထန်နေချိန်တွင် အစိုးရအနေဖြင့် ရေငုံနှုတ်ပိတ်နေခြင်းသည် ပြည်တွင်းစစ်ကို ပိုမိုတွန်းအားပေးနေခြင်းဖြစ်သည်ဟု စစ်ဘေးသင့်ပြည်သူများအား အရေးပေါ်ကယ်ဆယ်ကူညီရေးကော်မတီက သဘောထား ထုတ်ပြန်ခဲ့သည်။
- ကေအိုင်အေအဖွဲ့မှ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းမကြီးရှိ တံတားနှစ်စင်းကို ဖျက်ဆီးခြင်း၊ တပ်သားသစ်အဖြစ် အဓမ္မဖမ်းဆီးခေါ်ဆောင်သွားခြင်းတို့ကို မိမိတို့အနေဖြင့် ပြင်းထန်စွာ ကန့်ကွက်ရှုံ့ချသည်ဟု လီဆူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ)က သဘောထား ထုတ်ပြန်ခဲ့သည်။
- ဝိုင်းမော်မြို့ရှိ ၂၅ ခုတင်ဆံ့ ပြည်သူ့ဆေးရုံကို ခုတင် ၅၀ ဆံ့ ဆေးရုံအဖြစ် တိုးချဲ့ရန် ဝိုင်းမော်မြို့နယ် အမှတ်(၂)မဲဆန္ဒနယ်မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးနော်လီက အဆိုတင်သွင်းရာ ပြည်နယ်လွှတ်တော်က အတည်ပြုခဲ့သည်။

**ဖေဖော်ဝါရီ ၉**

- ပူတာအိုမြို့နယ်နှင့် မချမ်းဘောမြို့နယ်တွင် လိုအပ်သော လျှပ်စစ်ဓာတ်အားအတွက် မူလာချောင်းမှ ထုတ်ယူနိုင်ရန် ရေအားလျှပ်စစ် စက်ရုံတည်ဆောက်ပေးရေး ပြည်နယ်အစိုးရနှင့် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ပြည်နယ်လွှတ်တော်က အတည်ပြုပေးခဲ့သည်။

**ဖေဖော်ဝါရီ ၁၀**

- ကေအိုင်အေက ဖမ်းမိသည့် မြန်မာ့တပ်မတော်မှ စစ်သုံ့ပန်းသုံးဦးကို ငြိမ်းချမ်းရေး ဆွေးနွေးရေး အကျိုးဆောင်အဖွဲ့ (PCG)မှတစ်ဆင့် သက်ဆိုင်ရာတပ်မ (၁၀၁) တပ်မမှူးထံ ပြန်လည်အပ်နှံခဲ့သည်။

**ဖေဖော်ဝါရီ ၁၁**

- (၂၁) ကြိမ်မြောက် လုဒ်မယ်တော် သခင်မပွဲတော်သို့ လာရောက်ကြသော ဘုရားဖူးပြည်သူများက ဧရာဝတီ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း ရပ်ဆိုင်းရန် ဆုတောင်းခဲ့ကြသည်။

**ဖေဖော်ဝါရီ ၁၂**

- တပ်မတော်နှင့် ကေအိုင်အေတို့၏ တိုက်ပွဲများကြား ပိတ်မိနေသော တနိုင်းဟူးကောင်းဒေသမှ ဒေသခံများ ပြန်လည်လွတ်မြောက်လာခဲ့သည်။

**ဖေဖော်ဝါရီ ၁၃**

- မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို ကားလမ်းမှ တံတားနှစ်စင်းကို ကေအိုင်အေတပ်ဖွဲ့က ဖျက်ဆီးခဲ့ခြင်းကြောင့် ကုန်တင်ကားများ အသွားအလာရပ်ဆိုင်းကာ ပူတာအိုဒေသတွင် ကုန်ဈေးနှုန်းများ အဆမတန် မြင့်တက်ခဲ့သည်။ ထိုသို့ ကုန်ဈေးနှုန်း မြင့်တက်လာခြင်းကြောင့် ဒေသခံ ၂၀၀၀ ကျော်က ထိုနေ့တွင် ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

**ဖေဖော်ဝါရီ ၁၅**

- နိုင်ငံအသီးအသီးမှ အဖိနှိပ်ခံလူသားများအား ကူညီဖေးမနေသူ ဘုန်းတော်ကြီး မိုက်ကယ်လက်ပ်စလေသည် မြစ်ကြီးနားမြို့ရှိ စစ်ရှောင်များနှင့် ၎င်းတို့ကို ပံ့ပိုးကူညီနေသည့် အဖွဲ့အစည်းများကို လာရောက်တွေ့ဆုံပြီး စိတ်ပိုင်းဆိုင်ရာ ကုစားမှုများ ပြုလုပ်ပေးခဲ့သည်။
- နောင်မွန်းမြို့မှ ဘုရားကျောင်းအသစ်တက်ပွဲသို့ လုပ်အားဒါနပြုရန်သွားပြီး ပြန်လာသည့် ပူတာအိုမြို့နယ်မှ လူငယ် ၁၉ ဦးကို ခလရ(၁၃၇)နှင့် ဌာနေပြည်သူ့စစ်များက မဝွေဇဂိတ်စခန်းတွင် တားဆီးမှု ဖြစ်ပွားခဲ့သည်။

**ဖေဖော်ဝါရီ ၁၉**

- ကေအိုင်အေက အင်းတော်ကြီးနှင့် ရှမ်းပြည်မြောက်ပိုင်းတို့တွင် တပ်မဟာအသစ်(၉)နှင့် (၁၀)တို့ကို ဖွင့်လှစ်ခဲ့ကြောင်း ကေအိုင်အိုသတင်းနှင့် ပြန်ကြားရေးဌာနက ထုတ်ပြန်သည်။

**ဖေဖော်ဝါရီ ၂၂**

- မြစ်ကြီးနားမြို့ မနောင်ကွင်းတွင် ဥရောပသမဂ္ဂ(EU) ကိုယ်စားလှယ်များနှင့် ကချင်နိုင်ငံရေးပါတီများ ပေါင်းစည်းရေးကော်မတီတို့ တွေ့ဆုံခဲ့ကြပြီး ကချင်ပြည်နယ်တွင်း ဖြစ်ပွားနေသည့် နိုင်ငံရေး၊ ဒုက္ခသည်အရေးများအပြင် NCA တွင် ကေအိုင်အို လက်မှတ်ထိုးရေး ကိစ္စများကို ထည့်သွင်းဆွေးနွေးခဲ့ကြသည်။

**ဖေဖော်ဝါရီ ၂၃**

- MMA - Middle Weight တန်း ကမ္ဘာ့ချန်ပီယံ အောင်လအင်ဆန်သည် ရန်ကုန်မြို့တွင် ကျင်းပခဲ့သည့် Light Heavy Weight ကမ္ဘာ့ချန်ပီယံရွေခါးပတ်လုပွဲတွင် ဘရားဇီးနိုင်ငံသား မာချာဒိုကို ပထမအချီအတွင်း အနိုင်ရရှိခဲ့သည်။

**ဖေဖော်ဝါရီ ၂၇**

- ပြင်သစ်ယဉ်ကျေးမှုဌာနက ပြုလုပ်သည့် ၁၀ ကြိမ်မြောက် ရန်ကုန်ဓာတ်ပုံပွဲတော်တွင် ကချင်ပြည်နယ်မှ အမျိုးသမီး ဓာတ်ပုံပညာရှင်နှစ်ဦးက ပထမဆုနှင့် စတုတ္ထဆုတို့ကို အသီးသီး ဆွတ်ခူးခဲ့ကြသည်။

**မတ်လ ၁၇**

- ကမ္ဘာ့ မြစ်ချောင်းအင်းအိုင်များနေ့တွင် မေခမြစ်နှင့်ငေါ့ချန်းခမြစ်ပေါ်တွင် တည်ဆောက်မည့် ရေအားလျှပ်စစ်စီမံကိန်းများ ရပ်တန့်ရန် ဌာနေတိုင်းရင်းသားများနှင့် လောင်ဗျစ်ခေါင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့မှ ဦးဆောင်ကာ ဆော့လော်မြို့နယ် ငါမောဇွပ်ကျေးရွာရှိ ငေါ့ချန်းခမြစ်ကမ်းနံဘေးတွင် ဆုတောင်းပွဲ ပြုလုပ်ခဲ့သည်။

**မတ်လ ၁၈**

- တနိုင်းဒေသရှိ နယ်မြေခံတပ်ရင်း/တပ်ဖွဲ့/ဌာနချုပ်များမှ စစ်သည်များ၊ ရဲမေများကို တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လာရောက်တွေ့ဆုံခဲ့သည်။

**မတ်လ ၁၉**

- မြန်မာ့ကျောက်မျက်ရတနာကဏ္ဍ ပြုပြင်ပြောင်းလဲရေးအတွက် ဇန်နဝါရီလ ၂၃ ရက်နေ့က ပြည်သူ့လွှတ်တော် သယံဇာတကော်မတီမှ ၂၀၁၇ ကျောက်မျက်ရတနာဥပဒေ စိစစ်မှု မူကြမ်း ထွက်ရှိခဲ့ပြီးနောက် အချို့အချက်အလက်များမှာ လူတစ်စုအတွက်သာ ရည်ရွယ်သည်ဟုဆိုကာ ဖားကန့်မြို့နယ်တွင် လူထု ၂၀၀ ခန့် ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

- မြစ်ကြီးနားမြို့မနောင်ကွင်း မဂ္ဂလာခန်းမတွင် 4th Miss Universe Myitkyina အလှမယ်ပြိုင်ပွဲကို ကျင်းပခဲ့သည်။

**မတ်လ ၂၀**

- ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာရှိ ရွှေမိုးတောင်ပေါ်တွင် ဝန်းသိုဆရာတော်ကြီး ဦးစီးပဓာနတည်ထားသည့် ရဟန္တာတစ်ထောင်ရှင်ပင်မြတ်စွာ ဆုတောင်းပြည့်စေတီတော်မြတ်ကြီး ထီးတော်တင်ပွဲသို့ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး၊ တပ်မတော်မိသားစုများ၊ ကချင်ပြည်နယ် အစိုးရအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

- ဖားကန့်ဒေသအတွင်း ၂၀၁၈ ခုနှစ်ဆန်းပိုင်းမှ မတ်လ ၂၀ ရက်နေ့အထိ မြေစာပုံပြိုကျမှု ကမ်းပါးပြိုကျမှုများကြောင့် လူဦးရေ ၃၀ ဦးခန့် သေဆုံးခဲ့သည်။

**မတ် ၂၂**

- ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် (KBC)၏ ၃၈ ကြိမ်မြောက်သင်းလုံးကျွတ် ဓမ္မအစည်းအဝေးကို ပြည်တွင်းပြည်ပမှ ယုံကြည်သူငါးသောင်းကျော်ဖြင့် ဝိုင်းမော်မြို့နယ်၊ မုတ်ကျိတ် ကျေးရွာရှိ ဝိုင်းမော်ကျမ်းစာသင်ကျောင်းတွင် မတ်လ ၂၂ ရက်နေ့မှ ၂၅ ရက်နေ့အထိ ကျင်းပခဲ့သည်။ ခေါင်းဆောင်သစ်များ ရွေးချယ်ခန့်အပ်ခြင်းများလည်း ပြုလုပ်ခဲ့သည်။

**မတ် ၂၈**

- ကျန်းမာရေးအရ အနားယူသွားသော နိုင်ငံတော်သမ္မတ ဦးထင်ကျော်နေရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်ကို မြန်မာနိုင်ငံ၏ ၁၀ ယောက်မြောက် နိုင်ငံတော်သမ္မတသစ်အဖြစ် ရွေးချယ်တင်မြှောက်ခဲ့သည်။ သမ္မတသစ်ဦးဝင်းမြင့်အား မြောက်ပိုင်း လက်နက်ကိုင်အဖွဲ့များကလည်း ကြိုဆိုကြောင်း သဘောထားထုတ်ပြန်ခဲ့သည်။

**ဧပြီ ၁**

- မြစ်ကြီးနားမြို့ မြို့မရပ်ကွက်ရှိ ကျော်မြန်မာရွှေဆိုင်တွင် ဆိုင်ရှင်ကို ဓားဖြင့်ထိုးကာ ကျပ်သိန်း သုံးထောင်ကျော်ခန့်တန်ဖိုးရှိ ရွှေထည်များနှင့် ငွေကျပ်သိန်းနှစ်ရာခန့်ကို လူနှစ်ဦးက လုယူ သွားခဲ့သည်။

**ဧပြီ ၂**

- ဖားကန့်မြို့နယ် လုံးခင်းရပ်ကွက် (၅) အောက်ချိုင့်ရပ်ကွက်ရှိ အိမ်ခြေသုံးဆယ်ခန့် မြေနေရာကို ကျောက်မျက်တူးဖော်ရေးကုမ္ပဏီများက လျော်ကြေးမပေးဘဲ သိမ်းယူခဲ့သည့်အပေါ် မကျေနပ်၍ လုံးခင်းဒေသခံတစ်ဦးက မြစ်ကြီးနားသို့ လာရောက်ပြီး တစ်ကိုယ်တော် ဆန္ဒဖော်ထုတ်ခဲ့သည်။

**ဧပြီ ၂၈**

- ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအမှတ် (၅) အောက်ချိုင့်ရပ်ကွက်ရှိ အိမ် ၃၀ မြေနေရာတွင် ကျောက်မျက်တူးဖော်ရေးကုမ္ပဏီနှစ်ခုက လျော်ကြေးမပေးဘဲ လုပ်ကွက်ဆွဲခဲ့ခြင်းကို မကျေနပ်၍ ဒေသခံ သုံးရာခန့်က တတိယအကြိမ်မြောက် ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

**ဧပြီ ၃၀**

- တနိုင်းနှင့် ကာမိုင်းမြို့နယ်တို့တွင် တိုက်ပွဲများကြား ပိတ်မိနေသည်ဆိုသော ပြည်သူများ အမြန်ဆုံးလွတ်မြောက်ရေးအတွက် ကချင်လူငယ်များ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။ ထိုနေ့ ညပိုင်း တွင် ကချင်လူငယ်ထုက အထက(၁)ကျောင်းရှေ့၌ သပိတ်စခန်းပြုလုပ်ပြီး ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ရန် ခွင့်ပြုမိန့်တင်ခဲ့သော်လည်း မရခဲ့။

**မေလ ၃**

- ကချင်ပြည်နယ် အစိုးရရုံးအနောက်ဘက် အုတ်တံတိုင်းအနီး ပလက်ဖောင်းတွင် နံနက် ၅ နာရီခန့်မှ နောက်တစ်နေ့ နံနက်အထိ ကချင်လူငယ်များ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

**မေ ၈**

- ကချင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် စစ်ဘေးတိမ်းရှောင်မိသားစုများနှင့် ပတ်သက်၍ ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် ကချင်ပြည်နယ်အခြေစိုက် သတင်းမီဒီယာတို့ တွေ့ဆုံရှင်းလင်းပွဲကို ကချင်ပြည်နယ်အစိုးရရုံးရှိ မလိခခန်းမတွင် ပြုလုပ်ခဲ့သည်။

**မေ ၁၆**

- တိုက်ပွဲကြား ပိတ်မိနေသော စစ်ရှောင်ပြည်သူများ လွတ်မြောက်ရေးအတွက် ဆန္ဒပြရာတွင် ဦးဆောင်ခဲ့သူ ကိုဇော်ဂျတ်၊ ကိုလွမ်းဇောင်းနှင့် ဒေါ်နန်ပူတို့ကို တပ်မတော်မှ အသရေဖျက်မှု ပုဒ်မ၅၀၀ ဖြင့် အမှုဖွင့်ခဲ့ပြီး မေ ၁၆ ရက်နေ့တွင် ပထမဆုံးအကြိမ် ရုံးချိန်းဆင့်ခေါ်ခဲ့သည်။

**မေ ၂၈**

- ကချင်ပြည်နယ်နှင့် မြန်မာနိုင်ငံငြိမ်းချမ်းရေးအတွက် မြစ်ကြီးနား ကက်သလစ်အသင်းတော်မှ ဘာသာဝင် ၅၀၀၀ ကျော်တို့ မြစ်ကြီးနားမြို့အတွင်း စီတန်းလှည့်လည် ပုတီးစိပ် ဆုတောင်းမှု ပြုခဲ့ကြသည်။

**မေ ၂၉**

-"ကချင်ပြည်နယ်တွင် ဖြစ်ပွားနေသည့် တိုက်ပွဲများတွင် တပ်မတော်၏ ထိုးစစ်ဆင်မှုများ ရပ်တန့်ပါ"ဟု သမ္မတက ဥပဒေနှင့်အညီ အမိန့်ပေးလာလျှင် တပ်မတော်ဘက်က လိုက်နာ ဆောင်ရွက်သွားမည်ဟု နေပြည်တော်တွင် ကျင်းပခဲ့သည့် အစိုးရ၏ ဒုတိယတစ်နှစ်တာ ဆောင်ရွက်ချက် သတင်းစာရှင်းလင်းပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဗိုလ်မှူးချုပ် အောင်ကျော်ဟိုးက ပြောကြားခဲ့သည်။ ယင်းသို့ ပြောဆိုမှုအပေါ် ကချင်နိုင်ငံရေးပါတီ ခေါင်းဆောင်အချို့ကလည်း တပ်မတော်ဘက်မှ လူသိရှင်ကြား ပြောခဲ့သလို သမ္မတဘက်မှလည်း ပြောကြားသင့်ကြောင်း သုံးသပ်ပြောဆိုခဲ့သည်။

**ဇွန် ၂**

- ၂၀၁၇-၁၈ ခုနှစ် တက္ကသိုလ်ဝင်တန်းစာပေးပွဲ အောင်စာရင်းထုတ်ပြန်ခဲ့ရာ ကချင်ပြည်နယ်မှ ဖြေဆိုသူ ၃၃၂၁၂ ဦးအနက်မှ ၉၉၇၄ ဦး အောင်မြင်ခဲ့ပြီး တိုင်းနှင့်ပြည်နယ်များထဲတွင် အဆင့် ၁၁ နေရာ၌ ရပ်တည်ခဲ့သည်။ ၆ ဘာသာဂုဏ်ထူးရှင် ၁၀ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၃၁ ဦး၊ လေးဘာသာ ဂုဏ်ထူးရှင် ၇၁ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၂၂၉ ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် ၄၂၄ ဦး၊ တစ်ဘာသာ ဂုဏ်ထူးရှင် ၂၃၄၀ ဦး ပေါ်ထွက်ခဲ့သည်။

**ဇွန် ၇**

- မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး တည်ဆောက်နေချိန်တွင် မြန်မာ့တပ်မတော်မှ ထိုးစစ်ဆင်မှုကြောင့် ကချင်ပြည်နယ်အတွင်း စစ်ရှောင်ပြည်သူများ တိုးများလာခြင်းအပေါ် ကချင်လူငယ် အဖွဲ့က နိုင်ငံတကာ သံအမတ်များနှင့် ရန်ကုန်တွင် သွားရောက်တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

**ဇွန် ၉**

- ဇွန်လ ၉ ရက်တွင် ကျရောက်သည့် တစ်ကျော့ပြန်တိုက်ပွဲ ၇ နှစ်ပြည့် ဆုတောင်းခြင်းအခမ်းအနားကို ခရစ်ယာန်ဂိုဏ်းပေါင်းစုံတို့က မြစ်ကြီးနားမြို့ရှိ မနောင်ကွင်းတွင် ကျင်းပပြုလုပ်ခဲ့ သည်။ ယင်း ဆုတောင်းအစီအစဉ်တွင် ကချင်လူငယ်အဖွဲ့ တင်ဆက်သော စစ်ရှောင်ပြည်သူတို့၏ သရုပ်ဖော်ပြဇာတ်ကို ခွင့်ပြုမိန့်တောင်းခံစဉ်က မတင်ပြခြင်း၊ ဆုတောင်းခြင်း အစီအစဉ်ကို ခွင့်ပြုချိန်ထက်ကျော်လွန်၍ ကျင်းပခဲ့ခြင်းတို့ကြောင့် ရဲတပ်ဖွဲ့က လာရောက်တားမြစ်မှုများရှိခဲ့ပြီး ဆုတောင်းပွဲဦးဆောင်သူ ဆရာယိမ်းကျန်းကိုလည်း မြို့နယ်ရဲတပ်ဖွဲ့မှူးက ငြိမ်း/စု/စီ ဥပဒေဖြင့် အမှုဖွင့်ခဲ့ရာ မြို့နယ်တရားရုံးက ဒဏ်ငွေတစ်သောင်းကျပ် ပြစ်ဒဏ်ချမှတ်ခဲ့သည်။

**ဇွန် ၁၀**

- မြန်မာဘီယာမှ ဦးစီးကျင်းပသည့် We are One Cup 2018 (မြစ်ကြီးနား) ဘောလုံးပြိုင်ပွဲကို မြစ်ကြီးနားမြို့ရှိ ပြည်နယ်အားကစားကွင်းတွင် စတင်ကျင်းပခဲ့သည်။

**ဇွန် ၁၅**

- ပူတာအိုမြို့ နမ်ထွမ်ရေအားလျှပ်စစ် ဓာတ်အားလိုင်းမှ လျှပ်စစ်မီးကို ပူတာအိုနှင့် မချမ်းဘောမြို့နယ်တို့တွင် စတင်ကာ ဖြန့်ဖြူးပေးဝေခဲ့သည်။

**ဇွန် ၁၈**
- မိုးကောင်းမြို့ရှိ နန့်ရင်းချောင်းနှင့် နန့်ကောင်းချောင်းများတွင် ဇွန်လ ဒုတိယပတ်အတွင်းက စိုးရိမ်ရေအမှတ်ကျော်လွန်ခဲ့သဖြင့် အနိမ့်ပိုင်းရပ်ကွက်များတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည်။
**ဇွန် ၂၀**
- ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ဒုတိယတစ်နှစ်တာအတွင်း ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများနှင့် ပတ်သက်၍ ကချင်ပြည်နယ်အစိုးရက ပြည်နယ်အခြေစိုက် သတင်းမီဒီယာများနှင့် တွေ့ဆုံပြီး သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့သည်။
**ဇွန် ၂၆**
- ကချင်ပြည်နယ်အတွင်းရှိ စစ်ရှောင်စခန်းများတွင် နေထိုင်သော ပြည်သူများ၏ လိုအပ်ချက်များ၊ အခက်အခဲများကို နိုင်ငံတော်မှ ကူညီဖြည့်ဆည်းပေးသင့်ကြောင်း မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် သတင်းထုတ်ပြန်ကြေညာခဲ့သည်။
**ဇူလိုင် ၉**
- မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးမှုဖြစ်ပေါ်ကာ ဇူလိုင်လ ပထမအပတ်အတွင်း ဖားကန့်မြို့နယ်မှ ကျောင်း ခုနှစ်ကျောင်းကို ယာယီပိတ်ထားခဲ့ရသည်။
**ဇူလိုင် ၁၁**
- တတိယအကြိမ် ၂၁ရာစုပင်လုံညီလာခံကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန(၂)တွင် ဇူလိုင် ၁၁ ရက်နေ့မှ ၁၆ ရက်နေ့အထိ ၆ ရက်ကြာ ကျင်းပခဲ့သည်။ အဆိုပါ ညီလာခံသို့ ကေအိုင်အို ဒုတိယဥက္ကဋ္ဌ(၁) ဗိုလ်ချုပ်ဂွန်မော် တက်ရောက်ခဲ့သည်။
**ဇူလိုင် ၁၄**
- ဖားကန့်မြို့နယ်တွင် မြေစာပုံပြိုကျမှုကြောင့် ဇူလိုင်၁၄ ရက်နေ့မှ ဇူလိုင် ၂၄ ရက်အနေ့အထိ ၁၀ ရက်အတွင်း လူပေါင်း ၅၀ ကျော် သေဆုံးခဲ့သည်။
**ဇူလိုင် ၃၁**
- ကချင်ပြည်နယ် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရေး ဦးဆောင်ကော်မတီတစ်ရပ်ကို နိုင်ငံရေးပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ဘာသာရေးအဖွဲ့၊ ယဉ်ကျေးမှုအဖွဲ့၊ လူငယ်အဖွဲ့နှင့် ဥပဒေပညာရှင်တို့မှ ဆွေးနွေးပွဲတစ်ခု ပြုလုပ်ကာ ဖွဲ့စည်းခဲ့သည်။
**ဩဂုတ် ၅**
- တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ တာလီမြို့တွင် မြန်မာ့တပ်မတော်နှင့် ကေအိုင်အိုမှ ခေါင်းဆောင်အချို့တို့ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။
**ဩဂုတ် ၆**
- မြစ်ကြီးနားမြို့နယ်တွင် လစ်လပ်နေသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နေရာအတွက် ကြားဖြတ်ရွေးကောက်ပွဲဝင်ပြိုင်မည့် ကိုယ်စားလှယ် ၆ ဦး အမည်စာရင်းကို ခရိုင်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးက ထုတ်ပြန်ခဲ့သည်။
**ဩဂုတ် ၈**
- ၈ လေးလုံး အရေးအခင်းနေ့ကို နောင်လာနောက်သားများ အောက်မေ့အမှတ်ရနေစေရန်ဟုဆိုကာ ဩဂုတ်လ ၈ ရက်နေ့ကို တရားဝင်ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးရန် ပြည်ထောင်စုတိုင်းရင်းသားများပါတီက သဘောထားထုတ်ပြန်ခဲ့သည်။
**ဩဂုတ် ၁၀**
- ဩဂုတ်လ ၁၀ ရက်နေ့တွင် ကျရောက်သည့် ၄၃ နှစ်မြောက် ကချင်အာဇာနည်နေ့အခမ်းအနားကို လိုင်ဇာမြို့တွင် ကျင်းပခဲ့သည်။
**ဩဂုတ် ၁၁**
- ကချင်လူထုကိုယ်စားလှယ် ၁၇ ဦး ကော်မတီနှင့်အတူ ကချင်ပါတီ ၃ ခုတို့က ကချင်ပြည်နယ်ပါတီကြီး တစ်ခုတည်းဖြစ်ရေးအတွက် ပါတီအသစ်နာမည်နှင့် ပါတီအမှတ်တံဆိပ်၊ အလံအမှတ်တံဆိပ်တို့ကို ရွေးချယ်ကာ သဘောတူဆုံးဖြတ်ခဲ့ကြသည်။ ပါတီအမည်ကို ကချင်ပြည်နယ်ပါတီဟု အမည်ပေးခဲ့ကြသည်။
**ဩဂုတ် ၂၃**
- ပူတာအိုမြို့နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် ဩဂုတ် ၂၃ ရက်နေ့ က ကမ်းပါးယံမြေပြိုကျကာ အထက် နမ့်ထွမ်ရေအားလျှပ်စစ်ရေသွယ်မြောင်း ပျက်စီးသွားသဖြင့် နမ့်ထွမ်ရေအားလျှပ်စစ် မီးပြတ်တောက်ကာ လနှင့်ချီ၍ ပြန်လည် ပြုပြင်တည်ဆောက်ခဲ့သည်။
**ဩဂုတ် ၂၄**
- ကေအိုင်အိုပါဝင်သည့် ပြည်ထောင်စု နိုင်ငံရေးဆွေးနွေးညှိနှိုင်းရေးကော်မတီ (FPNCC)က မြန်မာနိုင်ငံအတွင်းမှ ရေဘေးသင့်ပြည်သူများအတွက် ကျပ်သိန်း ၄၀၀၀ကျော် လှူဒါန်းခဲ့သည်။
**ဩဂုတ် ၂၅**
- ကချင်ပြည်နယ် အစိုးရအဖွဲ့နှင့် မြစ်ကြီးနားလူထုတို့ ပထမဆုံးအကြိမ်တွေ့ဆုံမှု ပြုလုပ်ခဲ့သည်။ အဆိုပါ တွေ့ဆုံပွဲတွင် လူထုအတွင်း ဖြစ်ပေါ်နေသည့် အကြောင်းအရာများ၊ လိုအပ်ချက်များကို အပြန်အလှန်ဖြေဆိုမှုများ ပြုလုပ်ခဲ့သည်။
**စက်တင်ဘာ ၁၃**
- စင်္ကာပူနိုင်ငံတွင် ကျင်းပသည့် ချစ်ကြည်ရေးဖိတ်ခေါ် ကရာတေးပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် ၁၈ ဦး သွားရောက်ယှဉ်ပြိုင်ရာ ကချင်ပြည်နယ်မှ လူငယ် ၄ ဦး ချန်ပီယံရွှေဆုရရှိခဲ့ကြပြီး ထိုနေ့တွင် မြစ်ကြီးနားသို့ ပြန်လည်ရောက်ရှိသဖြင့် ၎င်းတို့ကို ကြိုဆိုဂုဏ်ပြုခဲ့သည်။
**စက်တင်ဘာ ၁၄**
- ပူတာအိုမြို့နယ်တွင် စက်တင်ဘာလအတွင်း မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် တောင်ကျချောင်းရေများ မြင့်တက်ကာ ပူတာအိုအထက်ပိုင်းရှိ ကျေးရွာအချို့ ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့ပြီး အိမ်ခြေ ၄၀၀ ကျော် ပျက်စီးခဲ့သည်။
**စက်တင်ဘာ ၁၈**
- မြစ်ကြီးနားမြို့၊ မြို့သစ်ရပ်ကွက် လမ်းဆုံမှ နာရီစင်ကို ထိုနေ့ညက ဖြိုဖျက်ခဲ့သည်။
**စက်တင်ဘာ ၂၇**
- မန္တလေး၊ ရန်ကုန်နှင့် မြစ်ကြီးနားသို့ ပြေးဆွဲနေသည့် လေကြောင်းလိုင်း ဆယ်ခုခန့်အနက် လေကြောင်းလိုင်း သုံးခု ရပ်နားသွားသည်။
**အောက်တိုဘာ ၁**
- ယာယီ ဆိုင်းငံ့ထားသည့် မြစ်ဆုံရေကာတာ စီမံကိန်းကို အပြီးဖျက်သိမ်းပေးရန် မြစ်ဆုံ တန်ဖရဲ ကျေးရွာမှ ဒေသခံများနှင့် အရပ်ဘက်အဖွဲ့အစည်းများ ပူးပေါင်း၍တောင်းဆိုခဲ့ကြသည်။
- အောက်တိုဘာ၁ရက်နေ့တွင် ကျရောက်သည့် ၅၄ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို မြစ်ကြီးနားမြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။ ယင်းအခမ်းအနားတွင် မှုခင်းများကို စွမ်းစွမ်းတမံ ဖော်ထုတ်ဖမ်းဆီးခဲ့သည့် ရဲတပ်ဖွဲ့ဝင်များကို ဂုဏ်ပြုချီးမြှင့်ခဲ့သည်။
**အောက်တိုဘာ ၁၈**
- မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener နှင့်အဖွဲ့တို့ မြစ်ကြီးနားမြို့သို့ ရောက်ရှိလာကာ ကချင်ပြည်နယ် အစိုးရအဖွဲ့များနှင့် တွေ့ဆုံခဲ့သည့်အပြင် မြစ်ကြီးနားမြို့နှင့် ဝိုင်းမော်မြို့ရှိ စစ်ရှောင်စခန်းများကိုလည်း သွားရောက်ခဲ့သည်။
**အောက်တိုဘာ ၁၉**
- နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အစိုးရသစ်တက်ပြီး နောက်ပိုင်း ဒုတိယအကြိမ်အဖြစ် မြစ်ကြီးနားသို့ နေ့ချင်းပြန် လာရောက်ခဲ့သည်။
**အောက်တိုဘာ ၂၉**
- ဗန်းမော်မြို့တွင် နှစ်ပေါင်း ၂၀ကျော်ကြာ တိမ်မြုပ်ပျောက်ကွယ်နေသည့် လှေသဘင်ပွဲတော်ကို ထိုနေ့မှ စတင်ကာ ပြန်လည်ကျင်းပခဲ့သည်။
**နိုဝင်ဘာ ၃**
- လစ်လပ်နေသည့် မြစ်ကြီးနားမြို့နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်နေရာအတွက် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပခဲ့ရာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဝင် ဦးဆီဟူးဒွေ့က အနိုင်ရရှိခဲ့သည်။
**နိုဝင်ဘာ ၄**
- အောက်တိုဘာ ၂၄ ရက်နေ့က လိုင်ဇာမြို့နှင့် နန်ဆန်ယန်ရွာ ကြားတွင် မြန်မာ့တပ်မတော်က ဖမ်းဆီးခေါ်ဆောင်သွားသည့် လူ ၁၅ ဦးကို နိုဝင်ဘာ ၄ ရက်နေ့တွင် ပြန်လွှတ်ပေးခဲ့သည်။
**နိုဝင်ဘာ ၆**
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တိုင်းဒေသကြီးလွှတ်တော် (သို့မဟုတ်) ပြည်နယ်လွှတ်တော်မှ တပ်မတော်သားကိုယ်စားလှယ်အယောက် ၃၀ ဦးကို အစားထိုးပြောင်းလဲခဲ့ရာ ကချင်ပြည်နယ်မှ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သူရမျိုးတင်အစား ဗိုလ်မှူးကြီး နေလင်းထွန်းကို အစားထိုး တာဝန်ပေးအပ်ခဲ့သည်။
**နိုဝင်ဘာ ၈**
- စင်ကာပူနိုင်ငံတွင် ကျင်းပသည့် 2018 Global Martial Art Summit ဆုပေးပွဲ အခမ်းအနားတွင် MMA (ကိုယ်ခံပညာသိုင်းပေါင်းစုံ) ဖိုက်တာ ကမ္ဘာ့ချန်ပီယံ၊ ရွှေခါးပတ် နှစ်ခုပိုင်ရှင်

ကချင်အမျိုးသား အောင်လအင်ဆန်အား တစ်နှစ်တာအကောင်းဆုံး အမျိုးသားအားကစားသမားဆုနှင့် အကောင်းဆုံးပြိုင်ပွဲဆု နှစ်ဆုချီးမြှင့်ခဲ့သည်။

**နိုဝင်ဘာ ၁၀**

- တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ၄၅ ကြိမ်မြောက် ကာယဗလနှင့် ကာယကြံ့ခိုင်မှု ပြိုင်ပွဲကို နေပြည်တော်တွင် ကျင်းပခဲ့ရာ ကချင်ပြည်နယ်လက်ရွေးစင်အဖွဲ့က ဆု ၇ ဆု ရရှိခဲ့သည်။

**နိုဝင်ဘာ ၁၃**

- ဒုတိယအကြိမ်မြောက် ကချင်အမျိုးသားရေး မူဝါဒဆိုင်ရာ လူထုတွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားကို နိုဝင်ဘာ ၈ ရက်နေ့မှ ၁၃ ရက်နေ့အထိ လိုင်ဇာမြို့ရှိ မနောင်ကွင်း ခန်းမဆောင်တွင် ပြုလုပ်ခဲ့သည်။

**နိုဝင်ဘာ ၁၈**

- ကုလသမဂ္ဂအထူးကိုယ်စားလှယ်၏ မြစ်ကြီးနားခရီးစဉ်အပြီး အောက်တိုဘာလ ၁၈ ရက်နေ့က ကမ္ဘာ့ကုလသမဂ္ဂသို့ ကချင်ပြည်နယ်အတွင်းရှိ စစ်ရှောင်ရေးနှင့်ပတ်သက်ပြီး ကချင်လူထုလှုပ်ရှားမှုအဖွဲ့က စာတင်ခဲ့သည်။

**နိုဝင်ဘာ ၂၂**

- ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် မြန်မာ့တပ်မတော်က ထိုးစစ်ဆင်မှုများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ကချင်ပြည်သူများကို ဖမ်းဆီးနှိပ်စက် သတ်ဖြတ်မှုတို့ကို ရပ်သိမ်းပေးရန် ဂျပန်နိုင်ငံရောက် ကချင်အမျိုးသားအစည်းအရုံး KNO (Japan) အဖွဲ့ဝင်များ ဆန္ဒပြ တောင်းဆိုခဲ့ကြသည်။

နိုဝင်ဘာ ၂၉

- ကချင်လူမျိုး ရိုးရာယဉ်ကျေးမှုဗဟိုလူငယ်ဌာနမှ ကြီးမှူးပြီး ကချင်လူငယ်များ၏ ရိုးရာယဉ်ကျေးမှုကဏ္ဍဆိုင်ရာ ဆွေးနွေးပွဲကို မနောင်ကွင်းတွင် ပြုလုပ်ခဲ့သည်။

**ဒီဇင်ဘာ ၃**

- ဒီဇင်ဘာ ၃ ရက်နေ့မှ စတင်ပြီး ၃ ရက်ကြာ မြစ်ကြီးနားမြို့သို့ ဗြိတိန်သံအမတ် Mr.Dan Chugg နှင့် အမေရိကန်သံအမတ် H.E Scot Marciel တို့ ရောက်ရှိလာခဲ့ကြပြီး ငြိမ်းချမ်းရေးအတွက် နှစ်ဖက်လက်နက်ကိုင် အဖွဲ့အစည်းများ အချင်းချင်း စကားများများ ပြောဆိုဆွေးနွေးသွားကြရန် တိုက်တွန်းပြောဆိုခဲ့သည်။

**ဒီဇင်ဘာ ၃**

- ပြည်ပနိုင်ငံများက မြန်မာ့တပ်မတော်အပေါ် နိုင်ငံရေးအရ ဝင်ရောက်စွက်ဖက်မှုများကို အလိုမတူသည့် စစ်မှုထမ်းဟောင်းများက တပ်မတော်ကို ထောက်ခံသည့် ဆန္ဒထုတ်ဖော်ပွဲတစ်ရပ်ကို မြစ်ကြီးနားမြို့တွင် ကျင်းပခဲ့သည်။

**ဒီဇင်ဘာ ၆**

- လယ်ယာမြေနှင့် အခြားမြေများ ပြန်လည်သိမ်းဆည်းခံရမှုများ ပြန်လည်စစ်ဆေးရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဒုတိယသမ္မတ(၂) ဦးဟင်နရီဗန်ထီးယူ ကချင်ပြည်နယ်သို့ ရောက်ရှိလာခဲ့ပြီး ပြည်နယ်အတွင်း၌ ကာကွယ်ရေးဝန်ကြီးဌာနမှ သိမ်းယူပြီး ပြန်လည်စွန့်လွှတ်သော မြေများကို မူလပိုင်ရှင်များထံ ပြန်လည်ပေးအပ်ခဲ့သည်။

**ဒီဇင်ဘာ ၇**

- တနိုင်းနှင့် ကာမိုင်းဒေသတို့တွင် တိုက်ပွဲများကြား ပိတ်မိပြည်သူများ လွတ်မြောက်လာရေးအတွက် ဆန္ဒပြသူများကို ဦးဆောင်ခဲ့သည့် ကိုဇော်ဂျတ်၊ ကိုလွမ်းဇောင်းနှင့် ဒေါ်နန်ပူတို့အား တပ်မတော် အသေရေဖျက်မှု ပုဒ်မ ၅၀၀ ဖြင့် စွဲဆိုထားသည့်အမှုကို မြစ်ကြီးနားမြို့နယ်တရားရုံးက အလုပ်မဲ့ ထောင်ဒဏ် ၆ လနှင့် ငွေဒဏ် ၅ သိန်းစီ ကျခံရန် အမိန့်ချမှတ်ခဲ့သည်။

**ဒီဇင်ဘာ ၁၁**

- ပိတ်မိပြည်သူများ လွတ်မြောက်ရေးအတွက် ဆန္ဒပြဦးဆောင်ခဲ့သူ ၃ ဦးအား မြို့နယ်တရားရုံးက ထောင်ဒဏ် ၆လနှင့် ငွေဒဏ် ၅သိန်း ချမှတ်ခဲ့ခြင်းအပေါ် ကျေနပ်မှုမရှိသည့်တွက် အမြန်ဆုံးလွှတ်ပေးရန် ထောင်နှင့်ချီသော မြစ်ကြီးနားမှ ပြည်သူလူထုများက ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

**ဒီဇင်ဘာ ၁၂**

- မိုးကောင်းမြို့တွင် အသက်၁၀ နှစ်အရွယ် မိန်းကလေးကို အဓမ္မပြုကျင့်ပြီး သတ်ဖြတ်ခဲ့သူ နှစ်ဦးကို မိုးညှင်းခရိုင်တရားရုံးက လူသတ်/မုဒိမ်းမှုဖြင့် သေဒဏ်အမိန့် ချမှတ်ခဲ့သည်။
- ပထမဆုံးအကြိမ် မြန်မာနိုင်ငံ လီဆူလူငယ်ညီလာခံကို မြစ်ကြီးနားမြို့၊ ပမ္မတီးရပ်ကွက်တွင် လီဆူစာပေနှင့် ယဉ်ကျေးမှုကွင်း၌ ဒီဇင်ဘာ ၁၂ ရက်မှ ၁၄ အထိ ၃ ရက်ကြာကျင်းပခဲ့သည်။

**ဒီဇင်ဘာ ၁၄**

- တရုတ်ပြည်နယ်စပ် ကန်ပိုင်တည်-ဆဒုံး-မြစ်ကြီးနားလမ်းပေါ်ရှိ ၁၇ မိုင် ယာဉ်ရပ်နားစခန်း အနီးမှ သံပေါင်ဘေလီတံတားကြီးမှာ ခံနိုင်ဝန်ထက်ပိုသော ကားကြီးများ ဖြတ်သန်းသွားလာမှုကြောင့် ခါးလယ်မှ ထက်ပိုင်း ကျိုးကျသွားခဲ့သည်။

**ဒီဇင်ဘာ ၁၅**

- MMA သိုင်းပေါင်းစုံ အားကစားနည်း ဝိတ်တန်းနှစ်ခု ကမ္ဘာ့ချန်ပီယံ အောင်လအင်န်ဆန်၏ ပုံတူကြေးရုပ်တုဖွင့်ပွဲကို မြစ်ကြီးနားမြို့ မနောင်ကွင်းတွင် ပြုလုပ်ခဲ့ရာ ထောင်နှင့်ချီသော ပြည်သူလူထုတို့ တက်ရောက်ခဲ့ကြသည်။

**ဒီဇင်ဘာ ၂၇**

- မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို မြစ်ကြီးနားမြို့ရှိ ပြည်နယ်မိုးလုံလေလုံ အားကစားခန်းမတွင် ဒီဇင်ဘာလ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ကျင်းပခဲ့သည်။

---

## ၂၀၁၈ ဇူလိုင်လတွင် ကျင်းပခဲ့သည့် ၂၁ ရာစုပင်လုံ တတိယအကြိမ်အစည်းအဝေးမှ ရလဒ်များ

တတိယအကြိမ် ညီလာခံ အစည်းအဝေးအား နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန ၂ တွင် ဇူလိုင် ၁၁ ရက်နေ့မှ ၁၆ ရက်နေ့ထိ ကျင်းပပြုလုပ်ခဲ့သည်။
- ပင်လုံညီလာခံသို့ အစုအဖွဲ့အားလုံးမှ ညီလာခံကိုယ်စားလှယ် ၇၀၀ ဦး၊ အထူးဖိတ်ကြား၍ တက်ရောက်သူ ၂၉ ဦး၊ လေ့လာသူ ၂၀၄ ဦး၊ အကျိုးဆောင် ၂၇ ဦးနှင့် အထောက်အကူပြု ၁၅၂ ဦး တက်ရောက်လာသူ စုစုပေါင်း ၁၁၁၂ ဦးတွင် အမျိုးသမီး ၂၂ ရာခိုင်နှုန်းခန့် တက်ရောက်ခဲ့ကြသည်။
- ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ရာစုပင်လုံ တတိယအကြိမ် အစည်းအဝေး နောက်ဆုံးပိတ်ပွဲ အခမ်းအနားတွင် ကဏ္ဍလေးခုမှ အချက်ပေါင်း ၁၄ ချက်ကိုပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း(၂)အဖြစ် လက်မှတ်ရေးထိုးခဲ့ကြသည်။
- ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)မှ တင်သွင်းလာသည့် ကဏ္ဍအလိုက် စုစည်းချက်များကို အစိုးရ၊ တပ်မတော်၊ လွှတ်တော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီ အစုအဖွဲ့များက အဆင့်ဆင့်ဆွေးနွေးကာ ရရှိလာသည့် အဆိုပြုချက်များကိုပြည်ထောင်စုသဘောတူစာချုပ်၏ အစိတ်အပိုင်း ၂ အဖြစ် သဘောတူညီမှုရရှိကာ လက်မှတ်ရေးထိုးနိုင်ခဲ့သည်။
- နိုင်ငံရေးကဏ္ဍတွင် ကျား/မဆိုင်ရာ တန်းတူညီမျှမှု ခေါင်းစဉ်မှ ၄ ချက်၊ စီးပွားရေးကဏ္ဍတွင် ၁ ချက်၊ လူမှုရေးကဏ္ဍတွင် ၇ ချက်၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင် ကဏ္ဍတွင် ၂ ချက် စုစုပေါင်း ၁၄ ချက်ကို ညီလာခံ နောက်ဆုံးနေ့တွင် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၂)အဖြစ် လက်မှတ်ရေးထိုးခဲ့ခြင်း ဖြစ်သည်။
- ယင်း သဘောတူညီချက် ၁၄ချက်ကို အစိုးရအစု အဖွဲ့မှ ဒေါက်တာတင်မျိုးဝင်း၊ လွှတ်တော်အစုအဖွဲ့မှ ဦးအောင်စိုး၊ တပ်မတော် အစုအဖွဲ့မှ ဗိုလ်ချုပ်စန်းမြင့်၊ တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့မှ ဒေါက်တာဆလိုင်းလျံမှုန်းဆာခေါင်းနှင့် နိုင်ငံရေးပါတီ အစုအဖွဲ့မှ ဦးသုဝေတို့က ပြည်ထောင်စုသဘောတူညီမှု စာချုပ်အစိတ်အပိုင်း ၂ တွင် ကိုယ်စားလှယ်အဖြစ်လက်မှတ်ရေးထိုးခဲ့သည်။
- ညီလာခံ နောက်ဆုံးနေ့တွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစုပင်လုံ တတိယအကြိမ် အစည်းအဝေး၏ သဘောထားထုတ်ပြန် ကြေညာချက် ထုတ်ပြန်ခဲ့သည်။
- အဆိုပါ ထုတ်ပြန်ချက်တွင် နောက်ထပ်ညီလာခံများကို ယခုနှစ် ၂၀၁၈ ခုနှစ်အတွင်းတွင် နောက်ထပ်တစ်ကြိမ် ကျင်းပနိုင်ရေးနှင့် ၂၀၁၉ ခုနှစ်တွင် ၂ကြိမ် ကျင်းပနိုင်ရေးတို့ ပါရှိသည်။ သို့သော် ၂၀၁၈ ခုနှစ်တွင် နောက်ထပ်တစ်ကြိမ် ကျင်းပပြုလုပ်နိုင်ခဲ့ခြင်း မရှိပေ။
- ဆက်လက်ကျင်းပမည့် ညီလာခံ တစ်ကြိမ်စီတိုင်းတွင် ဦးတည်သည့် အဆင့်ဆင့်သော အစည်းအဝေးများကို အောင်မြင်စွာကျင်းပပြီး ညီလာခံ ၃ ကြိမ်တွင် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စု၏ အခြေခံအုတ်မြစ်အဖြစ် ဒီမိုကရေစီနှင့် ဖက်ဒရယ်ဆိုင်ရာမူများကို ချမှတ်နိုင်ရေး စသည်တို့ကို ထုတ်ပြန်ကြေညာချက်တွင် ရေးသားဖော်ပြထားသည်။
- ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၂)အဖြစ် ၁၄ ချက်သာ ရရှိခဲ့သော်လည်း အခြေခံမှုများရရှိလာရန် အစုအဖွဲ့အလိုက် တင်သွင်းလာသည့်စာတမ်းများကို အခြေခံပြီး အကျေအလည် ဆွေးနွေးညှိနိုင်းမှုမှ ရရှိလာခြင်း ဖြစ်သည်။
- ၂၁ ရာစု ပင်လုံ ဒုတိယအစည်းအဝေးတွင် ကဏ္ဍလေးခုမှ အချက်ပေါင်း ၃၇ ချက်သဘောတူခဲ့ပြီး ယခုညီလာခံတွင် ၁၄ ချက်ကို သဘောတူနိုင်ခဲ့သည် ပြည်ထောင်စုသဘောတူစာချုပ်တွင် အချက်ပေါင်း ၅၁ ချက်ကို ထည့်သွင်း လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းလည်း ဖြစ်သည်။

# ၂၀၁၈ ခုနှစ်အတွင်း NLD အစိုးရအနေဖြင့် လုပ်ဆောင်ခဲ့မှုများအပေါ် ပြည်သူများ၏ အမြင်သဘောထားများ

မြစ်ကြီးနားသတင်းဂျာနယ်



### ကိုအဒမ် – ပူတာအို

ကျွန်တော် တစ်ယောက်ရဲ့အမြင်က ဒီအစိုးရရဲ့ လုပ်ဆောင်ချက်သည် အချို့နေရာတွေတော့ ကျေနပ်စရာ ရှိတယ်။ ဒီမှာ အရင်က ခြေလျင်နဲ့ တစ်နေကုန် သွားရတဲ့နေရာမှာ လမ်းပန်းဆက်သွယ်ရေးတွေ ကောင်းလာတယ်။ ခဏလေး ဆိုင်ကယ်နဲ့ သွားနိုင်တယ်။ မီးတွေ ရလာတယ်။ NGOs တွေနဲ့ အလုပ်လုပ်နေရာရော ဆက်ဆံရေးတွေတိုးတက်မှု အနည်းနဲ့အများ ရှိလာတယ်။ ဒါပေမဲ့ အစိုးရနဲ့လွှတ်တော်၊ ပြည်သူတွေ ဆက်ဆံမှုတွေက ဒီထက်ကောင်းလာဖို့ လိုအပ်မယ်လို့ မြင်ပါတယ်။



### ဒေါ်ကျွန်းမြ – အင်းတော်ကြီးဒေသ မိုင်းနောင်

ကျွန်မတို့မြန်မာနိုင်ငံဟာ တောင်သူလယ်သမားတွေနဲ့ အခြေကျတဲ့နိုင်ငံဖြစ်လို့ တောင်သူတွေအတွက် လုပ်ဆောင်ပေးမယ်ဆိုတဲ့ ကတိကဝတ်တွေကို NLD အစိုးရ မတက်ခင်က ပြောခဲ့တဲ့စကားတွေ ရှိပါတယ်။ အခြေခံလူတန်းစားတွေဖြစ်တဲ့ တောင်သူတွေကို လက်မှုလယ်ယာကနေ စက်မှုလယ်ယာကို ပြောင်းလဲလုပ်ဆောင်ပေးမယ် ဆိုပြီး ကတိကဝတ်တွေ အများကြီးပါ။ အစိုးရအနေနဲ့ ဖြစ်လာခဲ့ပြီးနောက်ပိုင်းမှာ တောင်သူတွေရဲ့အခက်အခဲတွေကို ဖြေရှင်းပေးမှုတွေမှာ အလွန်အားနည်းနေပါတယ်။ အင်းတော်ကြီးဒေသမှာဆိုရင် အတော်လေး ဆိုးဝါးနေပါတယ်။ သူတို့က လမ်းတွေကိုပဲ ဂရုစိုက်ကြတာ။ အခြေခံကျတဲ့တောင်သူတွေကို ပစ်ပယ်ထားသလိုပါပဲ။ ၂၀၁၂ လယ်ယာမြေ ဥပဒေထဲမှာဆို အငြင်းပွားတဲ့ လယ်ယာမြေကို လုပ်ပိုင်ခွင့်တွေ မပေးရပါဘူး။ အခုအခြေအနေကတော့ ပုံစံ(၇) ထုတ်ပေးလိုက်တဲ့ အဆင့်အထိ ဖြစ်ပျက်နေတာ တွေ့ရပါတယ်။ လက်ရှိ အစိုးရရဲ့ ၃နှစ်တာ ကာလအတွင်း လုပ်ဆောင်မှုတွေအပေါ် တောင်သူတွေ တော်တော်များများက ခံစားနေရဆဲဖြစ်လို့ အစိုးရအပေါ်ယုံကြည်မှုတွေ လျော့နေကြပါပြီ၊ ကျွန်မတို့ အင်းတော်ကြီးဒေသမှာတော့ ဥပမာပြောရရင် အုပ်ချုပ်ရေးမှူးတစ်ယောက်အနေနဲ့ လယ်ယာမြေမရှိဘဲနဲ့ အမျိုးအဆွေတွေလည်း ပုံစံ(၇)မရှိဘဲနဲ့ ငွေထုတ်ကြတဲ့ အဖြစ်အပျက်တွေလည်း ရှိနေတာ တွေ့ရပါတယ်။ ထွေ/အုပ်တို့၊ မြေစာရင်းတို့က တောင်သူတွေအပေါ် ဆောင်ရွက်မှုတွေ အတော်လေး အားနည်းနေတာ တွေ့ရပါတယ်။



### လမုန်လုဂျာ (စီတာပူစစ်ရှောင်စခန်း)

အားရကျေနပ်မှု မရှိဘူးလို့ ပြောရမှာပေ့ါ။ စစ်ရှောင်တွေကိုလည်း ကူညီမယ်။ ပြောင်းလဲမယ်လို့ ကြွေးကျော်ထားတာ ပေ့ါနော်။ သူပြောတဲ့အတိုင်းကို သိပ်မဖြစ်ဘူးလို့ အစ်မထင်တာ ပေ့ါနော်။ သူပြောတဲ့အတိုင်း မဖြစ်လာသလို ခံစားရတာပေ့ါ။ ဒီနိုင်ငံရေးက အရင်ကတည်းကနဲ့ခုက အတူတူပဲလို့ ခံစားရတယ်။ သူတို့ပါးစပ်က ပြောတဲ့အတိုင်း လက်တွေ့လုပ်နိုင်ရင်တော့ ပိုကောင်းမှာပဲလို့ ပြောချင်ပါတယ်။



### ဦးလဖိုင်ဆိုင်းနော် – ဗန်းမော်

ကျေနပ်အားရမှုတော့ မရှိဘူးလို့ ပြောရမယ်။ ဘာလို့ဆို ဒေါ်အောင်ဆန်းစုကြည် တက်လာတဲ့ အချိန်တုန်းက ပြောထားခဲ့တာတွေက တစ်ခုမှ မတည်သေးဘူးလို့ မြင်တယ်။ ပြည်သူတွေအတွက် ရပ်တည်ပြီးတော့ လုပ်မယ်ဆိုပြီးတော့ အခုဖြစ်ပျက်နေတဲ့ အရာ လောလောဆယ်ဆိုရင် အခု ဒေါ်နန်ပူတို့ ဖြစ်နေတဲ့ အမှုကိုပဲ ကြည့်လေ။ ပြည်သူဘက် ရပ်တည်တယ်ဆိုပေမယ့် အစိုးရကဘာမှ မလုပ်ပေးနိုင်ဘူး။ စစ်တပ်ဘက်က အဲ့ဒီလောက်လုပ်နေတာကို. . . ပြည်သူလူထုလည်း ဒီလောက် ပံ့ပိုးပေးနေတာတောင်မှ သူတို့ဘက်က 'အင်း၊ အဲ'တောင် မလုပ်ပေးတော့ သူတို့ လုပ်ဆောင်ချက်တွေက အလုပ်မဖြစ်ဘူးဆိုတာကို ပြောချင်တယ်။ မြေယာနဲ့ပတ်သက်ရင်လည်း ပိုဆိုးလာတယ်လို့ မြင်မိတယ်။ လယ်ယာဥပဒေနဲ့ ပတ်သက်ပြီး နည်းဥပဒေဆွဲတဲ့အချိန်မှာ ပြည်မကို ပိုပြီးဦးစားပေးတာ တွေ့ရတယ်။ ကျွန်တော်တို့ ဒီဒေသခံတွေကို သိပ်ဦးစားမပေးဘူးလို့ မြင်မိတယ်။ ပြောရမယ်ဆိုရင် အမဲပစ်လိုင်စင် လုပ်တာတွေ၊ မြေယာပိုင်ဆိုင်မှုတွေမှာပေ့ါ။ တောင်းဆိုချင်တာကတော့ အဓိက ကတော့ ပြည်သူလူထုဘက်ပိုပြီး ရပ်တည်ပေးချင်တယ်။ ပြီးတော့ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး အားလုံးပေ့ါ။ ပြောရမယ်ဆိုရင် ကချင်ပြည်နယ်မှာ ပြည်သူလူထုဘက် ရပ်တည်ပေးနေတဲ့ CSO Net Work ကို သူတို့ပိုပြီး ကျွန်တော်တို့ကို အလေးထားပိတ်ပင်တာတို့ မလုပ်သင့်ဘူးလို့ မြင်တယ်။ သူတို့ဘက်က ပိုပြီးတော့ ထောက်ပံ့ပေးရမယ်လို့ မြင်မိပါတယ်။



**ဒေါ်မရစ်လုရာ (တန်ဖရဲ)**

သိပ်ပြီးတော့ အားရကျေနပ်မှုမရှိဘူး။ ဘာကြောင့်လဲဆိုတော့ အစိုးရအနေနဲ့ တစ်ခုခုလုပ်မယ်၊ ဆုံးဖြတ်မယ်ဆိုရင် တစ်ခုခုက ချုပ်ကိုင်ထားသလို ကြောက်နေတယ်လို့ မြင်တယ်။ အစိုးရအနေနဲ့ တကယ်ဆုံးဖြတ်ပိုင်ခွင့် မရှိသလိုပဲ။ နိုင်ငံရေး၊ တရားစီရင်ရေး၊ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးတွေမှာ တစ်ယောက်ယောက်က အဟန့်အတားဖြစ်နေတယ်လို့ မြင်တယ်။ ကျန်တဲ့ ၂ နှစ်အတွင်းမှာ အစိုးရအနေနဲ့ ပြတ်ပြတ်သားသား ဆုံးဖြတ်ခိုင်းစေချင်တယ်။ အစိုးရအထက်မှာ ပြည်ထဲရေး မရှိစေရဘူး။ အစိုးရအောက်မှာ ရှိစေလိုပါတယ်။ ကတိကဝတ်တွေကို မဖျက်ပါစေနဲ့။ ဥပမာ- မြစ်ဆုံကို ထာဝရဖျက်သိမ်းပေးမယ်လို့ ပြောထားတာ အခုထိ အကောင်အထည် မဖော်ပေးနိုင်သေးဘူး။



**ဦးမင်းကျော်ဦး (မော်ဖောင်း )**

အားရကျေနပ်မှုဆိုတာက တချို့လမ်းတွေက လုပ်တယ်။ တချို့ကျတော့ စုတ်ပြတ်နေတာပဲ။ တကယ်တမ်း လူကြီးသွားတဲ့ လမ်းတွေလောက်ပဲ သူတို့က လုပ်ပေးတယ်။ ကျန်တဲ့ လမ်းတွေက စုတ်ပြတ်သပ်နေတာ။ လုပ်တော့လုပ်တယ်။ လူကြီးတွေ သွားမယ့်လမ်းတွေလောက်ပဲ လုပ်နေတာ။ လူကြီးတွေသွားမယ့် လမ်းကတော့ ရှယ်ပြင်ထားတာ။ တချို့ လမ်းကြားတွေ အများကြီး ပြင်ဖို့လိုသေးတယ်။ တိုးတက်ဖို့က အများကြီး လိုသေးတယ်။ လာမယ့်နှစ်မှာ ဖြစ်ခိုင်းစေချင်တဲ့ ဆန္ဒကတော့ လမ်းပဲအဓိကကျတော့။ ဒီလမ်းမကောင်းမှုကြောင့် ချိုင့်ခွက်ကို လွတ်အောင်ရှောင်ရင်း ဆိုင်ကယ်ယာဉ်တိုက်မှု ဖြစ်တယ်။



**ဦးတင်ထွန်း (လယ်ကုန်း)**

အားရကျေနပ်မှုက ဦးတို့ကတော့ လောလောဆယ် လမ်းတွေဘာတွေ ဖောက်တာကို သဘောကျတာ။ ကျန်တဲ့ လုပ်ဆောင်ချက်တွေလည်း သဘောကျပါတယ်။ ၂၀၂၀ ကျရင် NLD အစိုးရကို မဲပြန်ရခိုင်းစေချင်တယ်။

# ပေါင်းစည်းထားသော ကချင်ပါတီများနှင့် တရုတ်သံအမတ်တို့ သီးသန့်တွေ့ဆုံ

မြစ်ကြီးနား၊ ဇန်နဝါရီ ၁၀

ပူးပေါင်းထားသည့် ကချင်ပြည်နယ် နိုင်ငံရေးပါတီသုံးခုနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်တို့ ဒီဇင်ဘာလ နောက်ဆုံးအပတ်က တွေ့ဆုံခဲ့ကြကာ ငြိမ်းချမ်းရေးကိစ္စ၊ စစ်ဘေးရှောင်ကိစ္စများကို အဓိကထား ဆွေးနွေးခဲ့ကြသည်ဟု သိရသည်။

တွေ့ဆုံမှုကို ဒီဇင်ဘာ ၂၉ ရက်နေ့ နံနက်ပိုင်းက Palm Spring Resort Hotel တွင် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပြီး ကချင်နိုင်ငံရေးပါတီများဖြစ်သည့် ကချင်ပြည်နယ်ဒီမိုကရေစီပါတီ (KSDP)၊ ကချင်ဒီမိုကရက်တစ်ပါတီ (KDP)နှင့် စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ (မနော)တိုင်ပါတီ) တို့မှ ခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့ခြင်း ဖြစ်သည်။

ငြိမ်းချမ်းရေး၊ IDPs အရေးတို့အပြင် နန်ကျင်စက်မှုဇုန်ကိစ္စနှင့် မြစ်ဆုံရေကာတာကိစ္စရပ်များကိုပါ အပြန်အလှန် တင်ပြဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း ကချင်ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ ဦးအောင်ခမ်းက ပြောသည်။

"ငြိမ်းချမ်းရေး၊ စစ်ရှောင်အရေး၊ စက်မှုဇုန်ကိစ္စတွေ ဒါတွေပါပဲ။ အဓိကကတော့ သူတို့တင်ပြတာလည်း ဒါတွေပါပဲ။ ကျွန်တော်တို့ တင်ပြတာတွေလည်း ဒီ ငြိမ်းချမ်းရေး၊ IDPs ကိစ္စတွေပါပဲ။ မြစ်ဆုံ အရေးတွေ လည်း ပြောတယ်။ မြစ်ဆုံအရေးကိုတော့ ကျွန်တော်တို့ လူထုသဘောထားအတိုင်းပဲလို့ ပြောလိုက်ပါတယ်။ အဓိကကတော့ ငြိမ်းချမ်းရေးက အရေးကြီးတယ်။ ငြိမ်းချမ်းရေးရမှလည်း၊ စစ်တွေ မဖြစ်မှလည်း ကျွန်တော်တို့ တိုင်းသူပြည်သားတွေ အတွက်ကောင်းမယ်။ သူတို့ဘက်ကလည်း ငြိမ်းချမ်းရေးကို ကြိုးစားနေတယ် ဆိုတာတွေ ပြောဖြစ်ပါတယ်"ဟု ဦးအောင်ခမ်းက ပြောသည်။

ပေါင်းစည်းထားသည့်ပါတီမှ ဥက္ကဋ္ဌများနှင့်သာ သီးသန့်တွေ့ဆုံခဲ့ခြင်း ဖြစ်ပြီး မိတ်သစ်ဆွေသစ် ဖြစ်ရေးနှင့် ပူးပေါင်းပါတီများနှင့် ခိုင်မြဲသည့်ဆက်ဆံရေးမျိုး ရှိချင်သည့်အတွက် ယခုကဲ့သို့ တွေ့ဆုံခြင်းဖြစ်သည်ဟုလည်း ကချင်ပြည်နယ်ဒီမိုကရေစီပါတီ ဥက္ကဋ္ဌ ဒေါက်တာတူးဂျာက ပြန်လည်ပြောပြသည်။

ဦးစားပေးနံပါတ်တစ်အနေဖြင့် မြန်မာနိုင်ငံငြိမ်းချမ်းရေးအမြန်ရရှိရန် ၎င်းတို့အနေဖြင့် ကူညီဆောင်ရွက်ပေးသွားရေးနှင့် အပစ်ခတ်ရပ်စဲရေး သဘောတူစာချုပ် NCAလက်မှတ်ရေးထိုးထားခြင်းမရှိသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ NCA လမ်းကြောင်းပေါ်သို့ ရောက်ရှိလာပြီး ပင်လုံညီလာခံသို့ တက်ရောက်ပါဝင်လာနိုင်ရေးကို မျှော်လင့်ကြောင်းတို့ကို ဆွေးနွေးခဲ့ကြသည်ဟု ဒေါက်တာတူးဂျာက ပြောသည်။

ပြည်ထောင်စုလုံးဆိုင်ရာနှင့် ကချင်ပြည်နယ်ဆိုင်ရာများကို ခွဲခြားတင်ပြခဲ့သည့်အကြောင်းကို ဒေါက်တာတူးဂျာက ပြောကြားရာတွင် "ကချင်ပြည်နယ်နဲ့ ပတ်သက်တာလည်း ပြောပါတယ်။ ကချင်မှာ စစ်ရှောင်၊ စစ်ဘေးတွေလည်း တော်တော် များနေတယ်။ အရမ်းကို ဒုက္ခရောက်နေကြတယ်။ ဒါကြောင့်မို့ ကချင်ပြည်နယ် အေးချမ်းရေးကိုလည်း အားပေးကူညီဆောင်ရွက်ပေးပါဆိုပြီးတော့ တင်ပြတယ်။ အဲဒီအပေါ်မှာ အားပေးခဲ့ပါတယ်၊ အားပေးနေပါတယ်။ ဆက်လက်ပြီး အားပေးသွားမှာပါ။ ပြည်တွင်းငြိမ်းချမ်းရေးရရှိဖို့ သူတို့လည်း လိုလားတယ်၊ မြောက်ပိုင်းအဖွဲ့ကိုလည်း အားပေးတိုက်တွန်းနေပါတယ် ဆိုတာကို ပြောပါတယ်"ဟု ၎င်းက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ထို့အပြင် တက်ရောက်လာသည့် ပါတီခေါင်းဆောင်တစ်ဦးမှ တရုတ်နိုင်ငံမှ စီးပွားရေးသမားများ အနေဖြင့် ဒေသခံပြည်သူများ၏ ဆန္ဒမပါဘဲ တစ်သျှူးငှက်ပျောများ စိုက်ပျိုးနေသည့် ကိစ္စရပ်များကိုလည်း တင်ပြခဲ့ကြောင်း သိရသည်။

"တရုတ်ပြည်က လာတဲ့ ငွေရှင်ကြေးရှင်တွေ မှောင်ခိုသမားတွေ စိုးမိုးလာတယ်ပေါ့။ ဒေသခံပြည်သူရဲ့ ဆန္ဒမပါဘဲနဲ့ သူတို့က တစ်သျှူးငှက်ပျော စိုက်တာတို့ ဟိုဟာဒီဟာ လုပ်တာတွေ ရှိတယ်။ ဒါတွေဟာ ရေရှည်မှာ မကောင်းဘူး။ ဒါကြောင့် ဒါကိုကြည့်ပေးဖို့ ထိန်းပေးဖို့ ကန့်သတ်ပေးဖို့ ပြောတယ်။ ဒါတွေကိုလည်း သူတို့ လက်ခံပါတယ်။ နောက်တွေမှာလည်း ဒါမျိုးတွေ တွေ့ရင် သူတို့ကို ပြောပါ။ သံရုံးကို အကြောင်းကြားပါလို့ ပြောပါတယ်"ဟု ဒေါက်တာတူးဂျာက ထပ်မံပြောဆိုသည်။

ပေါင်းစည်းထားသည့် ကချင်နိုင်ငံရေးပါတီ သုံးခုမှာ ပါတီတစ်ခုတည်းဖြစ်ရေး အတွက် ကြိုးစားလျက်ရှိပြီး ပေါင်းစည်းထားသည့် ပါတီ၏အမည်ကိုကချင်ပြည်နယ်ပါတီဟု သတ်မှတ်ထားကာ တရားဝင်မှတ်ပုံတင် ရရှိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

Salai

မြစ်ကြီးနားသတင်းဂျာနယ်
( ဇန်နဝါရီ ၁၄ ၊ ၂၀၁၉ )

# မြေစာပင်တို့ ရန်းထချိန်

မွန်းမွန်းပန် ရေးသားသည်

တရုတ်ပြည် နယ်စပ်လိုင်ဇာမြို့နှင့် ဗန်းမော်မြို့များသို့ သွားရာလမ်းပေါ်ရှိ ဝိုင်းမော်မြို့နယ်၊ နန်ဆန်ယန်ကျေးရွာတွင် ယခင်က ထမင်းဆိုင်များ၊ စားသောက်ဆိုင်များနှင့် ခရီးသွားများ တစ်ထောက်နားရာ စည်ကားသိုက်မြိုက်လှသော ရွာလေးတစ်ခု ဖြစ်ခဲ့သည်။

၂၀၁၁ ခုနှစ်တွင်တော့ ထိုကျေးရွာနှင့် အလှမ်းမဝေးလွန်းလှသည့် မြို့သစ်ကျေးရွာအနီး ပြန်လည်ဖြစ်ပွားလာသည့် တိုက်ပွဲများက ရွာအနီး ကူးစက်လာသဖြင့် ရွာလုံးကျွတ်ထွက်ပြေးတိမ်းရှောင်လာခဲ့ကြရသည်။

၇ နှစ်ဆိုသည့် ကာလတစ်ခုပင် ကျော်လွန်ခဲ့လေပြီ။ ရွာလေးတွင် နေထိုင်သူကင်းမဲ့ပြီး သုသာန်တစပြင်ကြီးသဖွယ် တိတ်ဆိတ် ခြောက်သွေ့နေသည်။ လမ်းဘေးဝဲယာတွင် တည်ဆောက်ထားသော အိမ်ဝင်းများထဲ၌ ပေါင်းပင်၊ မြက်ပင်များ ကြီးစိုးကာ အိမ်များကိုပင် မမြင်ရတော့ပေ။



ဝိုင်းမော်မြို့နယ်၊ နမ်ဆန်ယန် ကျေးရွာကို ယခုလဆန်းပိုင်းက မြင်တွေ့ရပုံ



ယခု နှစ်ဆန်းပိုင်းတွင် ကြားလိုက်ရသည့် သတင်းက ထိုရွာမှ ထွက်ပြေးတိမ်းရှောင်လာကြသူများအနက် မိသားစု ၂၀ ခန့်သည် ထိုရွာသို့ အရဲစွန့်ပြီး ပြန်လည်နေထိုင်ရန်ဆုံးဖြတ်ပြီး ထွက်ခွာသွားကြသည်ဟု သိရသည်။

သူတို့ စွန့်ပစ်ထားခဲ့ရသည့် တညင်းခြံများ၊ လိမ္မော်ခြံများအတွက် ရတက်အေးဟန်မတူ။ ငှက်ပျောစိုက်ကိုလိုနီစီးပွားရေးသမားများက သူတို့ပိုင်ဆိုင်သည့် မြေယာများကို အချိန်မရွေး ငှက်ပျောခြံအဖြစ် ပြောင်းလဲလိုက်မည်ကို သူတို့တွေးပူနေကြသည်။ သက်ဆိုင်ရာများကလည်း 'ကိုယ့်ရပ်ကိုယ့်ရွာက တညင်းခြံလေး သွားကြည့်ချင်ပါတယ်' ဆိုလျှင် ခွင့်မပြုချင်ပေမယ့်ငှက်ပျောစိုက် တိုင်းတစ်ပါးသားများကိုတော့ ၃၂ ချောင်းသောသွားများပေါ်အောင် ပြုံးပြကြိုဆိုနေကြတာကို ဒေသခံများ တွေ့မြင်ခဲ့သည်ကိုး။

ထိုသို့ နေရပ်ပြန်သည့် အိမ်ခြေ ၁၇ ခုရှိပြီး ၎င်းတို့ ပြန်လည်နေထိုင်မှုကို တပ်မတော်နှင့် KIA လက်နက်ကိုင်တပ်ဖွဲ့များက ကြိုဆိုထောက်ခံကြပြီး တပ်မတော်က (ဝိုင်းမော်ဘက်မှ လာလျှင်) လမ်း၏ ညာဘက်အခြမ်းရှိ နေအိမ်များတွင် နေထိုင်ကြရန် ပြောဆိုပြီး ရွာသားများနေထိုင်မည့် အိမ်ခြံဝင်းများနှင့် ဘုရားကျောင်းဝင်း၊ ဘုန်းကြီးကျောင်းဝင်း၊ စာသင်ကျောင်းဝင်း နေရာများကို မိုင်းရှင်းလင်းရေးများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

သူတို့၏ ဘဝများကို သုညမှ ပြန်စရမည်မှန်း သိသော်လည်း ငြိမ်းချမ်းရေးရရှိရန် အစိုးရပိုင်းကိုချည်း အားကိုးမနေဘဲ ပြည်သူလူထုက ပူးပေါင်းလုပ်ဆောင်မှသာလျှင် ရရှိတော့မည် ဖြစ်သည့်အတွက် ကြောက်ရွံ့မှုမရှိဘဲ၊ ထွက်ပြေးမနေတော့ဘဲ ပြန်လည်နေထိုင်ခြင်းဖြစ်သည်ဟု ရွာသားများက ပြောသည်။

"ဘာမှ မရှိတော့ဘူးလေ။ အားလုံး အစကပြန်စရမယ်ဆိုတာ သိသိရက်နဲ့ ဖြစ်သလိုလာနေပြီး နေနေရင် နှစ်ဖက်လက်နက်ကိုင်တပ်ဖွဲ့ကနေ ဒေသခံရွာသားတွေရဲ့ မြေနေရာတွေကို ရှင်းလင်းပေးလာလိမ့်မယ်။ ပြီးတော့ နိုင်ငံတော်အစိုးရနဲ့ KIA ဘက်ကနေလည်း ကျွန်မတို့ပြည်သူတွေကို နားလည်ပြီး ကူညီထောက်ပံ့လာလိမ့်မယ်လို့လည်း မျှော်လင့်မိပါတယ်။ ပြည်သူတွေ လိုချင်တဲ့ ငြိမ်းချမ်းကိုပေးရင်တော့ နိုင်ငံတော်လည်း ငြိမ်းချမ်းလာမယ်လို့ထင်ပါတယ်"ဟု ပြောသည်။

ဒုက္ခသည်တို့အနေဖြင့် ရွာတွင် ပြန်လည်နေထိုင်သည်မှာ တစ်ပတ်ကျော်ပင် ကြာခဲ့ပြီ ဖြစ်သည်။ တစ်ပတ်အတွင်း အခက်အခဲများစွာ ကြုံတွေ့ရသော်လည်း အခိုက်အတန့်ခံစားရသည့် အခက်အခဲများကို ငြိမ်းချမ်းရေးမရမီ အဆင်ပြေသလိုရင်ဆိုင်နေထိုင်သွားမည်ဟုလည်း ရွာသားတစ်ဦးက ပြောသည်။

"ကျွန်တော့်ဆီမှာ ရှိတာလေးကို စားပြီး နေနေရတာပေါ့။ မိသားစုဝင်က ၂၀ ဦးလောက် ရှိတယ်။ ကျန်တဲ့ မိသားစုဝင်တွေကိုတော့ နောက်မှခေါ်မယ်။ တပ်မတော်က ရွာသားတွေနေမယ့် အိမ်တွေမှာ မိုင်းရှင်းလင်းရေးတွေလည်းလုပ်ပေးထားတယ်။ မိန်းမ ယူပြီးကတည်းက ဒီရွာမှာ လာနေတာနှစ် ၂၀ လောက်ရှိပြီ"ဟု ရွာသားတစ်ဦးက ပြောသည်။

ထွက်ပြေးနေကြသည့် ရွာသားများ ပြန်လည်နေထိုင်လာမှသာလျှင် တပ်မတော်က မြေမြှုပ်မိုင်းများ ရှင်းလင်းပေးသွားမည်ဟုလည်း ယုံကြည်ကြောင်းနှင့် နှစ်ဖက်သော လက်နက်ကိုင်အဖွဲ့များမှလည်း ပြည်သူလူထုကို ဥပေက္ခာပြုထားမည်မဟုတ်ဟုလည်း မျှော်လင့်မိကြောင်း ဆရာမခေါ်န်ရာက ပြောသည်။

"ငြိမ်းချမ်းရေးကိုလည်း ဒီပုံစံနဲ့ မဟုတ်ရင်တော့ လက်နက်ကိုင်ပြီး အချင်းချင်း တိုက်ပဲတိုက်နေကြတာမျိုး မဟုတ်ဘဲ ပြည်သူလူထုကနေပြီးတော့ ပါဝင်လုပ်ဆောင်မှရတော့မယ်လို့ မျှော်လင့်မိပါတယ်။ ဘယ်လက်နက်ကိုင်မဆို ပြည်သူလူထုကြောင့်သာ ရပ်တည်နေကြသူများဖြစ်တဲ့အတွက် ပြည်သူလူထုက အင်အားရှိမှ သူတို့လည်း အင်အားရှိလာ နိုင်မှာဖြစ်တယ်"ဟု ဆရာမခေါ်န်ရာက ပြောသည်။

ယင်းကျေးရွာသို့ ပြန်သွားသည်မှာ ၎င်းတို့အနေဖြင့် တစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်ကြောင့် မဟုတ်ဘဲ မိမိသဘောအရ ပြန်ကြခြင်းသာ ဖြစ်ကြောင်း၊ မြစ်ကြီးနားရှိစစ်ရှောင်စခန်းများတွင် သူများ ပေးတာယူ၊ ကျွေးတာစားပြီး ကျဉ်းကျဉ်းကျပ်ကျပ်နေရခြင်းကို ရေရှည် မနေနိုင်တော့သည့်အတွက် ပြန်ကြခြင်းဖြစ်သည်ဟုလည်း ဆိုသည်။

"သူများကျွေးတာစားပြီး နေတာ ကျေးဇူးတော့တင်ပါတယ်။ ဘယ်သူမဆို ကိုယ့်မိသားစုနဲ့ကိုယ်ဆိုတော့ အခက်အခဲကတော့ ရှိကြမှာပါ။ ကျွန်မတို့ကလည်း လာပေးတာကိုစားပြီး နေနေတာ အရမ်းပျော်နေတယ်လို့တော့ မထင်ပါနဲ့။ တချို့ကတော့ ပြောကြတယ်။ စစ်ရှောင်တွေ အရမ်းပျော်ကြတယ်။ လာလှူတာပဲစားပြီး ဘာမှမလုပ်ဘဲနဲ့ ပျော်နေကြတယ်ဆိုပြီးပြောကြတယ်။ ကျွန်မတို့ မပျော်ပါဘူး။ နိုင်ငံရေးအတွက်ကြောင့်သာ ကျွန်မတို့ နေရပ်စွန့်ပြီး ထွက်လာခဲ့ရတာပါ"ဟု ဆရာမခေါ်န်ရာက ဆက်လက်ပြောသည်။

အချို့က ၎င်းတို့၏ လယ်ယာမြေများအတွင်း တရုတ်က ငှက်ပျော ဝင်စိုက်မည်ကို စိုးရိမ်နေကြသည်။ နိုင်ငံတော်မှ ပြဋ္ဌာန်းလိုက်သည့် မြေယာဥပဒေကလည်း စစ်ဘေးရှောင် ဒုက္ခသည်များ၏ မြေယာများကို အကာအကွယ် ပေးမထားသည့်အတွက် မိမိမြေနေရာများ ဆုံးရှုံးသွားမည်ကို စိုးရိမ်နေကြခြင်း ဖြစ်သည်။

"အားလုံးကတော့ အိမ်ပြန်ချင်ကြတဲ့သူတွေချည်းပါပဲ။ ကိုယ့်ရွာကိုယ် ပြန်နိုင်ဖို့အတွက် ကိုယ်တိုင်လုပ်ရတော့မယ်။ ကိုယ့်ရွာကို ပြန်ချင်ပေမယ့် ကြောက်နေလို့ မပြန်ရဲကြပြန်ဘူး။ ကိုယ့်နေရာဖြစ်နေတာ ဖြစ်တဲ့အတွက် ကြောက်တယ်ဆိုပြီး ထွက်ပြေးရင် သူများဦးသွားနိုင်တယ်။ ဒါကြောင့် ကြောက်နေလို့ မဖြစ်တော့ဘူး။ ကိုယ့်မြေနေရာ ရရှိရေးအတွက် ကိုယ်တိုင်ပြန်လာပြီး နေထိုင်ရမယ်။ အခု ပြန်လာတဲ့ အိမ်ခြေ ၁၇ အိမ်သာမက အားလုံးပြန်လာကြဖို့ မျှော်လင့်ပါတယ်" ဟု ဆရာမခေါ်န်ရာက ဆက်လက်ပြောသည်။

ပိုင်ဆိုင်ထားသည့် မြေယာများ ဆုံးရှုံးမည့်အရေးတွေးပူ၍သာ ပြန်လာကြခြင်းဖြစ်သော်လည်း "ပြန်လည်ထူထောင်ရေးအတွက် ဘာတွေ ပံ့ပိုးကူညီပါမယ်" ဆိုသည့် အသံများ၊ "ခင်ဗျားတို့မြေတွေကို ကျွန်တော်တို့ကာကွယ်ပေးထားပါတယ်" ဆိုသည့် အသံများကို သက်ဆိုင်ရာ အစိုးရများထံမှ မကြားရသေးဟု ဆိုသည်။

"စစ်ရှောင်စခန်းမှာပဲ ကြောက်ပြီးနေနေမယ်ဆိုရင်တော့ သူများတွေ အားလုံး ယူသွားမှာစိုးရတယ်။ ကျွန်မမိသားစုကတော့ ၁၄ ဦး ရှိပါတယ်။ ဘယ်သူမဆို ပြန်ချင်တဲ့စိတ်သာ ရှိရင်တော့ ပြန်လာခဲ့ကြဖို့လည်းဖိတ်ခေါ်ပါတယ်။ ဒီက ၁၇ စု ကလည်း တစ်ခါတည်း အတူတူပြန်လာခဲ့ကြတာ မဟုတ်ပါဘူး။ တစ်မိသားစု ရောက်လိုက်၊ သုံးမိသားစုလောက် စုပြီးရောက်လာလိုက်နဲ့ စုမိကြတာဖြစ်ပါတယ်"ဟု ဆရာမခေါ်န်ရာက ပြောသည်။

မိမိကျေးရွာသို့ ပြန်လည်နေထိုင်ရင်း တစ်ချိန်ကအဖြစ်ဆိုးမျိုး ပြန်လည်ဖြစ်ပွားမည်ကို စိုးရိမ်နေသည်ထက် စစ်ရှောင်ဒုက္ခသည်များအားလုံး စုပေါင်းပြီး မိမိကျေးရွာဒေသသို့ ပြန်လည်နေထိုင်ကာ ငြိမ်းချမ်းသောပတ်ဝန်းကျင်ကို တစ်စတစ်စ ပြန်လည်ထူထောင်ရန် သူတို့ ဆန္ဒရှိနေကြသည်။ မိမိတို့ရွာတွင် ပြန်နေလျှင် ပစ်ခတ်တိုက်ခိုက်မှုများကို ထိုက်သင့်အားလျော်စွာ အဟန့်အတားဖြစ်စေမည်ဟု မျှော်လင့်ကြောင်း၊ ငြိမ်းချမ်းရေးကို အားလုံးက စည်းလုံးမှုရှိစွာ လုပ်ဆောင်လိုက်ခြင်းကသာလျှင် အားလုံးအတွက် စစ်မှန်တဲ့ ငြိမ်းချမ်းခြင်းကို ရရှိလာနိုင်မည်ဟုလည်း ယုံကြည့်ကြောင်း ဆက်လက်ပြောကြားခဲ့သည်။

"သူလည်း ကြောက်၊ ကိုယ်လည်းကြောက် ဆိုရင်တော့ မဖြစ်ဘူး။ ဘာပဲဖြစ်ဖြစ် မကြောက်ဘဲနဲ့ လုပ်ရတော့မယ်ဆိုပြီး လာနေတာဖြစ်ပါတယ်။ အခုက မခက်ခဲတဲ့သူ၊ ဒုက္ခမရောက်တဲ့သူဆိုလို့ တစ်ယောက်မှမရှိတော့ဘူး။ အားလုံးကမငြိမ်းချမ်းတော့ ကိုယ်စီ ဒုက္ခရောက်နေရတဲ့သူတွေချည်းပဲဖြစ်ပါတယ်"ဟု ဆရာမခေါ်န်ရာက ပြောသည်။

ယင်းကျေးရွာ အတွင်း ၁၅ နှစ်ကျော်ခန့်နေထိုင်ခဲ့သူ ဆရာမခေါ်န်ရာက ဘာသာတရား ကိုင်းရှိုင်းသော

စာ - ၁၄ သို့ »

# မြစ်ကြီးနားတွင် ကလေးစာပေပွဲတော် သုံးရက်ကြာ ကျင်းပမည်

မြစ်ကြီးနား၊ ဇန်နဝါရီ ၁၀

ပြည်နယ် ပြန်ကြားရေး ဌာန၊ ပညာရေးဌာနနှင့် ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်း၍ ပထမဆုံးအကြိမ် ပြည်နယ်အဆင့် ကလေးစာပေပွဲတော်ကို မြစ်ကြီးနား တက္ကသိုလ်ဝင်း အတွင်း ဇန်နဝါရီလ ၂၀ ရက်မှ ၂၂ ရက်အထိ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

ကလေးစာပေပွဲတော်တွင် အခြေခံပညာ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအရွယ် ကျောင်းသား/သူများကို အဓိကအားဖြင့် ရည်ရွယ်ကြောင်းနှင့် ကလေးများအတွက် အရွယ်အလိုက် ပြိုင်ပွဲများကိုလည်း စီစဉ်ထားကြောင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချို့နွယ်ဌေးဝင်းထံမှ သိရသည်။

အခြေခံပညာအဆင့် ကလေးများအတွက် ကျပန်းစကားပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ စကားရည်လုပြိုင်ပွဲ၊ ဖူဆယ်ဘောလုံး ပြိုင်ပွဲ၊ ထုပ်ဆီးတိုး၊ ပိုက်ကျော်ခြင်း အစရှိသော ပြိုင်ပွဲများကို ရက်အလိုက် ကျင်းပသွားရန် စီစဉ်ထားကြောင်းနှင့် ပြိုင်ပွဲအလိုက် အနိုင်ရရှိသူများကို ဆုများ ချီးမြှင့်ရန်လည်း စီစဉ်ထားကြောင်း ဒေါ်ချို့နွယ်ဌေးဝင်းက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"အစ်မတို့က မူလတန်း၊ အလယ်တန်းတွေအတွက် အဓိကစီစဉ်ထားပေးတယ်။ ကျပန်းဆိုရင် အလယ်တန်းအဆင့်၊ ပုံပြောပြိုင်ပွဲဆိုရင် မူလတန်းဆင့်၊ အလယ်တန်းဆင့်အဲ့ဒီလိုမျိုးပေါ့။ အထက်တန်းတွေကျတော့ ကျောင်းစာတွေများတော့ ပန်းချီပြိုင်ပွဲတစ်ခုပဲ ထည့်ထားပေးပါတယ်"ဟု ၎င်းက ပြောသည်။

တက္ကသိုလ် ပေါင်းစုံမှ ကျောင်းသား၊ ကျောင်းသူများကို ဖိတ်ကြားကာ စာပေစကားဝိုင်းများ အပြင်၊ အခြား လာရောက်သော ကလေးများအတွက်လည်း ပျော်ရွှင်စွာကစားနိုင်စေရန် မုန့်စားပြိုင်ပွဲ၊ ဂုန်နီအိတ်စွပ်ပြိုင်ပွဲ အစရှိသော အသင်းလိုက် ကစားပွဲများကိုလည်း ရက်အလိုက် ကျင်းပပေးရန် စီစဉ်ထားကြောင်းနှင့် ဖျော်ဖြေရေးအနေဖြင့် မျက်လှည့်၊ ရုပ်သေး၊ ခြင်းအလှခတ်များလည်း ပါဝင်မည်ဖြစ်ကြောင်း ဒေါ်ချို့နွယ်ဌေးဝင်းက ဆက်လက်ပြောသည်။

ထို့အပြင် စာပေဟောပြောပွဲ၊ စာပေအလုပ်ရုံဆွေးနွေးပွဲ၊ စာပေစကားဝိုင်း၊ တိုင်းရင်းသား ၁၁ မျိုး၏ ရိုးရာယဉ်ကျေးမှု ပြခန်း၊ ပညာရေးဆိုင်ရာပြခန်းနှင့် တက္ကသိုလ်ပေါင်းစုံ ပြခန်းများကိုလည်း စီစဉ်ထားကြောင်း သိရသည်။

ကလေးစာပေပွဲတော်ကို ကလေးများစာအုပ်စာပေ၌ နှစ်သက်မွေ့လျော်ကာ ရာသက်ပန် ပညာရှာမှီးလိုသူများ ဖြစ်လာစေရန်၊ ပွဲတော်၌ ပျော်ရွှင်စွာ ဆင်နွှဲရင်း စုပေါင်းအလုပ်များတွင် ဝိုင်းဝန်းပါဝင်တတ်သည့် အလေ့အထကောင်းများ ရရှိလာစေရန်နှင့် ပညာဗဟုသုတ သာမက လူရည်လူသွေးပါ ပြည့်ဝ၍ အနာဂတ်တွင် တိုင်းပြည်အတွက် ဦးဆောင်ဦးရွက်ပြုနိုင်သူများ ဖြစ်လာစေရန် ရည်ရွယ်၍ ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ကလေးစာပေပွဲတွင် ရန်ကုန်၊ မန္တလေးရှိ စာအုပ်ဆိုင်များ၊ စာဖတ်ရှိန်မြှင့်တင်ရေး စာအုပ်အရောင်းဆိုင်အဖွဲ့၊ မြစ်ကြီးနားနယ်ခံ စာအုပ်ဆိုင်များ၊ ကလေးစာပေ သီးသန့်ထုတ်လုပ်သောအဖွဲ့များ အစရှိသော စာအုပ်ဆိုင်ပေါင်း ၅၀ ကျော် လာရောက်ရောင်းချမည်ဖြစ်ကြောင်းလည်း သိရသည်။

Ann

## Movie View

▶ ယခုအပတ် ရော(မြစ်ကြီးနား)ရုပ်ရှင်ရုံတွင် ရုံတင်ပြသမည့် ဇာတ်ကားများ

၁၁ - ၁ - ၂၀၁၉ မှ ၁၇ - ၁ - ၂၀၁၉ အထိ
မြန်မာရုပ်ရှင်ကို ညနေ ၃ း ၃၀ နာရီ တွင် -
**သမီးကလေးရဲ့ရွာ**

နေ့လယ် ၁၂ း ၃၀ နှင့် ည ၆ း ၃၀ နာရီ ပွဲချိန်များတွင် -

**ဟောက်စား**







# ဝန်ပေါင်းချောင်းကို ကယ်တင်ဖို့ အမှိုက်သိမ်းယာဉ်များ လိုအပ်

ဇန်နဝါရီ ၁၀



ဝိုင်းမော်မြို့၊ ရွှေညောင်ပင်ကျေးရွာရှိ ဝန်ပေါင်းချောင်း တံတားဘေးတွင် ဈေးရောင်းသူများမှ အမှိုက်ပစ်ခြင်းကြောင့် ချောင်းရေပျက်စီးရသဖြင့် အမှိုက်များကို လာရောက်စွန့်ပစ်ခြင်း မပြုလုပ်ကြပါရန် ဒေသခံပြည်သူအချို့က တောင်းဆိုနေကြသည်။

ထိုသို့ အမှိုက်စွန့်ပစ်ခြင်းများမပြုလုပ်ရန် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှ "အမှိုက်မပစ်ရ - တွေ့ရှိပါက ဒဏ်ငွေ ၅၀၀၀ ကျပ်" ဟု တားမြစ်ဆိုင်းဘုတ်များ ထားရှိသော်လည်း လိုက်နာခြင်းမရှိဘဲ စွန့်ပစ်မြဲ ပြုလုပ်နေကြောင်း သိရသည်။

"ဈေးရောင်းတဲ့သူတွေကို အမှိုက်မပစ်ဖို့ ဘယ်လောက်ပြောပြော မရဘူး။ အရမ်းသန့်တဲ့ ချောင်းရေက အမှိုက်တွေကြောင့် ခြေထောက်တောင် သွားမစိမ်ရဲဘူး။ ညစ်ပတ်နေတာပဲ။ ကြက်သေ၊ ခွေးသေ၊ ဝက်သေတွေကိုလည်း ပစ်ကြတယ်"ဟု ဒေသခံဆရာဦးမောရှေက ပြောပါတယ်။

အဆိုပါ အမှိုက်များကို တစ်ခါတစ်ရံ မီးရှို့ဖျက်ဆီးရာ ရပ်ကွက်(၅)တစ်ခုလုံး အနံ့ဆိုးသည့် မီးခိုးများကြောင့် အသက်ရှူကျပ်ခြင်းများနှင့် ချောင်းဆိုးခြင်းများ ဖြစ်ရကြောင်းလည်း ဒေသခံ ဦးမြဝင်းက ပြောသည်။

ထို့ကြောင့် သက်ဆိုင်ရာအဖွဲ့အစည်း၊ ဌာနများမှ ကျေးရွာအတွင်းရှိ အမှိုက်များစွန့်ပစ်ရန် မြေနေရာသတ်မှတ်ခြင်း၊ အမှိုက်သိမ်းယာဉ်များဖြင့် အမှိုက်သိမ်းဆည်းခြင်းများ ပြုလုပ်ပေးကြရန် ဒေသခံအချို့က တောင်းဆိုကြနေသည်။

မွန်းမွန်းပန်





## အမည်ပြောင်းအသိပေးကြေညာခြင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ရှဒေါင် ကျေးရွာ၊ အမှတ် (၇၈)၊ ရပ်ကွက် (၁)တွင်နေထိုင်သော ဦးဇော်မိုင် နှင့် ဒေါ်ခေါန်နူးတို့၏ သမီး၊ အလယ်တန်းကျောင်း (ခွဲ) ရှဒေါင်၊ အဌမတန်း တွင် တက်ရောက်နေသော မ ဂျူးလီယား ကို မဂျာဆိုင်းမိုင် ဟု ပြောင်းလဲခေါ်ဆိုပေးရန် အသိပေးကြေညာအပ်ပါသည်။

မြစ်ကြီးနားသတင်းဂျာနယ်
www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal
( ဇန်နဝါရီ ၁၄ ၊ ၂၀၁၉ )

## ကချင်ပြည်နယ်တွင် ၂၀၁၈ခုနှစ်အတွင်း မှုခင်း အနှစ်ချုပ်

| စဉ် | အမှုအမည်များ | အမှုအရေအတွက် |
|---|---|---|
| ၁။ | အမှုကြီးပေါင်း | ၁၃၈ |
| ၂။ | အခြားအမှု | ၁၅၅၄ |
| ၃။ | ကြိုတင်ကာကွယ်မှု | ၄၄၆၉ |
| ၄။ | လူသတ်မှု | ၆၂ |
| ၅။ | လုယက်မှု | ၁၀ |
| ၆။ | မုဒိမ်းမှု | ၃၅ |
| ၇။ | မတရားသင်းမှု | ၂၁ |
| ၈။ | ဓားမြမှု | ၁ |
| ၉။ | ခိုးမှု | ၂၇၄ |
| ၁၀။ | နာကျင်မှု | ၅၇၅ |
| ၁၁။ | လက်နက်ပုန်းမှု | ၁၉၄ |
| ၁၂။ | လောင်းကစားမှု | ၈၄ |
| ၁၃။ | ကျင့်(၅၄)မှု | ၄၅၉ |
| ၁၄။ | ယစ်မျိုးမှု | ၉၉ |
| ၁၅။ | မူးယစ်မှု | ၂၃၄၁ |
| ၁၆။ | ရဲအက်မှု | ၄၃၇ |
| ၁၇။ | ခြေချုပ်မှု | ၈၀ |
| ၁၈။ | ဆင်ဆာမဲ့ဗီဒီယိုမှု | ၁ |
| ၁၉။ | မော်တော်ယာဉ်မှု | ၇၇၄ |
| ၂၀၁၈ ခုနှစ် မှုခင်းစုစုပေါင်း | | ၆၁၆၁ |

## ၂၀၁၈ခုနှစ်အတွင်း ဖားကန့်ရတနာမြေ၌ ကမ်းပါးပြို၊ မြေစာပြိုမှုများကြောင့်သေဆုံးခဲ့ရသည့်ရေမဆေးသမားများနှင့် ကုမ္ပဏီအလုပ်သမားများ စာရင်း

| စဉ် | ရက်စွဲ | သေဆုံးသူ လူဦးရေ | နေရာ |
|---|---|---|---|
| ၁ | ဇန်နဝါရီ ၄ | ၆ | မောင်မောင်းဘွမ် |
| ၂ | ဇန်နဝါရီ၆ | ၅ | ဝေခါမှော် |
| ၃ | ဇန်နဝါရီ ၁၀ | ၄ | ရတနာစမ်းရွှင်လုပ်ကွက် |
| ၄ | ဇန်နဝါရီ ၂၀ | ၉ | မြဉယျာဉ်နံ့ကန် |
| ၅ | ဇန်နဝါရီ ၃၀ | ၃ | နဂါးကိုးကောင်ကုမ္ပဏီ |
| ၆ | ဖေဖော်ဝါရီ၁ | ၄ | ချောင်းဆုံ၊ တစ်သုံးလုံးမြေစာပုံ |
| ၇ | မတ်၁၆ | ၄ | ကံခါမြေစာပုံ |
| ၈ | မေ၄ | ၂၀ | ကျောက်မျက်ရွှေပြည် ကုမ္ပဏီ |
| ၉ | မေ၂၁ | ၁ | ရတနာကြယ်ကုမ္ပဏီ |
| ၁၀ | ဇွန်၂၂ | ၁၂ | မိုးရာသွန်းမှု(မြေစာပုံဟောင်းပြို) |
| ၁၁ | ဇူလိုင်၁၄ | ၂၃ | မဟာအစပထမကုမ္ပဏီ |
| ၁၂ | ဇူလိုင်၂၄ | ၅၆ | ကျောက်စိမ်းနန်းတော်၊ မြစ်ဆုံဧရာကုမ္ပဏီ |
| ၁၃ | ဩဂုတ်၂၉ | ၃ | အောင်ဟိန်းမင်း ကုမ္ပဏီ |
| ၁၄ | စက်တင်ဘာ၂၄ | ၁ | သက်ကယ်ကုန်း ရပ်ကွက် |
| ၁၅ | စက်တင်ဘာ၂၅ | ၄ | သက်ကယ်ကုန်းရပ်ကွက် |
| ၁၆ | အောက်တိုဘာ၁၅ | ၁ | တစ်သုံးလုံးမြေစာပုံ |
| ၁၇ | အောက်တိုဘာ၂၂ | ၁ | နေမင်းကမ္ဘာကုမ္ပဏီ |
| ၁၈ | အောက်တိုဘာ၃၀ | ၂ | တစ်သုံးလုံး ကုမ္ပဏီ |
| ၁၉ | နိုဝင်ဘာ၁၀ | ၁ | ရတနာကြယ် ကုမ္ပဏီ |
| ၂၀ | နိုဝင်ဘာ၁၆ | ၁ | စိန်လုံတောင်ကြား |
| ၂၁ | ဒီဇင်ဘာ၁၉ | ၂ | နမ့်မှော်၊ ယူနတီမြေစာသယ်ကားကြိတ် |
| ၂၂ | ဒီဇင်ဘာ၆ | ၂ | ရတနာစမ်းရွှေကုမ္ပဏီလုပ်ကွက်ဟောင်း |

# တရုတ်အမျိုးသားနှစ်ဦးမှ ကျပ်သိန်းထောင်ချီ ရှိ မူးယစ်ဆေးဝါး ဖမ်းဆီးရမိ

ဝိုင်းမော်၊ ဇန်နဝါရီ ၁၁

ဝိုင်းမော်မြို့နယ် မဒိန်ကျေးရွာအနီး မဒိန်ကျေးရွာနှင့် လဘန်ကျေးရွာသွားတောလမ်းတွင် တရုတ်အမျိုးသားနှစ်ဦးထံမှ ကာလတန်ဖိုး ကျပ်သိန်းပေါင်းထောင်ချီရှိ မူးယစ်ဆေးဝါးများကို ဇန်နဝါရီလ ၉ ရက်နေ့လည်အချိန်တွင် ဖမ်းဆီးရရှိကြောင်း သိရသည်။

အဆိုပါနေ့တွင် မြစ်ကြီးနားမြို့ မူးယစ်တပ်ဖွဲ့စု ၂ မှ ရဲအုပ်စိုင်းစံဖေ ဦးစီးအဖွဲ့သည် သက်သေများနှင့်အတူ မဒိန်ကျေးရွာနှင့် လဘန်ကျေးရွာသွား တောလမ်းတွင် မူးယစ်ဆေးဝါးသတင်းအရ စောင့်ဆိုင်းနေစဉ် တောင်မှမြောက်ဘက်သို့ မောင်းနှင်းလာသည့် ၁၂၅ ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာ ၎င်းတို့နှစ်ဦး၏ ကျောပိုးအိတ်ထဲမှ ရောင်စုံဆပ်ပြာခွက်များအတွင်းမှ ပလပ်စတစ်အိတ် အကြည်ဖြင့် ထည့်ထားသော ကာလတန်ဖိုး ၉၆၈,၀၀၀ ရှိ ဘိန်းဖြူများနှင့်အတူ လက်ကိုင်ဖုန်းတစ်လုံးကို သိမ်းဆည်းရမိကြောင်း သိရသည်။

ထို့နောက် ၎င်းတို့နှစ်ဦးကို ဆက်လက်စစ်ဆေးမေးမြန်းရာ ၎င်းတို့နေထိုင်သည့် ဝိုင်းမော်မြို့နယ် ဝူယာန်ကျေးရွာရှိ နေအိမ်အတွင်း မူးယစ်ဆေးဝါးများ ကျန်ရှိနေကြောင်း သိရသဖြင့် သက်သေများနှင့်အတူ သွားရောက်ရှာဖွေခဲ့ရာ အိပ်ခန်းမျက်နှာကျက်ပေါ်တွင် ဝှက်ထားသော ရောင်စုံဆပ်ပြာခွက်အတွင်းမှ ကာလတန်ဖိုး ၂၆၇,၅၂၀,၀၀၀ ရှိ မူးယစ်ဆေးဝါးများကို ဖမ်းဆီးမိခဲ့ရသဖြင့် ဝိုင်းမော်မြို့နယ်ရဲစခန်း မူးယစ်(ပ) ၁၀/၂၀၁၉၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးဆိုင်ရာဥပဒေ ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့် စစ်ဆေးလျက်ရှိပြီး ကွင်းဆက် ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

Ah Je

» စာ - ၁၂ မှ

ခရစ်ယာန်ဘာသာဝင်တစ်ဦးဗီဗီ သူတို့၏ အနာဂတ်ကို ဘုရား၏ အလိုတော်အတိုင်း ဘုရားသခင်က လမ်းပြစောင့်ရှောက်မည်ကို ယုံကြည်သည်ဟု ဆိုသည်။

"အားလုံးရဲ့ငြိမ်းချမ်းရေးက ဘုရားသခင်လုပ်ဆောင်ပေးလိမ့်မယ်ဆိုတာကိုမျှော်လင့်ပါတယ်။ ရှေ့မှာ ဘာဖြစ်မယ်ဆိုတာမသိပေမယ့် ဘာမှဖြစ်မလာအောင် အားလုံးဝိုင်းဝန်းလုပ်ဆောင်ရမှာဖြစ်တယ်လို့ မြင်မိပါတယ်။ ကျွန်မတို့ ပြန်ချင်လို့သာ ပြန်လာခဲ့တာဖြစ်တယ်။ ပြန်ချင်တယ်ဆိုပြီး ကျွန်မတို့ရဲ့ လုပ်ဆောင်မှုမရှိရင် ဘုရားသခင်ကလည်း လုပ်ဆောင်ပေးမှာ မဟုတ်ဘူး။ ကျွန်မတို့ရဲ့ လုပ်ဆောင်မှုအပေါ်မှာမှ ဘုရားသခင်လည်း လုပ်ဆောင်ပေးမှာ ဖြစ်တယ်။ ဒါကြောင့် ကျွန်မတို့ စတင်လိုက်ခြင်းအားဖြင့် အားလုံး ငြိမ်းချမ်းရေးကို ဘုရားသခင်က လုပ်ဆောင်ပေးမယ်လို့ မျှော်လင့်မိပါတယ်"ဟု ပြောသည်။

လတ်တလော ကာလတွင် ဗန်းမော်-မြစ်ကြီးနားကားလမ်းဘေးရှိ ဇာမနီခြံတောများနှင့် နန်ဆန်ယန်ရွာလေး၌ မိသားစု ၂၀ ခန့် ပြန်လည်ရောက်ရှိနေပြီဖြစ်သည်။ နောင်တစ်ချိန် တရုတ်ပြည်နယ်စပ် လိုင်ဇာကားလမ်း ပြန်ဖွင့်ပါက တရုတ်ရန်နှင့် တသင်းသင်းနှင့် ထမင်းဆိုင်၊ ဟင်းဆိုင်များ၊ ဆိုင်ကြီးဆိုင်ကောင်းများဖြင့် ပြန်လည်စည်ကားသိုက်မြိုက်လာပါတော့မည်။

နန်ဆန်ယန်ရွာလေးတင်မကဘဲ အခြား စစ်ဘေးဒဏ်သင့်ကျေးရွာများလည်း ပြန်လည်စည်ကားလာပြီး ပိုင်ဆိုင်မှုများ နဂိုမူလအတိုင်း အမြန်ရရှိကြပါစေကြောင်း၊ တိုက်ပွဲကြားမှ မြေစာပင်လေးများ အမြန်ဆုံး ရှန်းထရှင်သန်နိုင်ကြပါစေကြောင်း မြစ်ကြီးနားသတင်းဂျာနယ်က ဆုတောင်းပေးလိုက်ပါသည်။

# မှန်ရှန်ရွာတွင် တစ်သျှူးငှက်ပျောခြံကြောင့် သောက်ရေအခက်အခဲဖြစ်နေဟုဆို

ဇန်နဝါရီ ၅

ဝိုင်းမော်မြို့နယ်၊ မန်ရှန်ကျေးရွာ အထက်ဘက်ခြမ်းရှိ ရွာသား ၃၀ ကျော်ခန့် သောက်သုံးရေ အခက်မခဲဖြစ်နေသည်မှာ သုံးနှစ်ခန့်ရှိပြီဖြစ်သည့်အတွက် သက်ဆိုင်ရာအစိုးရမှ အမြန်ဆုံးလာရောက် ပြုလုပ်ပေးစေချင်ကြောင်း ဒေသခံများက ပြောသည်။

အဆိုပါကျေးရွာ၏ အထက်ဘက်ခြမ်းသည် ယခင်က အင်ဖျတ်ခ ချောင်းရေကိုသာ သုံးခဲ့ကြသော်လည်း ၂၀၁၅ ခုနှစ်မှစပြီး ရွာထဲသို့ တရုတ်တစ်သျှူးငှက်ပျောစိုက်သည့် ချန်းရင်ခူးကုမ္ပဏီ ဝင်ရောက်လာသည့် နောက်ပိုင်းတွင် ချောင်းရေသန့်ရှင်းမှု မရှိတော့သည့်အတွက် ခက်ခဲနေရခြင်း ဖြစ်ကြောင်း သိရသည်။



“အဲဒီကုမ္ပဏီက အလုပ်သမားတွေအသုံးပြုပြီး စီးလာတဲ့ရေကိုပဲ ကျွန်မတို့ရွာသားတွေ သုံးရတော့တယ်။ သူတို့စိုက်ခင်းအတွက် ဆေးတွေ ဖျော်တာလည်း ဒီ ရေပဲ၊ ရေလောင်းတာလည်း ဒီ ရေပဲသုံးတော့ရေကအရင်တုန်းကလို မသန့်ရှင်းတော့ဘူး” ဟု အသက် ၆၀ ကျော်ရှိ ဒေါ်ပေါင်ထုံခေါန်က ပြောသည်။

ယခင်က ထိုကျေးရွာအတွက် အစိုးရမှ ရေတွင်းရေကန်များ ပြုလုပ်ပေးခဲ့ရာ ရွာလယ်ပိုင်းနှင့် ရွာအောက်ဘက်ပိုင်းတွင် ရေတွင်းများ တူးနိုင်ခဲ့သော်လည်း ရွာထက်ပိုင်းတွင် မြေမာခြင်းနှင့် အနက်ပေ ၄၀ ခန့် တူးသော်လည်း ရေမထွက်ခြင်းတို့ကြောင့် ချောင်းရေကိုယူပြီး ရေကန်ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါရေကန်ကို ရွာသားများအနေဖြင့် ၂ လခန့် အသုံးပြုခွင့် ရပြီးနောက် ကုမ္ပဏီ ဝင်လာသည့်အတွက် ရေကန်ဘက်ကို သွယ်ထားသော ရေပိုက်များမှာ ၎င်းတို့ကားကြီးများ သွားလာခြင်းကြောင့် ပျက်စီးသွားခဲ့ရသည့်အတွက် ရေကန်ရှိရာသို့ ရေ မရောက်ရှိတော့ကြောင်း ရွာသားများထံမှ သိရသည်။

ရေပိုက်များ ပြုပြင်ပေးရန်ရွာသားများက ကုမ္ပဏီမှ တာဝန်ရှိသူများကို ပြောကြားသော်လည်း ယနေ့တိုင် ဆောင်ရွက်ပေးခြင်း မရှိသည့်အတွက်ကြောင့် ရွာသားများက စိုက်ခင်းအတွင်းမှ စီးဆင်းလာသည့် ချောင်းရေကိုသာ သုံးစွဲနေရကြောင်း သိရသည်။

“ရေကတော့ ကောင်းမကောင်း မသိတော့ဘူး။ ဘာမှသုံးစရာမရှိတော့ ဒါပဲသုံးရတာပေါ့။ ဘုရားသခင်ကမသေခိုင်းလို့သာအသက်ရှင်နေရတာ။ ဒီချောင်းက ငှက်ပျောခြံထဲကနေ စီးလာတာဆိုတော့ အလုပ်သမားတွေ သုံးပြီးသာရေကို တစ်ဆင့်ပြန်သုံးရတာပေါ့” ဟု အသက် ၆၀ ကျော်ရှိ ဒေါ်ပေါင်ထုံခေါန်က ပြောသည်။

ယင်းချောင်းရေမှ ရေကိုသာ သုံးစွဲခဲ့ကြသည်မှာ လပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်ပြီး ကုမ္ပဏီဝင်လာကတည်းက ရေသန့်ရှင်းမှု မရှိတော့ကြောင်းနှင့် ယင်းငှက်ပျောခြံသည် လူနေအိမ်များနှင့် လမ်းတစ်ဘက်ခြမ်းတွင် ရှိနေသည့်အတွက် စိုက်ခင်းအတွင်း ဆေးဖြန်းသည့်အချိန်တွင် လေနှင့်ရေသည် ဆေးအနံ့များ ပါလာကြောင်း ဒေသခံလူငယ်တစ်ဦးက ပြောသည်။

“အရမ်းနံတယ်။ အနံ့ကတော့ လဲကျသွားမတတ်ကို ခံစားရတယ်။ ငွေရေးကြေးရေးမရှိတာထက် ရေမရှိရင် ပိုပြီး ဆင်းရဲသလို ခံစားရတယ်။ ဒီ ရေက ကျန်းမာရေးကို ထိခိုက်မယ်ဆိုတာ သိနေပေမယ့် မရှိတဲ့အဆုံး၊ မတတ်နိုင်တဲ့အဆုံးတော့ ဒီရေပဲ သုံးနေသောက်နေရတာပေါ့”ဟု ဒေါ်ပေါင်ထုံခေါန်က ပြောသည်။

အဆိုပါ ရေကန်ကို အစိုးရမှကျပ် ၁၈ သိန်း ကုန်ကျခံ ဆောင်ရွက်ပေးထားကြောင်း သိရပြီး ရေရရှိမည်ဟုဆိုကာ တစ်ရွာလုံး လုပ်အားပေးပြီး လုပ်ထားသည့်ရေကန် ဖြစ်သည့်အတွက်ကြောင့် သန့်ရှင်းသောသောက်သုံးရေ ပြန်လည်ရရှိရန်အတွက် အစိုးရမှ အမြန်ဆုံး လုပ်ဆောင်ပေးစေချင်ကြောင်း ဒေသခံများက ပြောသည်။

မွန်းမွန်းပန်

» စာ - ၈ မှ

ကလည်း စီးပွားရေးအရ လုပ်မှာပဲလေ။ မပျက်လောက်ပါဘူး။ မဟုတ်လောက်ပါဘူးလို့ ထင်ပါတယ်လို့ သူတို့အဲဒီလိုပဲ စဉ်းစားမှာလေ။ ဘုန်းဘုန်းပြောတာကို ဖြစ်နိုင်ချေ ရှိမရှိလည်း စဉ်းစားပါ။ ရဟန်းတော်တစ်ပါးအနေနဲ့ ငှက်ပျောတောရဲ့ ဒုက္ခတွေကို သာရေးနာရေးကအစ ဘုန်းကြီးတစ်ပါးအနေနဲ့ ကူညီပေးတာပဲ။ မလုပ်ချင်တာ လုပ်ချင်တာကတော့ သူတို့အပိုင်းပါပဲ။

**အရှင်ဘုရား မိန့်ကြားခဲ့တဲ့ အထက်က ကိစ္စတွေနဲ့ ပတ်သက်ပြီး ဘုန်းဘုန်းအနေနဲ့ ဖြည့်စွက် ပြောကြားပေးပါဦး ဘုရား။**

ဒါကြီးက တင်စားရမယ်ဆိုရင် ကင်ဆာသဘောမျိုးဖြစ်နေတာ။ ငြိမ်းချမ်းရေး၊ တိုက်ပွဲတွေ ဒီလိုဖြစ်နေတဲ့ အချိန်မှာ ကချင်ပြည်နယ်ကို ငှက်ပျောတပ်မကြီးတွေက လွှမ်းခြုံထားပြီ။ ဓာတ်ကင်တာနဲ့ မပျောက်ဘဲ သေဆုံးရမယ့် အခြေအနေကို ရောက်နေတယ်။ ပြောချင်တာက နိုင်ငံတကာစာချုပ် ဖျက်သိမ်းခွင့်တွေ ရှိတယ်။ ဒီတိုက်ရိုက် ဆိုးကျိုးတွေကို အားလုံးစဉ်းစားမယ်ဆိုရင် ဒီနိုင်ငံကို ကယ်တင်နိုင်လိမ့်မယ်။ အခုက လမ်းမမြင်ဘူး။မြန်မာပြည် ကျဆုံးခန်းပဲ။ ကချင်ပြည်နယ် ကျဆုံးခန်းပဲ။ အဲဒါကြောင့်မို့လို့ အရေးပေါ်ကွင်းဆင်းပါ။စာချုပ်ဖောက်ဖျက်ခွင့်တွေကရှိကိုရှိရမယ်။ ဥပမာ ငါးနှစ်အတွင်း စာချုပ်သိမ်းပေးပါ။ ပြည်သူတွေလည်း အကုန်လုံး ပါဝင်ရမယ်။ ငါးနှစ်အချိန်ရလို့ ဘုန်းဘုန်းတို့လုပ်လို့ရတာက မြန်မာပြည်မှာ စိုက်ပျိုးရေးကျောင်းဆင်းတဲ့ လူငယ်တွေ အများကြီးပဲ။ ဒီငှက်ပျောပင်စိုက်တာဘာခက်တာမှတ်လို့လဲ။ ငါးနှစ်အတွင်း ပညာသင်လို့ရတယ်။ ကိုယ့်အလုပ်သမားနဲ့ကိုယ်။ ကိုယ့်စီးပွားနဲ့ ကိုယ်။ ကိုယ်စိုက်ပျိုးရေးနည်းပညာနဲ့ကိုယ် ဖြစ်လာမယ်။ ဒါမှ ပြန်လည် ထူထောင်နိုင်လာမယ်။မဟုတ်ရင်မထူထောင်နိုင်တဲ့အပြင် သေဆုံးသွားမယ်။ နိုင်ငံတော်ကို၊ ကချင်ပြည်နယ်ကို ကယ်တင်ဖို့ တစ်သျှူးငှက်ပျောခင်းတွေ ရုတ်သိမ်းကြပါစို့လို့ တပ်မတော်၊ အစိုးရနဲ့ ပြည်သူတွေကို ပြောချင်ပါတယ်။

# နန့်ပေါင်ရွာသားများက ရွာဟောင်းတွင် ပြန်လည်နေထိုင်ခွင့်ရရန် ငါးကြိမ်မြောက် စာတင်

မြစ်ကြီးနား၊ ဇန်နဝါရီ ၇

ဝိုင်းမော်မြို့နယ်၊ နန့်ပေါင်ကျေးရွာဟောင်းမှ ရွာသား ၆၄ ဦးသည် ၎င်းတို့မြေတွင် ပြန်လည်နေထိုင်ခွင့်ပြုရန်နှင့် မြေယာများ ပြန်လည် ရရှိရေးအတွက် ဇန်နဝါရီလ ၃ ရက်နေ့က နိုင်ငံတော် ဒုတိယသမ္မတ ဟင်နရီဗန်ထီးယူထံ ထပ်မံ စာတင်ခဲ့ကြောင်း သိရသည်။

နန့်ပေါင်ရွာဟောင်းတွင် အိမ်ခြေ ၇၀ ခန့်ရှိကြောင်း သိရပြီး ယခင်ကရွာသားများက နှစ်ပေါင်း ၇၀ ကျော် နေထိုင်ခဲ့သည့်ရွာကို ကေအိုင်အေများနှင့် တပ်မတော်တို့၏ နိုင်ငံရေးမတည်ငြိမ်မှုများကြောင့် နယ်မြေစိုးမိုးရေးအရ ကျေးရွာနေပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်ရန်ဟုဆိုကာ မြန်မာ့တပ်မတော်အမှတ်(၂၄)ခြေလျင်တပ်ရင်းမှ တပ်ခွဲမှူးဗိုလ်ကြီးဘောမ်ယော်ဦးဆောင်၍ ရွှေညောင်ပင်ကျေးရွာသို့ ပြောင်းရွှေ့ခဲ့ကြောင်း ရွာသားများထံမှ သိရသည်။

“အဲဒါကို အခုက မူလတန်းကျောင်းမြေ၊ ဘုန်းကြီးကျောင်းမြေ၊ ဇရပ်မြေနဲ့ ရွာသူရွာသားတွေရဲ့အိမ်မြေတွေကို ကုမ္ပဏီတွေကို ရောင်းချဖို့လုပ်နေကြတယ်။ ဒါကြောင့် အဲဒါကို ရပ်တန့်ပေးဖို့နဲ့အဲဒီမြေတွေအားလုံး ပြန်ရရှိဖို့အတွက် သက်ဆိုင်ရာက အမြန်ဆုံးဖြေရှင်းပေးစေလိုပါတယ်”ဟု ကျေးရွာမြေဟောင်း ပြန်လည်ရရှိရေးအတွက် ဦးစီးဆောင်ရွက်နေသူ ဦးမောင်ငွေက ပြောသည်။

ရွာသားများအနေဖြင့် ထို ရွာဟောင်းမြေများကို ပြန်လည်ရယူလိုခြင်း အကြောင်းမှာ ရွှေညောင်ပင်ကျေးရွာသည် လူဦးရေများပြားလာခြင်း၊ အိမ်ဝင်းနေရာများ ခက်ခဲလာခြင်း စသည့် အခက်အခဲများကြောင့် ယခင် ဘိုးဘွားများနေထိုင်ခဲ့သည့် နန့်ပေါင်ရွာဟောင်းတွင် စနစ်တကျပြောင်းရွှေ့ နေထိုင်လိုခြင်းဖြစ်သည်ဟုလည်း ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးဘလှိုင်က ပြောသည်။

ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးထွန်းစိန်ကလည်း “ရွာထဲမှာ တစ်နှစ်တစ်နှစ် လူဦးရေက များလာ၊ နေစရာမြေနေရာတွေက မရှိ၊ ကလေးတွေက အိမ်ထောင်တွေပြုကုန်ကြတော့ သူတို့ကို မြေခွဲပေးဖို့က မရှိပြန်၊ ဝယ်မယ်ဆိုရင် ခြံဈေးကကြီး ဆိုတော့ အရင်က နေခဲ့တဲ့ ရွာဟောင်းမြေကိုပဲ ပြန်သတိရပြီး နေချင်တာပေါ့”ဟု ဦးထွန်းစိန်ကလည်း ဖြည့်စွက်ပြောကြားခဲ့သည်။

အဆိုပါ နန့်ပေါင်ရွာဟောင်းသည် ဝိုင်းမော်မြို့နယ် ရွှေညောင်ပင်ကျေးရွာမှ နှစ်မိုင်ခန့်အကွာတွင် တည်ရှိကာ မြစ်ကြီးနား-ဝိုင်းမော် - တာလောကြီး သွားလမ်းတွင် တည်ရှိပြီး ယင်းကျေးရွာ၏ အထက်ဘက်တွင် ခါးရှိရွာနှင့် အောက်ဘက်ပိုင်းတွင် ပေါ်ဆာရွာများ တည်ရှိကြောင်း သိရသည်။


ရွာဟောင်းတွင် ပြန်လည် နေထိုင်ခွင့်ရရန်အတွက် ဒေသခံများက ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်တွင်တစ်ကြိမ်၊ ၂၂ ရက်တွင် တစ်ကြိမ်၊ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတွင် တစ်ကြိမ်၊ ဇွန်လ ၇ ရက်တွင် တစ်ကြိမ် ၄ ကြိမ်တိုင်တိုင် စာတင်ပြခဲ့သော်လည်း ပြည်နယ်အစိုးရက အကြောင်းပြန်ကြားခြင်း မရှိသဖြင့် ယခုနှစ် ဇန်နဝါရီ ၃ ရက်က ထပ်မံ စာတင်ပြခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

ထို့အပြင် ရွှေညောင်ပင်ကျေးရွာသည် နန့်ပေါင်၊ ဂါးရှာ၊ ပန်းကုန်း၊ မဒါ၊ နှော်ကုန်း စသည့် ကျေးရွာများမှ စစ်ဘေးကြောင့် လာရောက်နေထိုင်သည့် စုပေါင်းရွာဖြစ်ကြောင်းလည်း သိရသည်။

မွန်းမွန်းပန်


မြစ်ကြီးနားသတင်းဂျာနယ်
( ဇန်နဝါရီ ၁၄ ၊ ၂၀၁၉ )

## ကချင်ပြည်နယ်အတွင်း ၂၀၁၈ ခုနှစ် ဆရာ/ဆရာမ အင်အားပြအခြေအနေ




| | အထက်တန်းကျောင်းအုပ် | အလယ်တန်းကျောင်းအုပ် | မူလတန်းကျောင်းအုပ် | အထက်တန်းပြ | အထက်တန်းပြကာယ | အလယ်တန်းပြ | အလယ်တန်းပြကာယ | အလယ်တန်းပြ၂ | မူလတန်းပြ |
|---|---|---|---|---|---|---|---|---|---|
| ခွဲဝေ | ၁၀၆ | ၁၂၈ | ၈၉၅ | ၂၀၃၈ | ၁၀၇ | ၃၇၀၁ | ၁၂၈ | ၁၈၁၈ | ၅၉၆၄ |
| ခန့်ထား | ၁၀၅ | ၉၈ | ၇၇၉ | ၁၇၅၇ | ၂၈ | ၃၃၇၅ | ၂၄ | ၁၅၅၆ | ၅၇၃၂ |
| လစ်လပ် | ၁ | ၃၀ | ၁၁၆ | ၂၈၁ | ၇၉ | ၃၂၆ | ၁၀၄ | ၂၆၂ | ၂၃၂ |

## ကချင်ပြည်နယ် နှစ်အလိုက် တက္ကသိုလ်ဝင်တန်း အောင်ချက်ရာခိုင်နှုန်း




| နှစ်စဉ် | ၂၀၁၁-၁၂ | ၂၀၁၂-၁၃ | ၂၀၁၃-၁၄ | ၂၀၁၄-၁၅ | ၂၀၁၅-၁၆ | ၂၀၁၆-၁၇ | ၂၀၁၇-၁၈ |
|---|---|---|---|---|---|---|---|
| စာရင်းရှိ | ၂၀၇၇၂ | ၂၂၇၃၀ | ၂၄၉၇၁ | ၂၇၄၀၀ | ၂၈၆၇၄ | ၃၂၈၄၇ | ၃၅၆၀၆ |
| ဖြေဆို | ၁၉၀၈၁ | ၂၀၈၄၅ | ၂၃၀၁၀ | ၂၅၇၈၇ | ၂၇၁၉၂ | ၃၀၆၃၇ | ၃၃၂၀၂ |
| အောင်မြင် | ၇၂၈၃ | ၉၁၂၉ | ၆၅၇၇ | ၈၁၃၈ | ၈၀၈၈ | ၉၂၀၇ | ၉၉၇၉ |
| အောင်ချက်ရာခိုင်နှုန်း | ၃၈. ၁၇ | ၄၃. ၇၉ | ၂၈. ၅၈ | ၃၁. ၅၆ | ၂၉. ၇၄ | ၃၀. ၀၅ | ၃၀. ၀၃ |

**KBC - (Kachin Baptist Convention)**

**ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်**

**တင်ဒါလျှောက်လွှာဖိတ်ခေါ်ခြင်း**

**အကြောင်းအရာ။ ။ လူနေဆောင်၊ အဖြီမီးဖိုစန်းအဆောင်အဆောက်အဦများဆောက်လုပ်ရန်၊**

**ဆောက်လုပ်မည့်နေရာ** - နမ့်မတီး(လမ်ဘရော့ယန်)၊ စစ်ရှောင်စခန်း (သစ်သားဆောင်)၊ လူနေဆောင်နှင့် မီးဖိုဆောင် တွဲလျက် (နမ့်မတီး၊ မိုးကောင်းမြို့နယ် အတွင်းရှိ)

| စဉ် | အဆောက်အဦအမျိုးအစား | အရေအတွက် | ယူနစ် | တည်နေရာ | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | လူနေဆောင်နှင့် မီးဖိုဆောင် တွဲလျက်ဆောင် | ၁၁၂ | ယူနစ် | နမ့်မတီး(လမ်ဘရော့ယန်) မိုးကောင်းမြို့နယ်အတွင်းရှိ | တင်ဒါလျှောက်လွှာနှင့်အတူပုံပါ အတိုင်းသစ်သားဖြင့်ပြုလုပ်ရန် |

အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါလိပ်စာသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ တင်ဒါလျှောက်လွှာများကို လာရောက်ထုတ်ယူနိုင်ပါသည်။

**တင်ဒါလျှောက်လွှာ ထုတ်ယူနိုင်သည့်နေ့ - ၁၄.၁.၂၀၁၉**
**တင်ဒါလျှောက်လွှာ ပိတ်သည့်နေ့ - ၂၃.၁.၂၀၁၉**

**ဆက်သွယ်ရန်** - **KBC** ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်၊ လူမှုဝန်ထမ်းခြင်းနှင့် ဖွံ့ဖြိုးရေးဌာန
**အမှတ်** - ၁၃၅ ၊ ရှမ်းစုတောင်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်။ ဖုန်း -၀၉-၄၇၀၂၄၇၄၀၊၀၉-၇၉၃၄၀၉၇၃၂၊ ၀၉-၄၅၄၃၂၃၂၁၈
ဦးပေါင်းဇယ် (အင်ဂျင်နီယာ - KBC-HDD)၊ ဖုန်း - ၀၉-၇၉၀၇၅၈၉၃၈
Email: kbchdd@gmail.com

## မြစ်ကြီးနားမြို့တွင် ပထမဦးဆုံးအကြိမ် Miss Golden Land Myanmar အလှမယ်တစ်ဦး ရွေးချယ်သွားမည်



မြစ်ကြီးနား၊ ဇန်နဝါရီလ ၉

Miss Golden Land Organization မှ ဦးဆောင်ကျင်းပသော Miss Golden Land Kachin State 2019 ပြိုင်ပွဲကြီးကို ပထမဦးဆုံးအကြိမ်အဖြစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် မြစ်ကြီးနားမြို့၊ မြို့တော်ခန်းမ၌ ပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို Miss Golden Land Kachin State Director အဲလစ်လွင် (Mister Supranational Myanmar 2018) နှင့် အိမ်ထောင်ရှင်အလှမယ် ခင်မာဌေး (Mrs Golbal Univrse Myanmar 2019)တို့မှ ပူးပေါင်းပြုလုပ်ခြင်းဖြစ်ပြီး ယင်းပြိုင်ပွဲတွင် ပွဲစဉ်တစ်လျှောက် အလှမယ်လေးများ၏ အဆင့်ဆင့်ယှဉ်ပြိုင်မှုအတွက် အဝတ်အစားများကိုလည်း ယင်း Organizationa မှ ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း သိရသည်။

၎င်းတွင် ပြည်နယ်ကိုယ်စားပြုအလှမယ်တစ်ဦး ရွေးချယ်သွားမည့်အပြင် First Runner Up, Second Runner Up နှင့် အခြား Title ဆုကြီးများကိုလည်း ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

ကချင်ပြည်နယ်အတွင်းရှိ အနုပညာ ဝါသနာပါသော လူငယ်များ ပိုမိုထွက်ပေါ်လာပြီး ပြည်နယ်ဂုဏ်ဆောင်နိုင်သောသူများ ဖြစ်လာစေရန် ရည်ရွယ်၍ ပြုလုပ်ရခြင်းဖြစ်ကြောင်း အိမ်ထောင်ရှင်အလှမယ်ခင်မာဌေးက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ဒီပွဲက ကချင်ပြည်နယ်မှာ ပထမဆုံးလာလုပ်တဲ့ ပွဲဖြစ်တယ်။ အဲ့ဒါကြောင့် ကချင်ပြည်နယ်အတွင်းမှာရှိတဲ့ Miss ကိုစိတ်ဝင်စားတဲ့သူအားလုံးကို လာပြီးဝင်ပြိုင်စေချင်တယ်။ ဘာလို့ဆို သူတို့လေးတွေအနေနဲ့ နောက်ပိုင်းလည်း ကိုယ်ဝါသနာပါတဲ့ မော်ဒယ်လ်တို့၊ အနုပညာလိုင်းဘက် ကူးချင်တယ်ဆိုရင်လည်း သူတို့အတွက် အခွင့်အရေးတစ်ခုဖြစ်တဲ့ အတွက် လာရောက်ယှဉ်ပြိုင်သင့်တယ်လို့ ထင်ပါတယ်"ဟု ဒေါ်ခင်မာဌေးက ပြောသည်။

ပါဝင်ယှဉ်ပြိုင်လိုသော ကချင်ပြည်နယ်တွင်းရှိ အလှမယ်လေးများကို Organization မှ စတင်ခေါ်ယူနေပြီဖြစ်ပြီး အလှမယ်များအနေဖြင့် အသက်၁၈နှစ်နှင့် ၃၀ နှစ်ကြားဖြစ်ရမည်၊ ပညာအရည်အချင်း အနိမ့်ဆုံး ၁၀ တန်းအောင်မြင်ပြီးသူ ဖြစ်ရမည်။ အရပ်အမြင့် ၅ ပေ ၃ လက်မအထက် ရှိရမည်။ အစရှိသော စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာနိုင်ရမည် ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ပြိုင်ပွဲတွင် လူဦးရေ ကန့်သတ်ထားခြင်း မရှိသောကြောင့် ကချင်ပြည်နယ်အတွင်းရှိ စိတ်ပါဝင်စားသူ မည်သူမဆို လျှောက်လွှာများကို Mrs Union of Kachin State Official Page တွင် လည်းကောင်း ဦးစိန်မြင့်ဇော်+ဒေါ်နီနီအောင် Gym Club ကာယဗလ အလေးမရုံ (တင်းနစ်ကွင်းအရှေ့) နှင့် ဖုန်းနံပါတ် ၀၉-၂၅၇၄၇၄၆၉၂၊ ၀၉-၆၉၄၇၇၄၆၉၂ တို့ကိုလည်း ဆက်သွယ်မေးမြန်း၍ ဇန်နဝါရီလ ၃၀ရက်နေ့ နောက်ဆုံးထားပြီး လာရောက်ထုတ်ယူ လျှောက်ထားနိုင်ကြောင်း သိရသည်။

၎င်းပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ ကိုယ်စားပြုရွေးချယ်ခံရသူ အလှမယ်သည် ရန်ကုန်မြို့တွင် ကျင်းပမည့် Grand Final ပွဲတွင် ဆက်လက်ယှဉ်ပြိုင်ရမည် ဖြစ်ပြီး ထပ်မံရွေးချယ်ခံရပါက နိုင်ငံကိုယ်စားပြုအနေဖြင့် ထပ်မံယှဉ်ပြိုင်ရမည့် အခွင့်အရေးကို ရရှိမည်ဖြစ်ကြောင်း သိရသည်။

Benadeth

# ဝါးနှင့်ကြိမ် အသုံးပြုပြီး အခြေခံလက်မှုထည် ပြုလုပ်နည်းသင်တန်း အခမဲ့ဖွင့်လှစ်မည်

မြစ်ကြီးနား၊ ဇန်နဝါရီ ၉

ကချင်ပြည်နယ် အသေးစားစက်မှုလက်မှုဦးစီးဌာနမှ ကြိမ်၊ ဝါးအခြေခံလက်မှုထည်သင်တန်းကို မြစ်ကြီးနားမြို့၊ ရန်ကြီးအောင်ရပ်ကွက်ရှိ အသေးစားစက်မှုလက်မှုဦးစီးဌာနတွင် ဖေဖော်ဝါရီလ ဒုတိယပတ်ခန့်မှ စတင်၍ အခမဲ့ဖွင့်လှစ် သင်ကြားပေးမည် ဖြစ်ကြောင်း သိရသည်။



ကြိမ်၊ ဝါး အခြေခံလက်မှုထည်သင်တန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ နေပြည်တော်၊ အသေးစားစက်မှုလက်မှု ဦးစီးဌာနရုံးချုပ်၏ ညွှန်ကြားချက်နှင့်အညီ ဖွင့်လှစ်သင်ကြားပေးခြင်း ဖြစ်သည်။

ယခု ဖွင့်လှစ်မည့် သင်တန်းတွင် ခြင်းတောင်း၊ ဖုန်းတင်ခုံ၊ စက္ကူဘူးအစရှိသော လူသုံးကုန်ပစ္စည်း အမျိုးမျိုး၊ ကြိမ်၊ ဝါးနှင့် ပတ်သက်သော ပစ္စည်းများကို သင်တန်းသားများ၏ တောင်းဆိုချက်ပေါ်မူတည်၍ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသား မျိုးနွယ်စုများ၏ မိရိုးဖလာဆင်းသက်လာသော ကြိမ်၊ ဝါး လက်မှုထည်ကို ဆက်လက်ထိန်းသိမ်းနိုင်ရန်၊ လက်မှုထည်များကို အရည်အသွေး ပိုမိုမြင့်တင်ကာ နိုင်ငံတကာဈေးကွက်အထိ တင်ပို့လာနိုင်ရန်၊ ကိုယ်ပိုင်လုပ်ငန်းထူထောင်ကာ မိသားစုဝင်ငွေ တိုးတက်လာစေရန်နှင့် သဘာဝသယံဇာတကို ချစ်မြတ်နိုး တန်ဖိုးထားတတ်လာစေရန် ရည်ရွယ်ကာ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း အသေးစားစက်မှုလက်မှုဦးစီးဌာန၊ ပြည်နယ်ဦးစီးဌာနမှူး၊ ဒုညွှန်ကြားရေးမှူး ဦးအောင်မောင်းက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"အခုနောက်ပိုင်း ရယ်ဒီမိတ် လူသုံးကုန်တွေ ဝင်လာတဲ့အခါ၊ ပလပ်စတစ်ခြင်းလိုဟာမျိုးတွေ ဝင်လာတဲ့အခါ ဒီ မိရိုးဖလာ ဆင်းသက်လာတဲ့ဟာကို ဆက်ထိန်းသိမ်းဖို့ဆိုတာ ခက်ခဲသွားတယ်။ အထူးသဖြင့်တော့ ကျွန်တော်တို့ ၂၀၁၅ ကနေ တစ်နှစ်တစ်ကြိမ်ဖွင့်တဲ့ သင်တန်းကို တက်တဲ့သူတွေအနေနဲ့ ဝါးရဲ့တန်ဖိုးတွေကို သိလာပြီး သဘာဝတောတောင်တွေကို တန်ဖိုးထား ထိန်းသိမ်းရမယ်ဆိုတဲ့အသိတွေ ပါလာဖို့ ရည်ရွယ်ပါတယ်"ဟု ဦးအောင်မောင်းက ပြောသည်။

ထို့အပြင် ယခုလက်ရှိ လုပ်ကိုင်နေတဲ့ ကြိမ်၊ ဝါး လက်မှုထည်လုပ်ငန်းရှင်များနှင့် ပူးပေါင်းကာ ၂၀ ရာစုတွင် အကောင်းမွန်ဆုံး နည်းလမ်းများဖြင့် လက်မှုထည်များ ဖန်တီးနိုင်ရန် နည်းပညာများ ပို့ချပေးရန် စီစဉ်ထားကြောင်းကိုလည်း ဦးအောင်မောင်းက ဆက်လက်ပြောသည်။

သင်တန်းကာလ ၁၅ရက်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ အယောက်နှစ်ဆယ် သတ်မှတ်ထားကာ ကချင်ပြည်နယ်အတွင်းရှိ စိတ်ဝင်စားသူ မည်သူမဆို လာရောက် လျှောက်ထားနိုင်ကြောင်း၊ သင်တန်းလျှောက်လွှာများကို ကချင်ပြည်နယ် အသေးစားစက်မှုလက်မှုဦးစီးဌာနရုံးတွင် လာရောက်ထုတ်ယူနိုင်ပြီဖြစ်ကြောင်းနှင့် ဖုန်း ၀၇၄-၂၅၂၄၁၀၀၊ ၀၇၄-၂၅၂၀၉၈၈သို့ အသေးစိတ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

လျှောက်ထားလိုသူများသည် ပညာအရည်အချင်း သတ်မှတ်ချက် မရှိသော်လည်း ကြိမ်၊ ဝါး လက်မှုထည် လုပ်ငန်းကို အသုံးပြုကာ အသက်မွေးဝမ်းကျောင်းပြုလိုသူများ၊ မိရိုးဖလာယဉ်ကျေးမှုကို ထိန်းသိမ်းလိုစိတ်ရှိသူများနှင့် သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုး တန်ဖိုးထားရန် ရည်ရွယ်ချက်ရှိသူများကိုသာ ဦးစားပေးခေါ်ယူမည် ဖြစ်ကြောင်းလည်း သိရသည်။

Ann

# ကိုယ်လက် မသန်စွမ်းလူနာများနှင့် အရိုးရောဂါလူနာများအားအခမဲ့ ခွဲစိတ်ကြည့်ရှုကုသပေးမည်

မြစ်ကြီးနား၊ ဇန်နဝါရီလ ၁၀

မြစ်ကြီးနားမြို့တွင် The Leprosy Mission Myanmar ၏ အစီအစဉ်ဖြင့် ကျွမ်းကျင်သော ခွဲစိတ်ဆရာဝန်ကြီးများမှ ကိုယ်တိုင်လာရောက်၍ ကိုယ်လက်မသန်စွမ်း လူနာများနှင့် အရိုးရောဂါလူနာများကို ခွဲစိတ်ကြည့်ရှုကုသပေးမည့် အစီအစဉ်ကို မြစ်ကြီးနားဆေးရုံကြီးတွင် ဇန်နဝါရီလ ၂၈ ရက်နေ့မှ ဖေဖော်ဝါရီလ ၁ ရက်နေ့အထိ အခမဲ့ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခွဲစိတ်ကုသမှုတွင် နယ်သာလန်နိုင်ငံမှ လက်ပိုင်းဆိုင်ရာ ခွဲစိတ်ဆရာဝန်ကြီး Dr. Willem J. Theuvenet, Dr. David Schiettecatte (Hand and Plastic surgeon)၊ နီပေါနိုင်ငံမှ အရိုးအကြောခွဲစိတ်ဆရာဝန်ကြီး Dr. Indra Napit တို့ ဦးဆောင်သော ခွဲစိတ်ဆရာဝန်ကြီး(၄)ဦး အပြင် ပြည်တွင်းရှိ ကျွမ်းကျင်သောခွဲစိတ်ဆရာဝန်ကြီးများနှင့် မြစ်ကြီးနားဆေးရုံကြီးမှ ဆရာဝန်ကြီးများပူးပေါင်း၍ ကုသပေးသွားမည် ဖြစ်ကြောင်း သိရသည်။

၎င်းတွင် ကိုယ်အင်္ဂါမသန်စွမ်းသူများ၊ ခြေလက်ကွေးကောက်နေသူများ၊ မီးလောင်/ အပူလောင်ခြင်းကြောင့် ခြေလက် ကွေးကောက်နေသူများနှင့် အရိုးအကြောအဆစ်ရောဂါ အမျိုးမျိုးအား အခမဲ့ကုသပေးသွားမည် ဖြစ်သည်။

ခက်ခဲ၍ အကူအညီလိုအပ်နေသော ပြည်သူလူထုများကို ကျွမ်းကျင်သော ဆရာဝန်ကြီးများမှ ကိုယ်တိုင်လာရောက်ပြီး ၎င်းတို့တတ်မြောက်သော ပညာရပ်များဖြင့် အခမဲ့လာရောက်ကုသပေးလိုခြင်းနှင့် မြန်မာနိုင်ငံအတွင်းရှိ ဆရာဝန်/ဆရာမများကိုလည်း ပညာရပ်များ မျှဝေလေ့ကျင့်သင်ကြားပေးလိုသော ရည်ရွယ်ချက်ဖြင့် ကျွမ်းကျင်ဆရာဝန်ကြီးများက လာရောက်ခြင်းဖြစ်ကြောင်း မြစ်ကြီးနားဆေးရုံကြီးမှ အရိုးအထူးကုဆရာဝန်ကြီး ဒေါက်တာကေနော်အောင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"အဓိကကတော့ ခြေလက်မသန်စွမ်းတဲ့ ကလေးတွေ၊ ပိုလီယိုတို့ ဘာတို့က အကြောတွေ တောင့်တင်းသွားရင် လမ်းလျှောက်လို့မရတော့ဘူး အကြောတွေကို ကုသပေးတယ်၊ မွေးရာပါလက်ကပ်တဲ့ရောဂါတွေ ရှိတယ်၊ အဲ့လိုမျိုး ရောဂါတွေကျတော့ တစ်ခါတလေ ကျွန်တော်တို့က ခွဲဖို့အတွေ့အကြုံမရှိဘူး၊ ကျွန်တော်တို့ဆီလာရင် ရန်ကုန်၊ မန္တလေးတို့ လက်ပိုင်းဆိုင်ရာ ခွဲစိတ်တဲ့နေရာ လွှတ်ရတယ်။ တချို့လူတွေက အဲ့ဒီကို မသွားနိုင်ဘူး၊ မသွားနိုင်တော့ အဲ့ဒါတွေကိုအဓိက ရည်ရွယ်ပြီး သူတို့ လာတဲ့အချိန်အတွင်းမှာ ကုသပေးသွားမယ်ပေါ့နော်"ဟု ဒေါက်တာကေနော်အောင်ကပြောသည်။

ဆရာဝန်ကြီးများမှ ဇန်နဝါရီလ(၂၈)ရက်နေ့မှ (၂၉)ရက်နေ့အထိ နံနက်(၉)နာရီမှ ညနေ(၄)နာရီထိ မြစ်ကြီးနား အထွေထွေရောဂါကုဆေးရုံကြီးအရိုးရောဂါကုသဆောင်တွင် နှစ်ရက်တာ လူနာများ ကြည့်ရှုကုသခြင်းကို ပြုလုပ်သွားမည်ဖြစ်ပြီး ဇန်နဝါရီလ (၃၀) ရက်နေ့မှ ဖေဖော်ဝါရီလ (၁) ရက်နေ့အထိ လူနာများအား ခွဲစိတ်ကုသခြင်းများကို ပြုလုပ်သွားမည် ဖြစ်ကြောင်းနှင့် လာရောက် ကုသလိုသော လူနာများအား ကန့်သတ်ထားခြင်းမရှိကြောင်း ဒေါက်တာကေနော်အောင်က ဆက်လက်ပြောသည်။


Wiesenhutter

"မြစ်ကြီးနား၊ ဝိုင်းမော်၊ မိုးကောင်းမြို့မှာရှိတဲ့ လူနာတွေကို အဓိက ရည်ရွယ်တာပေါ့။ အဝေးကနေ လာကုချင်ရင်တော့ ရတော့ရတယ်။ ဒါပေမဲ့ ကျွန်တော်တို့က နေဖို့၊ စားဖို့သောက်ဖို့ကျတော့ မစီစဉ်ပေးနိုင်ဘူးပေါ့နော် အဲ့လိုတော့ရှိတယ်။ လာကုလို့တော့ ရတာပေါ့။ လူဦးရေ ကန့်သတ်ထားတာတော့မရှိပါဘူး။ နောက် ပူတာအိုဘက်လည်း ဖေဖော်ဝါရီလ ၂ ရက်နေ့ကနေ ၅ ရက်နေ့ထိ လုပ်ဖို့ရှိတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

လာရောက် ကုသလိုသော လူနာများအနေဖြင့် ဖုန်းနံပါတ် ၀၉-၄၄၀၀၀၆၅၀၃၊ ၀၉-၄၃၁၈၈၂၃၉၊ ၀၉-၇၈၃၂၅၀၇၇၁၊ ၀၉-၇၉၀၇၁၉၅၇၁ တို့ကို ဆက်သွယ်၍ အသေးစိတ်အချက်အလက်များကို မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။

Benadeth

# မှန်ကန်သော သမိုင်းအမွေအနှစ် ကချင်ရုပ်ရှင်ဇာတ်ကားကြီးကို မကြာမီကြည့်ရှုနိုင်တော့မည်

မြစ်ကြီးနား၊ ဇန်နဝါရီလ ၉

ဒါရိုက်တာ လထော်ဇော်ဒိန်မှ ဦးဆောင်၍ ကချင်လူမျိုးတို့၏ နောက်ခံသမိုင်းကြောင်းကို အခြေခံကာ ပုံဖော်ရိုက်ကူးထားသည့် Tengman ai Labau HkringHtawng (မှန်ကန်သော သမိုင်းအမွေအနှစ်)အမည်ရှိကချင်ရုပ်ရှင်ဇာတ်ကားကြီးသည် မကြာမီအချိန်တွင် ရုံတင်ပြသနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ဇာတ်ညွှန်း- Jawn Shaw Yaw Ying ရေးထားသော အဆိုပါဇာတ်ကားကြီးသည် ရှေးခေတ် ကချင် ဘိုး၊ ဘေး၊ ဘီ၊ ဘင်တို့၏ ဓလေ့ထုံးတမ်း အစဉ်အလာ ကြီးကျယ်ခမ်းနားပုံ၊ နယ်ချဲ့တို့ မအုပ်ချုပ်မီ Jaiwa Dumsa တို့၏ ခေတ် အနေအထားနှင့် မိမိတို့ အမိကချင်မြေကို နယ်ချဲ့တို့ ကျူးကျော်ဝင်ရောက်လာပုံ အစရှိသော ဇာတ်အိမ်၊ ဇာတ်ကွက်များဖြင့် ကချင်နောက်ခံသမိုင်းကြောင်းကို အခြေခံ၍ ရိုက်ကူးထားကြောင်း သိရသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် ရှေးခေတ် ကချင်တိုင်းရင်းသားမျိုးနွယ်စုအားလုံး စည်းလုံးညီညွတ်ခြင်းဖြင့် နယ်ချဲ့တို့ကို တိုက်ထုတ်နိုင်ခဲ့ပုံ၊ ရှေးခေတ် ဘိုး၊ ဘေး၊ ဘီ၊ ဘင်တို့၏ သွေး၊ချွေးများ ပေးဆပ်ပြီး အသက်ရင်းကာ တည်ဆောက်ထားသော အမိမြေကြီးကို ယနေ့ခေတ်တွင် မဖျက်ဆီးစေရန် အသိပညာပေး ရိုက်ကူးထားကြောင်းနှင့် နယ်ချဲ့ဂျပန်တို့ကိုတိုက်ထုတ်နိုင်ခဲ့ပြီး(၁၉၄၅ Padang Manau)ကို Sinlum တောင်တွင် ပြုလုပ်ခဲ့သော သမိုင်းကြောင်းကိုပါ ထည့်သွင်း ရိုက်ကူးထားကြောင်း ဒါရိုက်တာ လထော်ဇော်ဒိန်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

“အရင်က တောင်ပေါ်ဒူဝါတွေပေါ်တော့ ဘယ်သူကဟိုတောင်ပိုင်တယ်၊ ဒီတောင်ပိုင်တယ်နဲ့ပေါ့နော် အချင်းချင်း မတည့်တဲ့အခါကျတော့ နယ်မြေလုတဲ့ အခန်းတွေပါမယ်။ ပြီးတော့ ကျွန်တော်တို့ တိုင်းပြည်က သယံဇာတ ချမ်းသာတော့ အိမ်နီးချင်းနိုင်ငံတွေက ကျူးကျော်လာတယ်. . .။ နယ်ချဲ့အင်္ဂလိပ်တွေနဲ့ နေနေတဲ့ချိန် ဂျပန်တွေက ဝင်ချလာပြန်ရော။ နောက်ဆုံးတော့ အင်္ဂလိပ်တွေရဲ့ အကူအညီနဲ့ ကချင်ရိန်းဂျားတို့ ကချင်မျိုးနွယ်စုအားလုံးက စည်းစည်းလုံးလုံးနဲ့ ဂျပန်တွေကို တိုက်ထုတ်နိုင်ခဲ့တဲ့ အကြောင်းတွေပေါ့။ ပြီးတော့ ဒီကားမှာက ကျွန်တော်တို့အနေနဲ့ စက်နဲ့မဟုတ်ဘဲနဲ့ လက်နဲ့ချုပ်တဲ့ အဝတ်အစားတွေကိုပဲ ဝတ်တယ်ပေါ့နော်။ လိုအပ်ချက်တွေတော့ အများကြီး ရှိဦးမယ်. . .။ အရင်တုန်းကပုံစံအတိုင်းတော့ အနီးစပ်ဆုံးဖြစ်အောင် အတတ်နိုင်ဆုံးကြိုးစား ရိုက်ကူးထားပါတယ်”ဟု ဒါရိုက်တာလထော်ဇော်ဒိန်က ပြောသည်။

၎င်းဇာတ်လမ်းကို ကချင်ပြည်နယ်ရှိ မိုင်ဂျာယန်မြို့၊ လွယ်ဂျယ်၊ ဆွမ်ပရာဘွမ်လမ်း၊ အင်ကျန်ခူးရွာ၊ ငွေထုကျေးရွာ အစရှိသော ဝေးလံသည့်နေရာများတွင် သွားရောက် ရိုက်ကူးရသောကြောင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုများ ရှိခဲ့ကြောင်း၊ ၎င်း ရုပ်ရှင်ဇာတ်ကားကြီး ဖြစ်မြောက်ရေးအတွက် အမိက ငွေအားဖြင့် ကူညီပေးထားသော Du kaba Lasang Awng ကိုလည်း ကျေးဇူးတင်ရှိကြောင်းနှင့် ယခုအချိန်တွင် ၎င်းရုပ်ရှင်ဇာတ်ကားကြီးကို ရိုက်ကူးပြီးစီး၍ ဆင်ဆာတင်ထားပြီ ဖြစ်သောကြောင့် မကြာမီတွင် ပြသနိုင်တော့မည်ကို မျှော်လင့်ကြောင်း လထော်ဇော်ဒိန်က ဆက်လက်ပြောသည်။

ယင်းတွင် ကချင်သရုပ်ဆောင်ကြီးများ ဖြစ်သော လထော်ဇော်ဒိန်၊ Z ခမ်းစိန်၊ လဖိုင်ခွန်းအောင်၊ လဂျား ဇော်ဒွဲခေါင်၊ မရန်ဘရန်ဂျာ၊ S ဘရန်ဂျာ၊ မော်ရိန်း ဆိုင်းမိုင်၊ အင်ခွမ်ခေါန်လုံ၊ အင်ခွမ်ထုရှန်၊ M ဂျာဆိုင်း အစရှိသော သရုပ်ဆောင်များသာမက ကချင်ရိုးရာနှင့် ယဉ်ကျေးမှုအနုပညာရှင်များလည်း ပါဝင် ရိုက်ကူးထားကြောင်းလည်း သိရသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားကြီးသည် ကျပ်သိန်း(၇၀၀) ဝန်းကျင် အကုန်အကျခံကာ ရိုက်ကူးထားခြင်း ဖြစ်ပြီး ဆင်ဆာ ကျလာသည်နှင့် ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးသာမက အခြားမြို့များတွင်လည်း ဆက်လက်ပြသသွားမည် ဖြစ်ကြောင်း သိရသည်။

Benadeth




## ၂၀၁၈ခုနှစ်အတွင်း အထူးချွန်ဆုံး၊ အကျော်ကြားဆုံးသော ကချင်ပြည်နယ်သား အနုပညာရှင်များ

အမျိုးသား တေးသံရှင် - ဝန ၊ Ah Ba Di, Ah Gyung
အမျိုးသမီး တေးသံရှင် - အမွန်း၊ Esabel ဂျာဘောက်၊ အောင်နီ
တေးရေး - Ah Ba Di, Ja Myat Mai
ဒါရိုက်တာ - Jz ဒေါင်လွှက်း၊ ချန်းဆောင်ယိန်း၊ Z ခမ်းစိန်
မင်းသမီး - ဂျာဆိုင်းအိန်၊ P ဂျာဆိုင်းဘူ၊ M ဂျာအောင်၊ NT ဆိုင်းနွယ်
မင်းသား - ဇော်ဒွဲခေါင်၊ S ဘရန်ဂျာ
မင်းသားကြီး - လထော်ဇော်ဒိန်
မင်းသမီးကြီး - Nhpan Ja Ra ၊ L ဂျာတောင်
ဇာတ်ပို့များ - Zinghang Kai Ling, Nhkum Kum Mai (wmaum), Jawn Shaw Yaw Ying
အလှမယ် - Sarah Fish, Angel Yi San
Model (Female)- အောန်ဆိုင်း၊ Mဆိုင်းလူ၊ Maria J နော၊ L ဘောက်နူး၊ အိန်ဂျယ်လ်လမုန်၊ လုလုအောင်
Model (Male) - ထွယ်ဆန်အောင်၊ မုန်အောင်၊ မရန်ဆိုင်းရတ်




AKZ GROUP
High Class
AIR-CON , AIR SUSPENSION
EXPRESS
မြစ်ကြီးနား ⇌ မိုးကောင်း ⇌ ဟိုပင် ⇌ မိုးညှင်း ⇌ ရန်ကုန် (တိုက်ရိုက်)

BRAND NEW
SCANIA ( 2+1 ) VIP
ရန်ကုန်မှ ညနေ (၅)နာရီ
မြစ်ကြီးနားမှ နေ့လည်(၁)နာရီ
နံနက်(၁၀)နာရီ ( 2+2)ကား ၊ နံနက်(၁၁)နာရီ VIP(1+1) ကားများအပြင်
အဲယားကွန်း၊ လေဘီး SCANIA MARCOPOLO ကားသစ်ကြီးများဖြင့် နေ့စဉ်ထပ်မံတိုးချဲ့ပြေးဆွဲနေပါပြီ။
မြစ်ကြီးနား - 0930242433, 09253186611,0949213323 ၊ ရန်ကုန် - 09420225777,09 420225888, 09793211170, 09793211180

# (၇၁) ကြိမ်မြောက် ကချင်ပြည်နယ်နေ့အထိမ်းအမှတ် ဂုဏ်ပြုမှတ်တမ်းလွှာ

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် ၆ ရက်အကြာ ဇန်နဝါရီ ၁၀ ရက်နေ့ကို ကချင်ပြည်နယ်နေ့ဟု သတ်မှတ်ခဲ့ပြီး ၁၉၄၈ ခုနှစ်တွင် ကျင်းပခဲ့သော ပထမအကြိမ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားသို့ ယင်းအချိန်က နိုင်ငံတော်သမ္မတ စဝ်ရွှေသိုက်ကိုယ်တိုင် ကချင်ဒေသခံတိုင်းရင်းသားများနှင့်အတူ ပါဝင်ဆင်နွှဲခဲ့ပါသည်။

ယခု ၂၀၁၉ ခုနှစ် ဇန်ဝါရီ ၁၀ ရက်နေ့တွင် ကျင်းပခဲ့သည့် (၇၁) နှစ်မြောက် ကချင်ပြည်နယ်နေ့သို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင် ပါဝင်ဆင်နွှဲပြီး ပြည်ထောင်စုတိုင်းရင်းသားများ ချစ်ကြည်ရင်းနှီးမှု ပေါင်းကူးတံတားကို တည်ဆောက်နိုင်ခဲ့ပါသည်။

ကချင်ပြည်နယ်နေ့သည် ကချင်တိုင်းရင်းသားတို့ အမွန်အမြတ် လေးစားတန်ဖိုးထားသည့် နေ့ထူးနေ့မြတ်ဖြစ်သည်နှင့်အညီ ကချင်တိုင်းရင်းသားတို့၏ ဉမကွဲ သိုက်မပျက် ပြည်ထောင်စုစိတ်ဓာတ်ကို ဖော်ညွှန်းသောနေ့ ဖြစ်ပါ၍ ၂၀၁၉ ဇန်နဝါရီ ၁၀ ရက်နေ့တွင် ကျရောက်ခဲ့သည့် ကချင်ပြည်နယ်နေ့ကို မြစ်ကြီးနားသတင်းဂျာနယ်မှ ဝမ်းမြောက်ဂုဏ်ယူစွာ မှတ်တမ်းတင်အပ်ပါသည်။

မြစ်ကြီးနားသတင်းဂျာနယ်



KEMBANGAN - MYITKYINA
Skin , Aesthetics & Medicle Centre

- ဝက်ခြံ၊ တင်းတိတ်၊ မှဲ့ခြောက်၊ အမာရွတ်အမျိုးမျိုး ကုသခြင်း
- နှင်းခူရောဂါ၊ ပွေးနာ(Psoriasis)၊မွေးကျွတ်နာ ကုသခြင်း
- အင်ပြင်၊ ရေယုံနာ၊ လက်သည်း/ခြေသည်းမှိုစွဲခြင်းကိုကုသခြင်း
- ဓါတ်မတည့်မှုကြောင့် အရေပြားယားယံခြင်းကိုကုသခြင်း
- အနာစက်များ ပေါက်ခြင်း၊ ပွေး၊ ဝဲ၊ ညှင်း၊ ယားနာ ကုသခြင်း
- အရေပြားရောဂါအမျိုးမျိုး ကုသခြင်း

အရေပြား ကုသမှုဆိုင်ရာ ကျန်းမာရေး ဝန်ဆောင်မှုများ

ခရုသင်း၊ သမင်ဖြူ ရောဂါကို နောက်ဆုံးပေါ် နိုင်ငံတကာ ကုထုံးသစ် (Cellular/ follicular grafting ) အရေပြားနှင့် ဆဲလ်အစားထိုး ကုသခြင်း



ခရုသင်း၊ သမင်ဖြူ အရေပြား ရောဂါများကို နောက်ဆုံးပေါ်ကုထုံး Excimer လေဆာဖြင့် ကုသခြင်း




အမှတ်-454 ၊ အခန်းအမှတ် 4-5 ၊ ယုဇနရပ်ကွက်၊ ပြည်ထောင်စုလမ်းမကြီး ၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်။ ဖုန်း - 09750113700 ,09892952519 ၊ Facebook : Kembangan Myitkyina

# ကျေးဇူးတော်ရှင် “ ဘဒ္ဒန္တသီလဝံသ ” ၏ မတ်တပ်ရပ် ကြေးရုပ်တုပုံတူ တည်ထားကိုးကွယ်



ဇန်နဝါရီ ၉

အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဘိဓဇမဟာရဋ္ဌဂုရု ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ နိုင်ငံတော်သြဝါဒစရိယ၊ ကျေးဇူးတော်ရှင်“ ဘဒ္ဒန္တသီလဝံသ” ၏ မတ်တပ်ရပ် ကြေးရုပ်တုပုံတူကို ဝိုင်းမော်မြို့နယ်၊ မိုင်းနားကျေးရွာရှိ ရွှေမိုးတောင်(ခ) မုတ်ခိုးတောင်ဘုရား ဆုတောင်းပြည့်ရင်ပြင်တော်တွင် ဇန်နဝါရီလ (၈)ရက်နေ့က တည်ထားကိုးကွယ်ခဲ့သည်။

ဆရာတော်ဘုရားရုပ်တုကြီးကို အလှူရှင်ဦးမြင့်အောင် + ဒေါ်နန်းအေးရွှေ(သား)စိုင်းကောင်းခန့်ကျော်တို့မှ လှူဒါန်းပေးခဲ့ခြင်း ဖြစ်ပြီး မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်တေဇာကျော်ကိုယ်တိုင် ရေစက်ချလှူဒါန်းပေးခဲ့သည်။

“ဒီကြေးရုပ်တုကြီး ဖြစ်မြောက်ဖို့အတွက် တစ်နှစ်ကျော်လောက် အချိန်ယူခဲ့ရတယ်။ ထားမယ့်နေရာက အစပေါ့။ ကာလတန်ကြေးသိန်း တစ်ရာ့ငါးဆယ်လောက် ပေးရတယ်”ဟု ဝါရှောင်ဆရာတော် အရှင်ဝိဇယမှ မိန့်ကြားသည်။

ဆရာတော်ဘုရားကြီးသည် ၂၀၁၇ ခုနှစ် ဇွန်လ ၁၈ ရက်နေ့၌ မြစ်ကြီးနားမြို့၊ ဝန်းသိုကျောင်းတိုက်တွင် ပျံလွန်တော်မူခဲ့ပြီး ၁၂၅ ရက်ကြာ အပူဇော်ခံထားရှိခဲ့ကာ သက်တော် ၉၂ နှစ်ပြည့် ကျရောက်သည့် အချိန်တွင် မီးရှို့သင်္ဂြိုဟ်ခဲ့သည်။

စည်သူ(မြစ်ကြီးနား)

# ၂၀၁၈ခုနှစ်အတွင်း ကချင်ပြည်နယ်မှ ထွက်ရှိသော Mister , Miss & Mrs များ

Miss International Teen of the year 2018 Winner - လဒွမ်လွမ်းနော
Miss Tourism World Intercontinental 2019 – ဆီလီမီး
Miss Glam World Myanmar2019 Winner - Jumhpawk Zami Naw
Miss Universe Myitkyina 2019 - လင်းထက်ထက်ကျော်
Miss Universe Phakant 2018 - ထုဆိုင်း
Miss Tourism& Culture Universe Myitkyina 2019- မျိုးသီရိကို
Miss Tourism& Culture Universe Bamaw 2019- Hnin Thet Thet Wai
Miss Tourism Asia 2019 Myitkyina Winner - မေစုမြတ်မွန်
Miss Tourism Asia 2019 Bamaw Winner - နှင်းထက်ထက်မိုး
Miss Tourism Asia 2019 Mohnyin Winner – Kway Kway
Mister Asian International Myanmar 2019 - ဒွဲဂျာအောင်
Master Supranational Myanmar 2018 - Ellis Lwin
Mister Universe Myanmar 2019 Winner - အောင်လင်းထက်
Mister Universe Myitkyina 2019– L ဇော်မျိုးလီ
Mister Universe Mohnyin 2019- ဒွဲဂျာအောင်
Mister Universe Phakant 2019 – အောင်လင်းထက်
Mister Universe Bhamo 2019- စျာန်လင်းလျှန်
Mister Tourism & Culture Universe Myitkyina 2019 - မရန်ဆိုင်းရတ်
Mister Tourism & Culture Universe Bhamo 2019 - အောင်မျိုး
Mrs Global Eco Tourism International 2018 Winner - ရွှယ်နူး
Mrs Union of Upper Myanmar 2018 – သန္တာအောင်
Mrs Global Universe Myanmar2018/2019 - ခင်မာဌေး
Mrs World Wide Myanmar 2018– ထူးကေခိုင်
Mrs Tourism Myanmar2018- နုနုဝင်း

Mrs World Noble Queen Myanmar 2018 - ချယ်ရီနန်း
Mrs Myanmar Asia Pacific All Nation 2019- မေသဲစုမွန်
Mrs Myanmar Asia Pacific Cosmopolitan 2019 - ယဉ်ယဉ်သိန်း
Mrs Myanmar Asia Pacific Global 2019 - လတ်လတ်အောင်
Mrs Asia Pacific Intercontinental Myanmar 2019- Rose Mryar
Mrs Myanmar Asia Pacific Tourism 2019 – Zon Nyein Nway
Mrs Asia Pacific Myanmar Winner 2019 – ဘောမ်ဝင်း
Mrs Asia Pacific Upper Myanmar Winner 2019 - အိအိမျိုး
Mrs Asia Pacific Phakant Winner 2019 – မေဇင်လှိုင်
Mrs Summer International Myitkyina 2018/ 2019 - ထွယ်ဘူ
Mrs Summer International Mohnyin 2018/ 2019 - Ju Jue
Mrs Summer International Phakant 2018/ 2019 – ထုမိုင်
Mrs Summer International Putao 2018/1019 – ဂျာအောင်လု
Mrs Summer International Bhamo 2018/ 2019 – ပန်းချယ်ရီညို
Mrs Eco Tourism Universe Myitkyina 2019 – မေရီဆိုင်းနူး
Mrs Eco Tourism Universe Bhamo 2019 – ခါးပန်
Mrs Eco Tourism Universe Mohnyin 2019 - ဂျာဆိုင်းအောင်
Mrs Eco Tourism Universe Tanain 2019 – မိုင်းမိုင်အိန်ဂျယ်
Mrs Eco Tourism Universe Phakant 2019 – ဆူဇီမရစ်
Mrs Eco Tourism Universe Winemaw 2019 - မိုမိုကို
Mrs Eco Tourism Universe Putao 2019 - တိတိ
Mrs Eco Tourism Universe Eintaw 2019 - နူးနူးစောမ်
Miss Trans Beauty Queen Queen of Kachin State Winner 2018 - ဆိုင်းအိန်ဂျယ်